www.burmeseclassic.com

# မင်းမြတ်သူရ

## ဆားပုလင်းမင်းအောင်နှင့် ဒေါင်းကေရီ



www.burmeseclassic.com

www.burmeseclassic.com

# မင်းဖြူတက်သူရ

# သားမှလေဝီးမီးအောင်

# နှင့်

# ဒေါ်ဝီးဇောရီ

ဖြန့်ချိရေး

ရန်မျိုးအောင်စာပေ

အမှတ် ၂၂၊ ရွှေစိန္တာလမ်း

ကျောက်မြောင်း၊ တာမွေ။

ဖုန်း - ၀၉ - ၇၃၀၈၂၃၁၂

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | (၅၀၀) ကျပ် |
| ထုတ်ဝေသူ | - | ဦးသက်လွင်(သစ္စာမွန်စာပေ)(၀၀၇၇၃) အမှတ်(၃၀)၊ မလွှကုန်းလမ်း ကျောက်မြောင်း၊ တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | - | ဦးသက်လွင်(၀၀၆၅၁) သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊ တာမွေလမ်း၊ တာမွေကြီး(တ+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာ | - | ဝင်းအိမ် |
| ဖြန့်ချိရေး | - | ရန်မျိုးအောင်စာပေ |
| အတွင်းဖလင် | - | ကိုအောင်ကျော် |
| စာအုပ်ချုပ် | - | သစ္စာမွန် |

၈၉၅.၈၃

မင်းမြတ်သူရ

ဆားပုလင်းမင်းအောင်နှင့်ဒေါင်းစကာရီ/မင်းမြတ်သူရ။-ရန်ကုန်

သစ္စာမွန်စာပေ၊ ၂၀၀၆။

၂၃၈-စာ၊ ၁၂×၁၈စင်တီ။

(၁) ဆားပုလင်းမင်းအောင်နှင့်ဒေါင်းစကာရီ




တစ်နေ့သ၌ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးကြီးသည် အင်းစိန် ဆိုင်ဒီ ရုံးခန်း၌ ထိုင်ပြီး ရောက်တတ်ရာရာ စကားများကို ပြောဆိုနေကြလေ၏။

စုံထောက်ဦးပေါ်ဦးကြီးကာဂျွလောက မဂ္ဂဇင်းကို ဖတ်ရှုနေရာက ဆီမခိုင်ဖြင့်

"လောကမှာ မိန်းမကြောက်တဲ့ ယောကျ်ားတွေကို ကျုပ် သိပ် ချိုင်ကပ်တယ်ဗျာ"

ဟုဆိုလိုက်ရာ ကျွန်ုပ်က ဦးပေါ်ဦးကြီး၏ မျက်နှာကို မလုံမလဲ ကြည့်လိုက်ပြီး

www.burmeseclassic.com



"ခင်ဗျား ကျုပ်ကိုများ စောင်းပြောနေတာများလားဗျာ၊ မေက
ကျုပ်ထက်အသက်အများကြီး ငယ်လို့ အလိုလိုက်မိတာပါ၊ ကြောက်တာ
မဟုတ်ပါဘူး"

ဟုဆိုလိုက်ရာ စုံထောက်ဦးပေါ်ဦးကြီးက သက်ပြင်းချပြီး

"မဟုတ်ပါဘူးဗျာ··မိန်းမကြောက်တဲ့ ပုဂ္ဂိုလ်ထဲမှာ ခင်ဗျားက
သိပ်မဆိုးသေးပါဘူး၊ကိုစိန်မြင့်တို့ ကိုတင်လှတို့က ခင်ဗျားထက်ပိုဆိုး
တယ်၊ ဒီလူတွေက မိန်းမကို ကြောက်တဲ့ အဆင့် မဟုတ်တော့ဘူး
ကိုးကွယ်တဲ့ အဆင့်ရောက်နေပြီ"

ဟုဆိုလိုက်ရာ ကျွန်ုပ်တို့ စကားကို ချောင်းမြောင်းနားထောင်နေ
သော ကိုစိန်မြင့်တို့ လူစုသည် အခန်းထဲသို့ ပြေးဝင်လာကြပြီး

"ဟော့လူကြီး··ခင်ဗျား ဘာဖြစ်လို့ ကျုပ်တို့ကို စော်ကားမော်ကား
ပြောနေရတာလဲ၊ခင်ဗျားလဲ မိန်းမကြောက်ရတာပဲ၊ ဝန်ခံလိုက်စမ်းပါ
ဘိန်းစားချင်းအတူတူ တစ်မူး ပိုမရှုချင်ပါနဲ့ဗျာ"

ဟုမကျေမချမ်း ပြောလိုက်လေ၏။ စုံထောက်ဦးပေါ်ဦးကြီးသည်
ကိုစိန်မြင့်တို့ လူစု၏ အတင်းအဖျင်းကို ပြောဆိုနေခိုက် ၄င်းတို့ ရောက်
လာသဖြင့် ကြောင်အမ်းအမ်း ဖြစ်သွားပြီး အရှက်ပြေ တဟားဟား





ရယ်မောလိုက်ကာ

"ဟားဟားဟား···· ဟုတ်ပါတယ်ဗျာ··ကျုပ်လဲ ခင်ဗျားတို့
လောက်နီးနီး မိန်းမကြောက်ရပါတယ်၊ ဝန်ခံပါတယ်ဗျာ"

ဟုပြောလိုက်လေ၏။ ထိုအခိုက်မှပင် အခန်းတွင်းသို့ ဆားပုလင်း
မင်းအောင် ဝင်ရောက်လာပြီးလျှင်

"မိန်းမကြောက်ရတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး အငြင်းပွားမနေပါဗျာ၊
ကမ္ဘာလောကကြီးကိုက မိန်းမတွေအတွက် တည်ဆောက်ထားတာပါ၊
မိန်းမဆိုတာ အားနွဲ့သူဖြစ်ပေမဲ့ ကမ္ဘာပေါ်မှာ အင်အားအကြီးဆုံး
စွမ်းအင် တစ်ခုပါ၊ကျုပ်တို့ ယောကျ်ားတွေဟာ မိန်းမတွေအတွက်
ညည်းစိမ်ဥစ္စာ တွေကို ပင်ပန်းကြီးစွာရှာဖွေရှာဖွေခဲ့တယ်၊ ကမ္ဘာကြီးဟာ
မိန်းမတွေ ကြီးစိုးထားတဲ့ ကမ္ဘာကြီးလို့တောင် ဆိုနိုင်တယ်၊ ယောကျ်ား
တွေဟာ မိန်းမတွေအတွက် အသက်ပေးပြီး စစ်ပွဲကြီးတွေ တိုက်ခိုက်ပေး
ခဲ့တယ်၊ လူ့လောကမှာ စည်းစိမ်ချမ်းသာတွေ မှန်သမျှ မိန်းမတွေက
မောင်ပိုင်စီးထားတာများတယ်ဗျ၊ ကမ္ဘာပေါ်ကကုန်တိုက်ကြီးတွေ
ဈေးကြီးတွေကိုကြည့်စမ်းပါ၊ အဲဒီဈေးကြီးတွေမှာ ကျုပ်တို့ယောကျ်ား
တွေရဲ့ အသုံးအဆောင်ဆိုလို့ ဆယ်ပုံတစ်ပုံပါရဲ့လား၊ အဝတ်အထည်

www.burmeseclassic.com



တွေ၊ လက်ဝတ် ရတနာတွေ၊ အမွေးနံ့သာတွေ၊ အိမ်ထောင်ပရိဘောဂတွေ အားလုံး မိန်းမတွေအကြိုက်ပဲ စီမံထုတ်လုပ်ထားတာဗျ၊ စက်ရုံအလုပ်ရုံကြီးတွေမှာလဲ ယောက်ျားသန်းပေါင်းများစွာဟာ သွေးနဲ့ချွေးနဲ့ရင်းပြီး မိန်းမတွေသဘောတော်ကျမဲ့ပစ္စည်းတွေကို ထုတ်လုပ်ပေးကြတယ်၊ စိတ်ပညာရှင်တွေရဲ့ အဆိုအရတော့ ယောက်ျားတွေဟာ မိန်းမတွေအတွက်ပဲ အသက်ရှင်နေတယ်လို့ ဆိုတယ်ဗျ၊ ကမ္ဘာပေါ်မှာ မိန်းမဆိုတဲ့ သတ္တဝါမရှိရင် ကမ္ဘာကြီးတစ်ခုလုံးရဲ့ တိုးတက်မှုတွေ ရပ်ဆိုင်းသွားလိမ့်မယ်ဗျ၊ ဒါကြောင့် ကျုပ်တို့ မြတ်စွာဘုရားကတောင် 'မိန်းမတို့၏ အဆင်းသဏ္ဌာန်ကဲ့သို့ ယောက်ျားတို့ စိတ်နှလုံးကို သိမ်းကျုံးယူငင်နိုင်သော အဆင်းသဏ္ဌာန်မျိုး လောကတွင် ငါဘုရားမြင်တော်မမူ' လို့ အစုတ္တရ် ပါဠိတော်မှာ ဟောကြား ခဲ့တာပဲဗျ၊ ဒါကြောင့် ခင်ဗျားတို့ မိန်းမကြောက်ရတာ အပြစ်ပြောစရာမရှိပါဘူး'

ဟု ရယ်ရွှင်ဖွယ် ဝင်ရောက်ပြောဆိုလိုက်လေ၏။ စုံထောက်ဦးပေါ်ဦးကြီးက သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး

'ဟားဟားဟား··ကျုပ်မိန်းမ ကြောက်တာ လှောင်စရာ မဟုတ်တော့ဘူး၊ မြတ်စွာဘုရားကတောင် မိန်းမတွေရဲ့ အဆင်းသဏ္ဌာန်





လောက် ယောက်ျားတွေရဲ့ စိတ်နှလုံးကိုသိမ်းကျုံးယူငင်နိုင်တဲ့ အဆင်းသဏ္ဌာန်မျိုး လောကမှာ မြင်တော်မမူလို့ ဟောခဲ့တာပဲ'

ဟုဆိုလိုက်လေ၏။ ထိုအခိုက်မှာပင် ကျွန်ုပ်တို့အနီးသို့ ပြာတာမောင်ရွှေ ရောက်ရှိလာပြီး

'ဆရာတို့ရေ လူသတ်မှု ဖြစ်ပြီဗျို့ မင်းကြီးခေါ်ခိုင်းလိုက်တယ်'

ဟုပြောလေ၏။ ထိုအခါကျွန်ုပ်တို့ စုံထောက်ကျော်များသည် မင်းကြီးရုံးခန်းထဲသို့ မျက်နှာသေလေးများဖြင့် ဝင်ရောက်ပြီး တန်းစီလိုက်ကြလေ၏။သားပုလင်းမင်းအောင်ကမူ ကျွန်ုပ်တို့နှင့် ဆန့်ကျင်ဖွာဖြင့် မင်းကြီး၏ အရှေ့သို့မတီလေးစား လျှောက်လှမ်းသွားပြီး ဂျွန်ပလေးယားမှတ်ဆိတ်စီးကရက်ကို ထောက်ခနဲ မီးညှိလိုက်လေ၏။စုံထောက်မင်းကြီးက

'အလွန်ထူးဆန်းပြီး ရှုပ်ထွေးတဲ့ အမှုကြီးတစ်ခု ဖြစ်လာပြီထင်တယ်၊ ဘုန်းကြီးလမ်းက ထိုက်မေ ရတနာရွှေဆိုင်ကို သေတ္တာကြီးတစ်ခု ရောက်လာတယ်၊သေတ္တာကြီးထဲမှာ အဝတ်အစားမပါတဲ့ တရုတ်လူမျိုးတစ်ယောက်ရဲ့ အလောင်းကြီးပါလာတယ်၊ ရတနာရွှေဆိုင် ပိုင်ရှင်ထိုက်မေဆိုတဲ့ တရုတ်အမျိုးသမီးဟာ သေတ္တာထဲက အလောင်းကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ဓေ့ရောသွားတယ်၊ ဒါကြောင့် လူသေအလောင်းကြီး ရောက်နေတဲ့ ဘုန်းကြီးလမ်းက ထိုက်မေရတနာရွှေဆိုင်ကိုသွားပါ။ လူသတ်သမားကို အမြန်ဆုံးဖမ်းဆီးဖို့ကြိုးစားပါ၊ သတင်းစာတွေ သိရင်တော့ ဒီလူသတ်မှုကို တခမ်းတနား ရေးသားကြလိမ့်မယ်၊ ကျွန်ုပ်တို့ စီအိုင်ဒီ အရှက်မကွဲအောင် အစွမ်းကုန်ကြိုးစားကြပါ"

ဟုအမိန့်ပေးလေ၏။ ထို့နောက်တွင်မှ ကျွန်ုပ်တို့ စုံထောက်ကျော်များသည် ဘုန်းကြီးလမ်းရှိ ထိုက်မေ ရတနာရွှေဆိုင်ကို ဖို့ဒ်ကားစုတ်မှာလေးဖြင့် ရောက်ရှိခဲ့လေ၏။ ထိုက်မေ ရတနာရွှေဆိုင်သည် သုံးထပ်တိုက် တစ်တိုက်လုံးဖွင့်လှစ်ထားပြီး အောက်ဆုံးထပ်နှင့် အလယ်ထပ်တွင် စိန်ရွှေရတနာများ ရောင်းချပြီးအပေါ်ဆုံးထပ်တွင် ဆိုင်ရှင် နေထိုင်သည်ဟု သိရ၏။

ထိုက်မေရတနာ ရွှေဆိုင်ရှေ့သို့ ရောက်သောအခါ အင်းစိန်စီအိုင်ဒီမှ စုံထောက်ကိုစိန်မြင့်တို့ လူစုသည် ထုံးစံအတိုင်း လူအထင်ကြီးအောင် အမျိုးမျိုး ဟန်ရေးပြနေလေ၏။ ဆားပုလင်းမင်းအောင်သည် ကျွန်ုပ်တို့ရှေ့မှ ဦးဆောင်ပြီး ရွှေဆိုင်အပေါ်ဆုံးထပ်သို့ တက်သွားလေ၏။ အပေါ်ထပ်သို့ ရောက်သောအခါဧည့်ခန်းကို တန်ဘိုးကြီး ပရိဘောဂများ





ဖြင့် ဆင်ယင် ထားပြီး နံရံတွင် ဖောင်းကြွရွှေနဂါးရုပ်ကြီး တစ်ရုပ်ကပ်ထားလေ၏။ဧည့်ခန်းထောင့်တွင် မှုခင်းဖြစ်ပွားဟန်တူသော ထင်းရှူးသေတ္တာကြီး တစ်လုံးကို တွေ့ရလေ၏။ ထင်းရှူးသေတ္တာကြီး၏ နံဘေးတွင် လှပ်စွာ သပ်ရပ်သော လက်ရေးဖြင့် ထိုက်မေ ရတနာရွှေဆိုင်ဟု ရေးသားထားလေ၏။

ထိုအချိန်၌ ဘီလပ်ပြန်ဆရာပွဆိုသော စုံထောက်အိုကြီးသည် ပေကြိုးဘူးကြီးကို ထုတ်ပြီးသေတ္တာကြီး၏ ပတ်ပတ်လည်ကို တိုင်းနေလေ၏။ စုံထောက်ကိုစိန်မြင့်သည် အနောက်မှကမန်းကတန်း ရောက်လာပြီး ကျွန်ုပ်တို့ကို တိုးဝှေ့ပြီး သေတ္တာကြီးကို မှန်ဘီလူးဖြင့် အနီးကပ်ကြည့်ရှုပြန်၏။ ကိုစိန်မြင့်၏နေရာမကျပုံကို ကြည့်ပြီး စုံထောက်ဦးပေါ်ဦးကြီးက

"ဒီမှာကိုစိန်မြင့် ခင်ဗျား မျက်စိမကောင်းဘူးလား၊ ထင်းရှူးသေတ္တာကြီးကို ဒီအတိုင်းကြည့်လဲ မြင်ရပါတယ်ဗျာ၊ မှန်ဘီလူးကြီးနဲ့ ကြည့်စရာမလိုပါဘူး၊ ကဲ..မှန်ဘီလူးနဲ့ ကြည့်တော့လဲ ဘာထူးသလဲ ကျုပ်ကိုပြောစမ်းပါဦး"

ဟုဆိုလိုက်ရာ လူအထင်ကြီးအောင် ဟန်ရေးပြနေသော



www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမြင့်သည် မျက်နှာရှုံ့မဲ့သွားပြီး

"ဦးဖေါ်ဦး တာဝန်ချိန်မှာ မနောက်နဲ့ဗျာ၊ ကျုပ်တို့ အလုပ်လုပ်နေတယ်"

ကြောင်စီစီအသံဖြင့် ပြန်လည်ပြောဆိုလေ၏။

ဆားပုလင်းမင်းအောင်ကမူ သေတ္တာထဲရှိ သေသူ၏ အလောင်းကို သေချာစွာ ကြည့်ရှုစစ်ဆေးနေလေ၏။ ထိုနောက် အညိုအမည်းစွဲနေသော သေသူ၏လည်တိုင်ကို ကိုင်ကြည့်နေပြန်၏။ကျွန်ုပ်နှင့် စုံထောက်ဦးဖေါ်ဦးကမူ ဆားပုလင်မင်းအောင်၏ အရည်အချင်းကိုသာ အားကိုးသူများဖြစ်သဖြင့် လုံ့လစိုက်ပြီး စစ်ဆေးခြင်းမရှိဘဲ

"အမှုအခြေအနေက ဘယ်လိုလဲ ကိုမင်းအောင်"

ဟုအလိုက်သင့်မေးမြန်းရန် ကြံလေ၏။ သေသူ တရုတ်အမျိုးသား၏ ကိုယ်ခန္ဓာတွင် အဝတ်အစားများ မရှိဘဲ လက်မောင်း၊ လက်ဖျံနှင့် နောက်ကျောတို့တွင် ဆေးမင်ကြောင်များရေးထိုးထားလေ၏။ သေသူသည် ရွှေဆိုင်ပိုင်ရှင် တိုက်မေဆိုသူမိန်းမနှင့် မည်သို့ပတ်သက်သည် မသိချေ။

ဆားပုလင်းမင်းအောင်က အနီးတွင် ရပ်စောင့်နေသော တရုတ်





အမျိုးသမီးလေးအား ရတနာရွှေဆိုင်ပိုင်ရှင်နှင့်တွေ့ဆုံလိုကြောင်း ပြောလေရာ မိန်းကလေးက အိပ်ခန်းတွင်း အနားယူနေကြောင်း ပြောဆိုပြီး ကျွန်ုပ် တို့စုံထောက်ကျော်သုံးယောက်အား အခန်းထဲသို့ ခေါ်ဆောင်သွားလေ၏။ထိုအခါ အခန်းထဲရှိ ပန်းကနုတ်များဖြင့် အလှဆင်ထားသော ခုတင်ပေါ်တွင် ထိုင်နေသော အသက် ၃၀ ဝန်းကျင် မိန်းမလှတစ်ယောက်ကို တွေ့ရလေ၏။ သူမ၏မျက်နှာ အနည်းငယ် ညှိုးလျှော်နေပြီး စိတ်ရှုပ်ထွေး နေဟန်ရှိလေ၏။

ဆားပုလင်းမင်းအောင်က သူမအနီးတွင် ဝင်ထိုင်လိုက်ပြီး

"ကျွန်တော့်နာမည် ဆားပုလင်းမင်းအောင်ပါ၊ မေးခွန်း နည်းနည်းမေးခွင့်ပြုပါ"

ဟုဆိုလိုက်ရာ မိန်းမလှက အသာအယာ ခေါင်းညိတ်ပြလေ၏။ ဆားပုလင်းမင်းအောင်က သူမကို မျက်လုံးချင်းဆုံအောင် ကြည့်ပြီး

"သေတ္တာကြီး တိုက်မေဆီကို ဘယ်လိုရောက်လာတာလဲ"

ဟုမေးမြန်းလိုက်ရာ တိုက်မေက သက်ပြင်းချပြီး

"ဒီနေ့နံနက် ကျွန်မရဲ့ အတူနေတဲ့ မိန်းကလေးတွေ အိပ်ယာနိုးတော့ ဆိုင်ရှေ့မှာ ကျွန်မနာမည်နဲ့ သေတ္တာတစ်လုံး ရောက်နေတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတယ်၊ ကျွန်မက မန္တလေးက အမျိုးတွေကို တရုတ်စာအုပ်တွေ မှာထားလို့ စာအုပ်တွေပဲထင်ပြီး ဆိုင်ရှေ့က ကူလီတွေနဲ့ အပေါ်ဆုံး ထပ်ကို တင်ခိုင်းလိုက်ပါတယ်၊ ပြီးတော့ သေတ္တာမှာ တန်းလန်းပါတဲ့ သော့နဲ့ဖွင့်လိုက်တော့ သေတ္တာထဲမှာ မသထီစရာ အလောင်းကြီးကို တွေ့တာပါပဲရှင်၊ ကျွန်မလဲ အလောင်းကို မြင်မြင်ချင်း ခေါင်းထဲမှာ မိုက်နဲ့ဖြစ်ပြီး မေ့လဲသွားတာ ပါပဲရှင်'

ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်ပြီး

'သေသူ တရုတ်အမျိုးသားကို ထိုက်မေ လုံးဝမသိဘူးလား'

ဟုမေးမြန်းလိုက်ရာ ထိုက်မေက လုံးဝမသိကြောင်း ပြောလေ၏။ ရန်ငြိုးရန်စ ရှိမရှိ မေးမြန်းရာတွင်လည်း သူမက ခေါင်းကိုသာ တွင်တွင် ခါပြီး ငြင်းဆန်နေလေ၏။ ဆားပုလင်းမင်းအောင်သည် ထိုက်မေကို ဆက်မမေးတော့ဘဲ အားပေးစကားပြောပြီး အိပ်ခန်းထဲမှ ထွက်ခဲ့လေ၏။

ချောမောလှပသော တရုတ်မလေး ထိုက်မေသည် ကိုမင်းအောင် ၏ နောက်ကျောကို အားကိုးဟန်ဖြင့် ကြည့်ပြီး ကျန်ရစ်ခဲ့လေ၏။

ဆားပုလင်းမင်းအောင်သည် သေတ္တာကို တစ်ဖန် ပြန်စစ်ဆေးပြီး သေတ္တာထဲမှ တစ်စုံတစ်ရာကို ခြစ်ထုတ်ကာ စက္ကူဖြူတစ်ရွက်ထဲသို့





ထည့်ပြီး သိမ်းဆည်းလိုက်လေ၏။ ထိုအခိုက်မှာပင် စုံထောက်မင်းကြီး ထားရောက်ရှိလာသဖြင့် ကိုစိန်မြင့်တို့ လူစုသည် မင်းကြီးအား သူ့ထက်ငါ အပြိုင်အဆိုင် ဖားရန် ပြေးဆင်းသွားလေ၏။ စုံထောက် ကိုစိန်မြင့်သည် မင်းကြီးဆောင်းရန် ထီးကြီးကို ကိုင်ပြီး အလျှင်အမြန် အပြေးဆင်းသွား လေ၏။

စုံထောက်ကိုတင်လှက မင်းကြီးကို စီးကရက် မီးညှိရန် မီးခြစ်ကို အသင့်ဆောင်ထားလေ၏။ ဘိလပ်ပြန်ဆရာပွကမူ မင်းကြီးကို ယပ်ခတ်ပေးရန် ယပ်တောင်တစ်ချောင်းကို ခါးကြားထိုးသွားလေ၏။ ထို့နောက် စုံထောက်ကိုစိန်မြင့်က ထီးကြီးကို မိုးပြီး မင်းကြီးကို ဆိုင်ထဲသို့ ခေါ်လာပြီးနောက် ကိုတင်လှနှင့် ဘိလပ်ပြန် ဆရာပွတို့မှာလည်း မီးခြစ် ခြစ်ရ နိုး၊ ယပ်တောင်ခပ်ရနိုးဖြင့် တစ်ယောက်တစ်မျိုး အလုအယက် ဖားနေကြလေ၏။ ၎င်းတို့၏ အမူအယာမှာ စီအိုင်ဒီရှိ စုံထောက်အရာရှိ များနှင့် မတူဘဲ အစေခံများကဲ့သို့ ဖြစ်နေလေ၏။ ကျွန်ုပ်က စုံထောက် ဦးပေါ်ဦးကြီးဘက်သို့လှည့်ပြီး

'ဒီလူတွေမှာ ဂုဏ်သိက္ခာမှ ရှိသေးရဲ့လားမသိဘူး'

ဟုပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်မင်းကြီးက ဆားပုလင်းမင်းအောင် အနီးသို့ လျှောက်လှမ်းလာပြီး

"အခု အခြေအနေကို ပြောပါဦး ဆားပုလင်းမင်းအောင်"

ဟုမေးမြန်းလိုက်လေ၏။ ဆားပုလင်းမင်းအောင်က မျက်မှောင်ကြုတ်ပြီး

"သေသူဟာ လောကီပညာကို ကျွမ်းကျွမ်းကျင်ကျင် လိုက်စားတဲ့သူဖြစ်ပုံရတယ်၊ အရှေ့တိုင်းကိုယ်ခံပညာ တစ်မျိုးမျိုးကိုလဲ တတ်ကျွမ်းထားတယ်၊ လူသတ်သမားဟာ သေသူလို တိုက်ခိုက်ရေးပညာရှင်တစ်ယောက်ပဲ၊ လူသတ်သမားရဲ့ လက်ဝါးစောင်းနဲ့ သေသူရဲ့လည်တိုင်ကို ရိုက်ချိုးသွားတာပဲ၊ ဒီထင်းရှူးသေတ္တာဟာ တရုတ်တိုင်းရင်းဆေးလုပ်ငန်းတစ်ခုနဲ့ ပတ်သက်နေပုံရတယ်၊ ထင်းရှူးသေတ္တာထောင့်မှာ တိုင်းရင်းဆေးအမှုန့်တွေတွေ့ရတယ်၊ သေသူနဲ့ ရွှေဆိုင်ပိုင်ရှင် ဆက်စပ်မှုကိုတော့ စုံစမ်းလို့မရသေးဘူး"

ဟုပြောလေရာ စုံထောက်မင်းကြီးသည် ဆားပုလင်းမင်းအောင်၏ အဖြေကို ကျေနပ်သွားပြီး တရားခံကို အမြန်ဖမ်းဆီးပေးပါဟု တောင်းဆိုလိုက်လေ၏။ စုံထောက်ကိုစိန်မြင့် တို့လူစုမှာ ဆားပုလင်းမင်းအောင်





တဲ့သို့ တရားခံ၏ သဲလွန်စကို မပြောနိုင်သော်လည်းတရားခံကို အမြန်ဖမ်းဆီးပေးမည် ဖြစ်ကြောင်း မင်းကြီးကို အပြိုင်အဆိုင် ကတိပေးကြလေ၏။

မင်းကြီးသည် စုံထောက်ကကိုစိန်မြင့်တို့ ကတိကို ယုံကြည်ဟန်ရှိဘဲ မြည်းသတ္တဝါလို အပျင်းထူမနေရန်၊ ဆားပုလင်းမင်းအောင်ကို အတူယူပြီး စုံစမ်းထောက်လှမ်းရန် မှာကြားပြီး အခင်းဖြစ်ပွားရာမှ ပြန်လည် ထွက်ခွာသွားလေ၏။

***



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်တို့ စုံထောက်ကျော်သုံးယောက်သည် ဘုန်းကြီးလမ်း တိုက်ကြီးမှ ပြန်ဆင်းလာကြပြီး ကိုမင်းအောင်က ဆိပ်ကမ်းဘက်သို့ သွားချင်သည် ဆိုသဖြင့် မောင်းနှင်ပေးရလေ၏။

ဆိပ်ကမ်းတစ်နေရာရှိ လော်ရီကားကြီးများတန်းစီရပ်ထားသော နေရာသို့ ရောက်သောအခါ ဆားပုလင်းမင်းအောင်က ကားကို ရပ်ခိုင်းပြီး လော်ရီကားကြီးများ ရှိရာသို့ လျှောက်လှမ်းသွားလေ၏။ ထိုနောက် လော်ရီကား ဒရိုင်ဘာ အချို့ကို မေးမြန်းပြီး အနီရောင်လော်ရီကားကြီး ရှိရာသို့ ဦးတည်လောက်လှမ်းသွားပြန်၏။ ထိုနောက် ဒရိုင်ဘာ၏ ရှေ့သို့သွားပြီး





"ဒီနေ့နံနက်စောစော ဘုန်းကြီးလမ်းက တိုက်မဲ ရတနာရွှေဆိုင် မှာ ထင်းရှူးသေတ္တာကြီးချသွားတာ မိတ်ဆွေကားလား"

ဟုမေးမြန်းလေ၏။ ထိုအခါလွန်စွာဗလတောင့်သော ဒရိုင်ဘာက

"ကုန်မရလို့ စိတ်ညစ်နေတဲ့ ကြားက ဘာတွေလာမေးနေတာလဲ၊ ခသိဘူးဗျာ"

ဟုပြောလေ၏။ ထိုအခါ ကိုမင်းအောင်က

"ကောင်းကောင်းဖြေပါဗျာ၊ ကျုပ်တို့က တာဝန်အရ မေးရတာပါ"

ဟုဆိုလိုက်၏။ ဗလတောင့်သော ဒရိုင်ဘာက

"တာဝန်တွေ ဘာတွေနားမလည်ဘူး၊ ဒီနေ့ခေတ်မှာ လူလိမ်တွေ အများကြီးပဲ"

ဟုဆိုလိုက်ရာ ဆားပုလင်းမင်းအောင်သည် ဒရိုင်ဘာကို မည်သို့ မျှ မပြောတော့ဘဲ ကုတ်မှဆွဲကိုင်ပြီး ကားအောက်သို့ ဆွဲချလိုက်လေရာ ဒရိုင်ဘာသည် ကားပေါ်မှ မြေပေါ်သို့ ဒလိမ့်ခေါက်ကွေး ပြုတ်ကျ သွား၏။

ထိုအခါ ဒရိုင်ဘာသည် မြေပေါ်မှ လူးလဲထပြီး ဆားပုလင်း



www.burmeseclassic.com

www.burmeseclassic.com



မင်းအောင်ကို လက်သီးဖြင့် ပြေးထိုးလေ၏။ ဆားပုလင်းမင်းအောင်က ဒရိုင်ဘာ၏ လက်သီးကို ချုပ်ကိုင်လိုက်ပြီး လိမ်ချိုးလိုက်ရာ ဒရိုင်ဘာသည် အားခနဲ အော်ပြီးမြေပေါ်သို့ ဒူးညွှတ်ကျသွားလေ၏။

ဆားပုလင်းမင်းအောင်က ဒရိုင်ဘာအား

'မင်း ဒီထက်မနာချင်ရင် ကောင်းကောင်းဖြေစမ်း'

ဟုမေးမြန်းလိုက်လေ၏။ ထိုအခါ ဒရိုင်ဘာက ညည်းညူရင်း

'လွှတ်ပါဆရာ ပြောပါ့မယ်၊ ကျွန်တော်တို့ကားက သာယာဝတီမြို့ က စွန်းဝူခုန်းတရုတ်တိုင်းရင်းဆေးတွေကို ရန်ကုန်မြို့ကို ပို့ပေးရင်း ကားပေါ်မှာ ထိုက်မေရတနာရွှေဆိုင်လိပ်မူထားတဲ့ သေတ္တာကြီးတစ်လုံးပါ လာတယ်၊ စွန်းဂူခုန်းဆေးတိုက်က ပိုင်ရှင်တွေကတော့ သေတ္တာကြီးနဲ့ ပတ်သက်ပြီး ဘာမှမမှာလိုက်ပေမဲ့ ကျွန်တော့်ကို မှာလိုက်ရှိမေ့နေတယ် ထင်ပြီး သေတ္တာကြီးကို ထိုက်မေရတနာရွှေဆိုင်မှာ ချပေးခဲ့တာပါ၊ ထိုက်မေမှာလဲ မနက်အစောကြီးမို့ ဘယ်သူမှ အိပ်ယာမနိုးသေးတာနဲ့ ဆိုင်ခြံဝန်းထဲ ချထားပေးတာပါ၊ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲဆရာ'

ဟုဖြေလေ၏။ ဆားပုလင်းမင်းအောင်က ဒရိုင်ဘာ၏ အမေးကို





ဖြေတော့ဘဲကျွန်ုပ်တို့ ကားပေါ်သို့ ခေါ်ခဲ့လေ၏။ ပြီးနောက် ကားကိုရဲစခန်းတိုက်သို့ ဦးတည် မောင်းနှင်ခိုင်းလေ၏။ ရဲစခန်းတိုက်သို့ ရောက်သောအခါ ဆားပုလင်းမင်းအောင်က သေသူ၏ အလောင်းကြီးကို ဒရိုင်ဘာအား ပြလိုက်သောအခါ ဒရိုင်ဘာက အထိတ်တလန့်ဖြင့်

'ဟင်.. စွန်းဂူခုန်းဆေးတိုက် ပိုင်ရှင် ဝမ်ယုရဲ့ အလောင်းပါလား'

ဟုရေရွတ်လိုက်လေ၏။ ထိုအခါဆားပုလင်းမင်းအောင်က

'သူ့အကြောင်းကို ပြောပြပါ'

ဟုပြောလိုက်လေ၏။ ဒရိုင်ဘာက

'ဝမ်ယုဟာ အိမ်ထောင်မရှိတဲ့ လူပျိုကြီး တစ်ယောက်ပါ၊ သူ့မှာ မောင်နှမ မိန်းကလေးတစ်ယောက် ရှိပြီး စွမ်းဂူခုန်း ဆေးဝါးလုပ်ငန်းကို မောင်နှမ မိန်းကလေးက အဓိက လုပ်ကိုင်နေတာပါ၊ ဘာကြောင့်လဲဆိုတော့ ဝမ်ယုက ရှေးဟောင်းပစ္စည်း စုဆောင်းတာဝါသနာပါပြီး မြန်မာပြည်အနှံ့ ခရီးထွက်နေတတ်လို့ပါ'

ဟုပြောလေ၏။ဆားပုလင်းမင်းအောင်သည် ဒရိုင်ဘာထံတွင် သေသူဝမ်ယုအကြောင်းကို စုံစမ်းသိရှိပြီးနောက် ဒရိုင်ဘာကို ပြန်လွှတ်ပေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နံ့ထောက်ဦးပေါ်ဦးကြီးက ဒရိုင်ဘာ၏ နောက်ကျောကို ကြည့်ပြီး

"ကိုမင်းအောင် ပြန်လွတ်တာမြန်လို့ဗျို့၊ ကျုပ်က သူ့ကို စီအိုင်ဒီ ခေါ်သွားပြီး ပညာပေးချင်သေးတာ၊ မောက်မာလွန်းလို့ ကြည့်မရဘူး"

ဟုပြောလိုက်လေ၏။ ဆေးပုလင်းမင်းအောင်ကမူ ဦးပေါ်ဦးကြီး၏ စကားကို မထောက်ခံဘဲ

"ကျုပ်တို့ မနက်ဖြန် သာယာဝတီကို ခရီးထွက်မယ် အိုင်ဗီ"

ဟုပြောလိုက်လေ၏။သာယာဝတီသည် ရန်ကုန်မြို့နှင့် မိုင်၈၀ ဝန်းကျင်သာရှိပြီး နှစ်နာရီခန့်ကားမောင်းသွားလျှင် ရောက်နိုင်၏။

***





ကမ္ဘာလောကကြီးကိုက မိန်းမတွေအတွက်
တည်ဆောက်ထားတာပါ။မိန်းမဆိုတာ
အားနွဲ့သူဖြစ်ပေမဲ့ကမ္ဘာပေါ်မှာအင်အားအကြီးဆုံး
စွမ်းအင်တစ်ခုပါ။ကျုပ်တို့ယောက်ျားတွေဟာ
မိန်းမတွေအတွက် စည်းစိမ်ဥစ္စာတွေကို
ဝင်ပန်းကြီးစွာရှန်းကန်ရှာဖွေခဲ့တယ်၊ကမ္ဘာကြီးဟာ
မိန်းမတွေကြီးစိုးထားတဲ့ကမ္ဘာကြီးလို့တောင်
ဆိုနိုင်တယ်၊ယောက်ျားတွေဟာ
မိန်းမတွေအတွက် အသက်ပေးပြီး စစ်ပွဲကြီးတွေ
တိုက်ခိုက်ပေးခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



သာယာဝတီမြို့သို့ ရောက်သောအခါ စွမ်းဝှုခုန်းဆေးဝါးလုပ်ငန်းနေရာကို စုံစမ်းပြီး သွားရလေ၏။ စွမ်းဝှုခုံးဆေးဝါးလုပ်ငန်းကို ခြံကျယ်ကြီးအတွင်းရှိ ဂိုဒေါင်တစ်ခုတွင် ထုတ်လုပ်ပြီး ဝမ်ယု၏အိမ်သည် ခြံကြီး၏အလယ်ရှိ အုတ်တိုက်နီကြီးဖြစ်လေ၏။

ဆေးဝါးလုပ်ငန်း ထုတ်လုပ်ရာ ဂိုဒေါင်ထဲတွင် မိန်းကလေးအယောက် ၃၀ နီးပါးတွေ့ရပြီး စွမ်းဝှုခုန်းဆေးများကို ထုတ်လုပ်နေလေ၏။အိမ်ကြီး၏ ဧည့်ခန်းထဲသို့ ရောက်သောအခါ အခန်းတစ်ခုလုံး





ရှေးဟောင်း ပစ္စည်း အမျိုးမျိုးနှင့် တန်ဆာဆင်ထားလေ၏။ သေသူသည် ရှေးဟောင်းပစ္စည်း ဝါသနာအိုးတစ်ယောက်ဖြစ်ဟန်တူ၏။

ဆားပုလင်းမင်းအောင်ထံသို့ တရုတ်အမျိုးသမီးတစ်ယောက် ရောက်လာပြီး

'ကျွန်မက စွမ်းဝှုခုန်းဆေးဝါးလုပ်ငန်းရဲ့ မန်နေဂျာပါ၊ လာရင်းတိစ္စကို ပြောပါဦး'

ဟုမေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ရန်ကုန်မြို့တွင် ဝမ်ယုသေဆုံးသွားသည့် အကြောင်းကို တိုတိုနှင့်လိုရင်းချုပ်ပြီး ပြောလိုက်သောအခါ တရုတ်မလေးသည် မယုံနိုင်ဟန်ဖြင့် ကြည့်လိုက်ပြီး

'ရှင် ..ဆရာသေပြီဟုတ်လား။မဖြစ်နိုင်တာ ဆရာခရီးထွက်သွားတာ ဖြစ်မှာပါ'

ဟုပြောလေ၏။ထိုအခါ ဆားပုလင်းမင်းအောင်က မိမိကိုယ်မိမိ မိန်နိုင်ဒီမှ စုံထောက်များဖြစ်ကြောင်း မိတ်ဆက်ကာ ရန်ကုန်မြို့ ဘုန်းကြီးလမ်းရှိ ထိုက်မေ ရတနာရှေးဆိုင်သို့ စွမ်းဝှုခုန်းဆေးတိုက် ပိုင်ရှင်၏ သော်လစ်စလစ်အလောင်းကြီး ရောက်ရှိလာပုံများကို စီကာပတ်ကုံး ပြောပြလိုက်၏။ ထိုအခါ မန်နေဂျာ မိန်းကလေးသည် ဝမ်ယုအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းဟန်ဖြင့် ရှိုက်ငိုလေ၏။

မန်နေဂျာ မိန်းကလေး ရှိုက်ငိုနေသဖြင့်အနီးသို့ ဆေးတိုက်မှ မိန်းကလေးများ ဝိုင်းအုံလာပြီး အကြောင်းစုံ သိရလျှင် တစ်ယောက် တစ်ပေါက် ပြောဆိုပြီး တစ်ခဏချင်း စွမ်းဂုခုန်းဆေးတိုက် အတွင်း ပျံ့နှံ့သွားလေ၏။

ဆားပုလင်းမင်းအောင်သည် မန်နေဂျာ မိန်းကလေးငိုယိုနေခြင်း ကို ခဏမျှ စောင့်နေပြီး

'မေးခွန်းလေး နည်းနည်းမေးချင်လို့ပါ'

ဟုပြောလိုက်လေ၏။ မန်နေဂျာ မိန်းကလေးက ရှိုက်ငိုနေရာမှ မေးခွင့်ပြုလေ၏။ ဆားပုလင်းမင်းအောင်က မန်နေဂျာ မိန်းကလေးအား

'ခင်ဗျားဆရာ ဝမ်ယုမှာ ရန်ငြိုးရန်စ ရှိသလား'

ဟုမေးမြန်းလိုက်ရာ

'ကျွန်မ တိတိကျကျ မပြောနိုင်ပါဘူး၊ အစ်ကိုကြီးဟာ အလွှန် လျှို့ဝှက်ပြီး နေထိုင်လေ့ရှိတယ်၊ လောကီပညာရပ်တွေကို လေ့လာ လိုက်စားတတ်လို့ အိန္ဒိယနဲ့ တိဘက်ကိုတော့ မကြာခဏသွားလေ့ ရှိတယ်၊ ဒါကြောင့် အစ်ကို့မှာ ရန်သူရှိမရှိ တိတိပပ မပြောနိုင်တာပါ၊





နောက်ပြီးတော့ ဒီအိမ်ကြီးရဲ့ ခပ်လှမ်းလှမ်းမှာ အစ်ကိုကြီးရဲ့ ဖိုရုံကလေး ရှိသေးတယ်၊ အစ်ကိုကြီးက ဖိုရုံကို ဘယ်သူမှ လာတာမကြိုက်လို့ ဖိုရုံဘက်ကို ကျွန်မတို့သွားလေ့မရှိပါဘူး၊ အစ်ကိုကြီး ပျောက်ဆုံးနေ တော့ခရီးပဲထွက်သွားသလား၊ ဖိုရုံမှာပဲ ရှိမလား မသေချာတာနဲ့ ဖိုရုံကို သွားကြည့်ပါသေးတယ်၊ဒါပေမဲ့ ဖိုရုံကို တံခါးပိတ်ထားလို့ အပြင်ကပဲ ချောင်းကြည့် ခဲ့ရပါတယ်'

ဟုပြောလေ၏။ဆားပုလင်းမင်းအောင်က ဆက်လက်ပြီး

'ဒီအိမ်ကို ညအိပ်ညနေ ဧည့်သည် လာသေးသလား'

ဟုမေးမြန်းလေ၏။ မိန်းကလေးက ခေါင်းညိတ်ပြီး

'လွန်ခဲ့တဲ့ ရက်က ကိုနေဘုန်းဆိုတဲ့ လူတစ်ယောက် ရောက်လာ ပါတယ်၊သူက အညာဘက်ကလို့ ဆိုပါတယ်၊ စွန်းဂုခုန်းဆေးတွေကို ကိုယ်စားလှယ်ယူချင်လို့လို့ပြောပါတယ်၊ကိုနေဘုန်းက လွန်ခဲ့တဲ့ ရက် ကပဲ အညာကို ပြန်သွားပါပြီ'

ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်က ဝမ်ယု၏ အကြိုရတ်ထိုး သော ဖိုရုံကလေးကို ကြည့်ရှုလိုကြောင်း ပြောလေရာ မန်နေဂျာ မိန်းကလေးက လိုက်လံပြသလေ၏။ ကျွန်ုပ်တို့သည် အိမ်ကြီးနှင့်

www.burmeseclassic.com



ခပ်လှမ်းလှမ်းတွင်ရှိသော အိမ်ငယ်လေးသို့ သွားပြီး အိမ်ငယ်လေး၏ တံခါးကိုဖွင့်လိုက်လေ၏။

တံခါးပွင့်သွားသောအခါ ဆားပုလင်းမင်းအောင်သည် တံခါးသော့ကို ချက်မှောင်ကြုတ်ကြည့်လိုက်လေ၏။ အိမ်ထဲသို့ ရောက်သောအခါ ဆေးကျမ်းမျိုးစုံပါရှိသော စာအုပ်စင်ကြီးကို တွေ့ရလေ၏။ ဆားပုလင်းမင်းအောင်က စာအုပ်စင်ရှိ စာအုပ်များကို အတန်ကြာအောင် ကြည့်ရှုပြီးနောက် သော့ခတ်ထားသော ဗီရိုငယ်လေးတစ်လုံးကို ဖွင့်ကြည့်ပြီး ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေ၏။ ပြီးနောက် ဖိုရုံထဲသို့ သွားရောက်ကြည့်ရှုလေရာ ဖိုရုံထဲရှိ ပစ္စည်းများ အလဲလဲ အပြိုပြို ဖြစ်နေကြောင်း တွေ့ရပြီး ဆားပုလင်းမင်းအောင်က

'ဒီနေရာမှာ အသက်လုပွဲ ဖြစ်ခဲ့တယ်'

ဟုဆိုကာ မြေပေါ်တွင် ကျနေသော လုံတစ်ချောင်းကို ကောက်ကိုင်လိုက်ပြီး

'ဟောဒီက သူတို့နှစ်ယောက်ရဲ့ တိုက်ပွဲဝင် လက်နက်ပေါ့'

ဟုပြောပြီး ဖိုရုံထောင့်သို့ သွားကာ ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး မန်နေဂျာ မိန်းကလေးဘက်သို့ လှည့်ကာ





'ဟောဒီနေရာမှာ ထင်းရှူးသေတ္တာကြီး တစ်လုံးရှိတယ် မဟုတ်လား'

ဟုဆိုလိုက်ရာ မန်နေဂျာ မိန်းကလေးက ဟုတ်မှန်ကြောင်း ပြောလေ၏။ ဆားပုလင်းမင်းအောင်က ဖိုရုံထောင့်တွင် ရှိသော ဆေးဘူးနှင့်စုတ်တံကိုလည်း သွားရောက်ကြည့်ရှုလေ၏။ ပြီးနောက် အိမ်ကလေး၏ အပြင်ဘက်ရှိ ဆေးဝါးထုတ်လုပ်သောဂိုဒေါင်သို့ လျှောက်လှမ်းသွားပြီး မြေပေါ်သို့ ငုံ့ကြည့်ကာ

'ဟောဒီမှာ အလောင်းထည့်ထားတဲ့ ထင်းရှူးသေတ္တာကို ချထားခဲ့တာဗျ၊ ဒါကြောင့် အလုပ်သမားတွေဟာ စွန်းပွန်း ဆေးတွေနဲ့ ရောပြီးလော်ရီကားပေါ် တင်ပေးလိုက်တာပဲ၊ ရန်သူဟာ ဝမ်ယု့ကို ထည့်ထားတဲ့ ထင်းရှူးသေတ္တာကြီးကို ထမ်းပြီးဆေးဂိုဒေါင်အနီးမှာ ချထားခဲ့ပုံ ထောက်ရင် သန်မာထွားကြိုင်းတဲ့ လူတစ်ယောက်ပဲ'

ဟုပြောလေ၏။ဆားပုလင်းမင်းအောင်က ကျွန်ုပ်ဘက်သို့ လှည့်ပြီး

' လူသတ်သမားနဲ့ သေသူ ဝမ်ယုဟာ ဖိုရုံလေးထဲမှာ သူသေကိုယ်သေ တိုက်ခိုက်ခဲ့တယ်၊ လူသတ်သမားဟာ ဝမ်ယုဆီက မှူးပါးပြီး



www.burmeseclassic.com

www.burmeseclassic.com



တန်ဘိုးရှိတဲ့ လောကီပညာကျမ်းတစ်စောင်ကို လာယူတာဖြစ်မယ်၊ သူတို့ဟာ ကျမ်းစာအုပ်ကြီးအတွက် တိုက်ပွဲဝင်ခဲ့ကြတယ်၊ နှစ်ယောက်စလုံး ကိုယ်ခံပညာကို အဆင့်အတန်းမြင့်မြင့် တတ်ကျွမ်းထားကြတယ်၊ သူတို့ဟာ ဖိုရုံနံရံမှာ ချိတ်ဆွဲထားတဲ့ လှံကြီးကိုတောင် ဖြုတ်ပြီး တိုက်ခိုက်ခဲ့ကြသေးတယ်၊ ကျွန်တော့်အထင်တော့ ဝမ်ယုက လှံကိုကိုင်ဆွဲပြီး တိုက်ခိုက်လိမ့်မယ်၊ ဖိုရုံက ကျဉ်းတော့ ရန်သူဟာ ဝမ်ယုရဲ့ လှံကို ခက်ခက်ခဲခဲ ရှောင်တိမ်းရမှာ သေချာတယ်၊ နောက်တော့ ဝမ်ယုဟာ အငိုက်မိပြီး ရန်သူရဲ့ လက်ဝါးစောင်းစာမိသွားတာ ဖြစ်ရမယ်'

ဟုပြောလေရာ ဦးပေါ်ဦးကြီးက ခေါင်းတဆတ်ဆတ် ညိတ်ပြီး

'တယ်လဲ တိကျပါလား ကိုမင်းအောင်၊ သူတို့နှစ်ယောက် တိုက်ပွဲကို အနောက်က လိုက်ကြည့်ပြီး ပြောသလားလို့တောင် ထင်ရတယ်'

ဟုချီးမွမ်းလိုက်လေ၏။ ဆားပုလင်းမင်းအောင်က ဆက်လက်ပြီး

'ဝမ်ယုသေဆုံးတော့ လူသတ်သမားဟာ အခန်းထောင့်က ထင်းရှူးသေတ္တာကြီးကို တွေ့ပြီး ဝမ်ယုအလောင်းကို ဝတ်လစ်စလစ် ထည့်ပေးလိုက်တာပဲ'





ဟုပြောလေရာ ကျွန်ုပ်ကသက်ပြင်းချပြီး

'ဒါကဘာသဘောလဲ ကိုမင်းအောင်'

ဟုဆိုလိုက်၏။ ဆားပုလင်းမင်းအောင်က သက်ပြင်းချပြီး

'ပုလိပ်အဖွဲ့ကို မျက်စိလည်အောင် လုပ်တာများလားဒါမှမဟုတ် ဒီပြင်အကြောင်းတစ်ခု ရှိနေမလားပဲ၊ သေတ္တာမှာ ရေးထားတဲ့ ဆေးနဲ့ ရုတ်တံကိုလဲ အခန်းထဲမှာ အသင့်တွေ့ရတယ်'

ဟုဆိုလေ၏။ ထိုနောက် ဆားပုလင်းမင်းအောင်က ညအိပ်ညနေ တည်းခိုသွားသည် ဆိုသော ကိုနေဘုန်းဆိုသူ၏ အခန်းကို ကြည့်ရှု လိုကြောင်းပြောလေရာ မန်နေဂျာ မိန်းကလေးက အိမ်ကြီးဆီသို့ ခေါ်ဆောင်ပြီး ပြသလေ၏။ ဆားပုလင်းမင်းအောင်က ကိုနေဘုန်းဆိုသူ တည်းခိုသွားသော အခန်းကို ကြည့်ပြီးခေါင်းတဆတ်ဆတ်ညိတ်ကာ

'ဟောဒီပြတင်းပေါက်ကို ဓားနဲ့ကော်ပြီး အိပ်ခန်းထဲက ထွက်တာဗျ၊ တရားခံက ကိုနေဘုန်းဆိုတဲ့လူပဲ၊ သူဟာ ညဘက် ဖိုရုံလေးကို သွားပြီး အဖိုးတန် ကျမ်းတစ်စောင်ကို ခိုးယူရင်းနဲ့ ဝမ်ယုနဲ့တွေ့ပြီး တိုက်ပွဲဖြစ်တာပဲ'

ဟုပြော်ပြလေ၏။ စုံထောက်ဦးပေါ်ဦးကြီးက



www.burmeseclassic.com

www.burmeseclassic.com



'ကိုမင်းအောင် အပြောနဲ့တင် ဒီအမှုက အင်မတန် ရှုပ်ထွေးမယ် ဆိုတာ ရိပ်စားမိတယ်'

ဟုပြောလေရာ ကျွန်ုပ်က ခေါင်းညိတ်ပြီး

'ဟုတ်တယ်၊ အမှုက နယ်နယ်ရရတော့ ဟုတ်ပုံမရဘူး၊ဒါပေမဲ့ ကိုမင်းအောင် လိုက်တဲ့အမှု မပေါ်ဘူးဆိုတာ ရှိရိုးထုံးစံမှ မရှိတာ'

ဟုဆိုလိုက်၏။ ဆားပုလင်းမင်းအောင်ကမူ ကျွန်ုပ်တို့စကားကို မကြားဟန်ဖြင့် တစ်စုံတစ်ရာကို လေးနက်စွာ တွေးတောနေလေ၏။

ထို့နောက် ဆားပုလင်းမင်းအောင် သာယာဝတီမြို့ တစ်နေရာရှိ ကာကာဆိုင်လေးတစ်ဆိုင် အနီးရှိ သစ်ပင်ရိပ်အောက်တွင် ကားရပ်ခိုင်းပြီး ကျွန်ုပ်တို့အား ဆိုင်ထဲသို့ ခေါ်ဆောင်သွားလေ၏။

ကာကာဆိုင်၌ လက်ဖက်ရည်နှင့် နံပြားထောပတ်သုပ် မှာယူပြီး စားသောက်ကြလေ၏။ ထိုသို့ စားသောက်ရင်း နေ့လယ်စာစားချိန် ရောက်သဖြင့် စွန်းဝှခုန်းဆေးဝါး ထုတ်လုပ်ရေးမှ မိန်းကလေးတစ်စု ရောက်လာပြီး ကာကာဆိုင်နံဘေးရှိ မုန့်ဟင်းခါးဆိုင်တွင် ထိုင်ကြလေ၏။

ထိုအခါ ဆားပုလင်းမင်းအောင်က မိန်းကလေးများ၏ စကား





ရှိင်းနှင့် နီးသည့်ဝိုင်းသို့ ကူးပြောင်းပြီး ထိုင်လိုက်၏။ မိန်းကလေးတစ်စု သည် မုန့်ဟင်းခါးမှာစားရင်း

'ဝမ်ယုကြီးကိုသတ်ပြီး သေတ္တာထဲ ထည့်လိုက်တာ ရန်ကုန်ကို အောင် ရောက်သွားတယ်နော်၊ ကြောက်စရာကြီး'

ဟုဆိုလိုက်ရာ ကျွန်ုပ်သူတစ်ဦးက

'ရန်ကုန်က စုံထောက်တွေ လာပြီးလိုက်တယ်ဆိုတော့ တရားခံ ကို မိမှာသေချာတယ်'

ဟုပြောလေ၏။ မိန်းကလေးတစ်ဦးက

'စုံထောက်တွေက ဟိုတလောက ဆေးတိုက်ကိုလာပြီး ဆေးလိပ် သိုယ်စားလှယ် ယူမယ်ဆိုတဲ့ လူကို မသင်္ကာဘူးတဲ့၊ ငါတော့ သူ့ကို ဆောင်ပါ့ဘူး၊ ဘာကြောင့်လဲဆိုတော့ သူ့ကို ငါသိတယ်၊သူက သူတော် ကောင်းဟဲ့၊ လွန်ခဲ့တဲ့နှစ်က ငါ့ရွာပြန်တုန်းက ငါတို့ရွာမှာ ရေတွင်း တစ်တွင်း လာလှူတာ သူပေါ့၊ သူလှူတဲ့ ရေတွင်းမှာ ဒေါင်းကေရီ ကောင်းမှုလို့ရေးထိုးသွားတယ်၊ ဒေါင်းကေရီဆိုတဲ့ နံမည်လှလှလေးမို့ သူ့ကို ငါမှတ်မိနေတာ၊ သူကငါတို့ရွာလိုပဲ လိုအပ်တဲ့နေရာတွေမှာ ဒေါင်းကေရီဆိုတဲ့ အမည်နဲ့ လှူဒါန်းနေတာတဲ့၊ ဒေါင်းကေရီဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သူချစ်သူလား မသိဘူး'

ဟုပြောဆိုနေလေ၏။ ဆားပုလင်းမင်းအောင်က မျက်လုံးများအေး စင်းပြီး နားထောင်နေရာမှ မသိမသာ ခေါင်းညိတ်လိုက်လေ၏။

***





ကျွန်တော်တို့မြတ်စွာဘုရားကတောင်

'မိန်းမတို့၏အဆင်းသဏ္ဌာန်ကဲ့သို့ယောကျ်ားတို့

စိတ်နှလုံးကိုသိမ်းကျုံးယူငင်နိုင်သော

အဆင်းသဏ္ဌာန်မျိုးလောကတွင်

ငါဘုရားမြင်တော်မမူ'

လို့အစီရင်ခံပါဠိတော်မှာ

ဟောကြားခဲ့တာပဲဗျ။



www.burmeseclassic.com

www.burmeseclassic.com



စွန်းပူခုန်းဆေးပါးထုတ်လုပ်ရေးပိုင်ရှင် ဝမ်ယု အသတ်ခံရသည့် သတင်းကို သတင်းစာကြီးများက တခမ်းတနားဖော်ပြကြလေ၏။

မြန်မာ့အလင်းသတင်းစာကြီးက သေတ္တာထဲက မျောက်မင်း စွန်းပူခုန်းဟု စာလုံးမည်းကြီးများဖြင့် ဖော်ပြထားလေ၏။ သူကြီးဂေဇက် သတင်းစာကမူ 'လူကုံထံ တရုတ်အမျိုးသမီးနှင့် အလည်ရောက်လာ သော သေတ္တာကြီး' ဟု ဖော်ပြထားလေ၏။ သံတော်ဆင့် သတင်းစာ ကလည်း 'ဝတ်လစ်စလစ် အမျိုးသားနဲ့ တရုတ်အမျိုးသမီး ဘယ်လို





တော်သက်သလဲ' ဟုဖော်ပြပြန်၏။

ထိုကဲ့သို့ သတင်းစာများက သူ့ထက်ငါ ဖော်ပြနေသဖြင့် စုံထောက်မင်းကြီးသည် နေမထိ ထိုင်မသာဖြစ်ပြီး ကျွန်ုပ်တို့စုံထောက် ကျော်များကို ခေါ်ယူပြီး ဆူပူကြိမ်းမောင်းလေ၏။

'မြည်းသတ္တဝါလို အပျင်းထူတဲ့ လူကလေးတွေ စီအိုင်ဒီမှာ စုံထောက်လုပ်ရတာ မပျော်ဘူးလား၊ ကျွန်ုပ်ကိုပြောပါ၊ လူကလေးတို့ အားလုံးကို ပင်စင်ပေးလိုက်မယ်၊ ဘယ်သူမပျော်ဘူးလဲ ပြောပါ၊ သတင်းထောက်တွေက စီအိုင်ဒီကို အမြှောက်နဲ့ ပစ်သလိုလုပ်နေပြီ၊ ဆားပုလင်းမင်းအောင် မတွေ့တာကြာပြီ၊ သူ့ကို တရားခံ အမြန်ဖမ်း ပေးလို့ ကျွန်ုပ် တောင်းဆိုတဲ့အကြောင်း ပြောလိုက်ပါ'

ဟုမှာကြားပြီး ကျွန်ုပ်တို့ကို ကြိမ်းမောင်းနေပြန်၏။ ထို့နောက် တွင်မူ ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦးသည် စီအိုင်ဒီတွင် ဆက်လက် နေနိုင်တော့ဘဲ ဆားပုလင်းမင်းအောင် နေထိုင်ရာ ကျောက်မြောင်း၊ သာကလမ်း နေအိမ်သို့ သွားရောက်ခဲ့လေ၏။ဆားပုလင်းမင်းအောင် ၏နေအိမ်သို့ ရောက်သောအခါ စာအုပ်ပုံကြီးထဲတွင် ခေါင်းနှစ်နေသော ဆားပုလင်း မင်းအောင်ကို တွေ့ရလေ၏။ ဆားပုလင်းမင်းအောင်က



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီး

"မင်းကြီး ဆူလိုက်တယ် မှတ်တယ်၊ ကျွန်တော့်ကိုလဲ မတွေ့တာကြာပြီ၊ တရားခံကို အမြန်ဆုံးဖမ်းပေးပါလို့ မှာကြားလိုက်တယ် မဟုတ်လား"

ဟုမေးမြန်းလေရာ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိလေ၏။

ထိုနောက်တွင်မှ ဆားပုလင်းမင်းအောင်က ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦးအား တရုတ်ပျော်ပွဲစားရုံသို့ ခေါ်ဆောင်ပြီး နေ့လယ်စာကျွေးမွေးလေ၏။ ကျွန်ုပ်က ကိုမင်းအောင် ကျွေးမွေးသော တရုတ်စာများကို စားသောက်ရင်း

"တရားခံကို သဲလွန်စကောက်လို့မရသေးဘူးလား ကိုမင်းအောင်"

ဟုမေးမြန်းလိုက်၏။ထိုအခါ ဆားပုလင်းမင်းအောင်က စီးကရက်ကို မီးညှိလိုက်ပြီး

"သဲလွန်စရဖို့ ကွင်းဆက်လေး နည်းနည်းပြတ်နေတယ်ဗျ၊ တရားခံဟာ လောကီပညာကျမ်းတစ်စောင်ရဖို့အတွက် ဝမ်ယုကို သတ်ခဲ့တယ်၊ ဒါပေမဲ့ သူဟာ လူဆိုးတစ်ယောက် မဟုတ်ဘူးဗျ၊ သူဟာ မြို့တော်ပြည် အရပ်ရပ်မှာ တံတားတွေဆောက်တယ်၊ ရေတွင်း ရေကန်တွေတူးတယ်၊ရေချမ်းစင်ကလေးတွေ လုပ်တယ်၊ သူ့ရဲ့ကောင်းမှုတိုင်းမှာတော့ ဒေါင်းကောရီ၏ကောင်းမှုလို့ စာတန်းထိုးခဲ့တယ်၊ သူဟာ ဒေါင်းကောရီဆိုတဲ့ မိန်းမနဲ့ ဘယ်လိုပတ်သက်သလဲ၊ ဘာဖြစ်လို့ မြန်မာပြည်အနှံ့လှည့်လည်ပြီး အလှူအတန်းတွေ ပြုလုပ်နေတာလဲ၊ ထူးဆန်းတယ်ဗျာ"

ဟုပြောလေ၏။ထိုအခါ စုံထောက်ဦးပေါ်ဦးက

"ဒါဆိုရင် တရားခံကို အခုဖမ်းဖို့ဝေးနေပြီပေါ့"

ဟုညည်းညူလိုက်၏။ဆားပုလင်းမင်းအောင်က ခေါင်းခါယမ်းပြီး

"မပူပါနဲ့ဗျာ၊ တစ်ရက် နှစ်ရက်နေရင် တရားခံကို ဖမ်းလို့ရနိုင်မှာပါ"

ဟုဆိုလိုက်ရာ ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦးသည် ဝမ်းသာရွှင်ပြီး စိတ်လွတ်ကိုယ်လွတ် ပျော်နိုင်လေတော့၏။

***







www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ ရောက်သောအခါ ဆားပုလင်းမင်းအောင်က အကြော်စားချင်သည် ဆိုကာ စီအိုင်ဒီမှ ထွက်ခဲ့ပြီး အင်းစိန်ထောင်ကြီး၏ မနီးမဝေးရှိ ရပ်ကွက်ဘက်သို့ ကားကို မောင်းနှင်ခဲ့လေ၏။

ထိုရပ်ကွက်ကလေး၏ စေတီငယ်လေး အနီးတွင် အကြော်ဆိုင်လေးတစ်ဆိုင်ကို တွေ့ရလေ၏။ ကျွန်ုပ်တို့လူစုသည် ကားပေါ်မှ ဆင်းပြီး အရိပ်ကောင်းသော သစ်ပင်ရိပ်၌ အကြော်စားကြလေ၏။ ကျွန်ုပ်တို့ အကြော်စားသော နေရာနှင့် မနီးမဝေးတွင် လက်သမား သုံးယောက်က ချောင်းငယ်လေးတစ်ခုကို ဖြတ်သန်းသော တံတား တစ်ခုကို ဆောက်လုပ်နေလေ၏။ စုံထောက်ဦးပေါ်ဦးကြီးက ဘူးသီး





ကြော် သုံးပွဲမျှ စားသောက်လိုက်ပြီး

'ဆာဆာနဲ့ စားလိုက်တာ၊သုံးပွဲတောင် ကုန်သွားတယ်၊ဗိုက်ထဲမှာ တင်းသွားတာပဲ၊ အကြော်စားလို့တော့ ကောင်းပါရဲ့ဗျာ၊ တရားခံကို မမိသေးတဲ့အတွက် စိတ်အေးလက်အေး မစားနိုင်ဘူး'

ဟုဆိုလိုက်ရာ ဆားပုလင်းမင်းအောင်က သက်ပြင်းချလိုက်ပြီး

'စိတ်အေးလက်အေး စားပါဗျာ၊ တရားခံကို ဖမ်းမိတော့မှာပါ'

ဟုပြောလိုက်လေ၏။ ကျွန်ုပ်က ဝင်ရောက်ပြီး

'ဘယ်တော့ဖမ်းမှာလဲ ကိုမင်းအောင်'

ဟုမေးမြန်းလိုက်လေ၏။ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်ပြီး

'အခုပဲ ဖမ်းမှာပါဗျာ'

ဟုဆိုကာ ထိုင်ရာမှ ထပြီး လက်သမားများ ဆောက်လုပ်ပြီးစီးသွားသော တံတားဆီသို့ လျှောက်လှမ်းသွားလေ၏။ လက်သမားများသည် တံတားဆောက်လုပ် ပြီးစီးသွားသဖြင့် ထိုနေရာမှ ထွက်သွားပြီဖြစ်၏။

တံတားလေး၏ အနီးတွင် လူတစ်ဦးသည် ဆေးနှင့်စုတ်တံကို



www.burmeseclassic.com

www.burmeseclassic.com



ယူတာ ကုသိုလ်ရှင်၏ အမည်ကို ရေးထိုးနေကြောင်းတွေ့ရလေ၏။

ဆားပုလင်းမင်းအောင်သည် ထိုသူ ရှိရာသို့ လျှောက်လှမ်းသွားရင်းတံတားလေးကို လက်ခုပ်တီးပြီး အားပေးလိုက်လေ၏။ထိုသူက လှည့်ကြည့်ပြီး

'တံတားလေး ဆောက်ပြီး လှူဒါန်းခွင့်ရတာ ဝမ်းသာလိုက်တာဗျာ'

ဟု ဆိုလိုက်ရာ ဆားပုလင်းမင်းအောင်က တည်ကြည်စွာ ကြည့်လိုက်ပြီး

'သာဓုခေါ်ပါတယ်ဗျာ၊ မြန်မာပြည်အနှံ့မှာ ဒေါင်းကေရီ ဆိုတဲ့အမည်နဲ့ အလှူဒါနလေးတွေလုပ်နေတာကောင်းရဲ့သားနဲ့၊ ဘာဖြစ်လို့စုန်းဝှခုန်းဆေးတိုက်ပိုင်ရှင် ဝမ်ယုကိုသတ်ရတာလဲ'

ဟုပြောလိုက်ရာ ထိုသူသည် ဆားပုလင်းမင်းအောင်ကို အံ့သြဟန်ဖြင့် ကြည့်လိုက်လေ၏။ ဆားပုလင်းမင်းအောင်က စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ပြီး

'ကျုပ်က အင်းစိန်နီစီအိုင်ဒီက ဆားပုလင်းမင်းအောင်ပါ၊ ကိုနေဘုန်းကို စုန်းဝှခုန်းဆေးတိုက်ပိုင်ရှင် ဝမ်ယုကို သတ်မှုနဲ့ ဖမ်းဆီးလိုက်ပါပြီ'





ဟုဆိုလိုက်လေ၏။ ထိုအခါ ကိုနေဘုန်းဆိုသူသည် ဆားပုလင်းမင်းအောင် မိမိအနောက်သို့ ခြေရာကောက်နိုင်ပြီ ဖြစ်ကြောင်း ရိပ်စားမိသွားလေ၏။

ထို့ကြောင့် သဘောကျဟန်ဖြင့် တဟားဟား ရယ်မောလိုက်ပြီး

'တော်ပါပေတယ် ဆားပုလင်းမင်းအောင်ရယ် ဒီလောက်ပိပိရိရိ အေးလွှမ်းခဲ့တဲ့ လူသတ်မှုကို ရအောင်ဖမ်းဆီးနိုင်တာ ချီးကျူးပါတယ်၊ သာမဖြစ်ဖြစ် ဆားပုလင်းမင်းအောင်လို မြန်မာနိုင်ငံ ပုလိပ်အဖွဲ့ရဲ့ အတော်ဆုံးလူလက်ထဲမှာ အဖမ်းခံရတာ ကျုပ်ဂုဏ်ယူပါတယ်'

ဟုပြောလိုက်လေ၏။

ထိုအခါ ဆားပုလင်းမင်းအောင်က ကိုနေဘုန်းကို လေးစားဟန်ဖြင့် ကြည့်ပြီး

'ကိုနေဘုန်းလို သူရသတ္တိရှိတဲ့ လူတစ်ယောက်ကို ကျွန်တော် အက်ထိတ်မခတ်ချင်ဘူးဗျာ၊ ဒါကြောင့် ထွက်မပြေးပါဘူးလို့ ကတိပေးစေခ်ိးပါဗျာ'

ဟုပြောလိုက်လေ၏။ကိုနေဘုန်းက သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'ဖြိုင်ပွဲက ပြီးဆုံးသွားပြီ ကိုမင်းအောင်၊ ကျုပ်ရှုံးသွားပြီပဲ။ ယောက်ျားပီပီသသ ရင်ဆိုင်ရမှာပေါ့၊ ထွက်ပြေးတယ်ဆိုတာ လူညံ့တွေ အလုပ်ပါ'

ဟုပြောလိုက်လေ၏။

ထိုအခါ ဆားပုလင်းမင်းအောင်သည် ကိုနေဘုန်းကို ခေါ်ပြီး ကျွန်ုပ်တို့ရှိရာဘက်သို့ လျှောက်လှမ်းလာလေ၏။

ပြီးနောက်ဆားပုလင်းမင်းအောင်က

'ယောဒီမိတ်ဆွေနံမည်က ကိုနေဘုန်းတဲ့၊ စွန်းဝှခုန်းဆေးတိုက် ပိုင်ရှင် ဝမ်ယုကိုသတ်တဲ့ တရားခံပေါ့ဗျာ'

ဟုပြောလေရာ ကိုနေဘုန်းက ကျွန်ုပ်တို့ကို ခင်မင်ရင်နှီးသော အမူအယာဖြင့် ပြုံးပြလိုက်လေ၏။ ထို့နောက်တွင်မူ ကျွန်ုပ်တို့ စုံထောက် ကျော်များသည် တရားခံကိုနေဘုန်းကို အင်းစိန် စီအိုင်ဒီသို့ ခေါ် ဆောင်သွားလေ၏။ ကိုနေဘုန်းသည် တုန်လှုပ်ဟန် မပြဘဲ သက်သောင့် သက်သာ အမူအယာဖြင့် အင်းစိန်စီအိုင်ဒီသို့ လိုက်ပါလာလေ၏။

***





'မြန်မာပြည်အရပ်ရပ်ကဂါတ်တွေကိုသံကြိုးရိုက်ပြီး စုံစမ်းကြည့်တော့ဒေါင်းကောရီဆိုတဲ့အမည်နဲ့ တံတားတွေ၊ရေချမ်းစင်တွေ၊ရေတွင်းတွေ အများကြီးလှူဒါန်းထားတာတွေရတယ်၊ ကိုနေဘုန်းရဲ့အလှူဟာ ပကာသန အလှူတွေ မဟုတ်ဘူးဗျ၊တကယ်လိုအပ်လို့ လှူတဲ့ အလှူတွေချည်းပဲ'



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညသို့ ရောက်သောအခါကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦး

သည် ဆားပုလင်းမင်းအောင်ကို ဘုံသောရက်စတော့ရင့်တွင် ညစာကျွေး

ရင်း ကျွန်ုပ်က

'ဆိုစမ်းပါဦး ကိုမင်းအောင်၊ တရားခံကို ဘယ်လိုသဲလွန်

ကောက်သလဲ ဆိုတာ'

ဟုမေးမြန်းလိုက်၏။ဆားပုလင်းမင်းအောင်က ခေါင်းညိတ်ပြီး

'ဒီအမှုမှာ အဓိက ကျတဲ့ တရားခံကိုနေဘုန်းဟာ ဒေါင်းကေ

ဆိုတဲ့အမည်နဲ့ မြန်မာပြည်အနှံ့မှာ ကုသိုလ်ကောင်းမှုတွေ လုပ်နေတာ





ချုပ် မြန်မာပြည် အရပ်ရပ်က ဂါတ်တွေကို သံကြိုးရိုက်ပြီး စုံစမ်း

ကြည့်တော့ ဒေါင်းကေရီဆိုတဲ့အမည်နဲ့ တံတားတွေ၊ ရေချမ်းစင်တွေ၊

ရေတွင်းတွေ အများကြီး လှူဒါန်းထားတာတွေ့ရတယ်၊ ကိုနေဘုန်းရဲ့

အလှူဟာ ပကာသနအလှူတွေ မဟုတ်ဘူးဗျ၊ တကယ်လိုအပ်လို့

လှူတဲ့အလှူတွေချည်းပဲ'

ဟုပြောလေ၏။ဆားပုလင်းမင်းအောင်က ဆက်လက်ပြီး

'ဒေါင်းကေရီ အလှူတွေက မြန်မာပြည်အနှံ့မှာ ရှိနေတယ်၊

ဒါကြောင့် ဒေါင်းကေရီကို ကျုပ်မျက်စိရှေ့ရောက်အောင်လုပ်ဖို့ ဆုံးဖြတ်

လိုက်တယ်'

ဟုပြောလေရာ စုံထောက်ဦးပေါ်ဦးကြီးက

'ဘယ်လိုလုပ်တာလဲ'

ဟုမေးမြန်းလိုက်လေ၏။ ဆားပုလင်းမင်းအောင်က

'ဒီလိုလုပ်ဖို့ ကျုပ်တပည့်လေးတွေ အသုံးပြုခဲ့ရတယ်ဗျ၊ နင်ဂျာ

လေးတွေလေ'

ဟုပြောလေ၏။ဆားပုလင်းမင်းအောင် ပြောသော နင်ဂျာလေး

တွေ ဆိုသည်မှာရန်ကုန်မြို့ထဲတွင် ဖိနပ်တိုက်ခြင်း၊ ကွမ်းယာရောင်းခြင်း



www.burmeseclassic.com

www.burmeseclassic.com



စသည့် တောက်တိုမယ်ရ အလုပ်များ လုပ်ကိုင်သော လူငယ်လေးများ ဖြစ်ကြ၏။

ဆားပုလင်းမင်းအောင်က ထိုလူငယ်လေးများကို စုံထောက်ဉာဏ် ရှိအောင် ခေါ်ယူလေ့ကျင့်ပေးထားသဖြင့် တစ်ခါတစ်ရံ ပုလိပ်များ ထက်ပင် နေရာကျလေ၏။

ဆားပုလင်းမင်းအောင်က ဆက်လက်ပြီး

"ဒီရပ်ကွက်ထဲမှာဟိုနေရာစပ်စပ် သည်နေရာစပ်စပ် ပါလေ့ရှိတဲ့ သတင်းထောက်လုဆွေဆိုတဲ့လူတစ်ယောက်ရှိတယ်၊ သူဟာနံနက် သတင်းစာတိုက်ကို မသွားမီ ဒီအကြော်ဆိုင်လေးမှာ အကြော်စားလေ့ ရှိတယ်၊ လွန်ခဲ့တဲ့ရက်က သတင်းထောက်ကိုလုဆွေ အကြော်စားနေ တုန်း ကျောင်းတက်မဲ့ကလေးနှစ်ယောက်ဟာ ဟောဒီအသစ်ပြင်ပြီး သွားတဲ့ တံတားပေါ်က ရေထဲကို ဝုန်းခနဲ ပြုတ်ကျသွားတယ်၊ ဒီအခါမှာ သတင်းထောက်လုဆွေဟာ သတင်းထူးနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ပြီဆိုပြီးတော့ ရေထဲကတက်လာတဲ့ ကျောင်းသားလေး နှစ်ယောက် ကို ဓါတ်ပုံ ကျကျ နန ရိုက်ပြီး ဆွေးမြေ့နေတဲ့ တံတားကို ပြုပြင်နိုင်သူ သူတော်ကောင်းပေါ်ရင် သာဓုခေါ်လိုကြောင်း မြန်မာ့အလင်း





သတင်းစာမှာ သတင်းရေးလိုက်တယ်ဗျ၊ ဒီသတင်းကို တရားခံ ကိုနေဘုန်း ဖတ်မိရင် ဆွေးမြေ့နေတဲ့ တံတားလေးကို အသစ်ပြုပြင်ချင် စိတ် ဖြစ်ပေါ်လာမှာအမှန်ပဲ၊ ဒီရက်ပိုင်းမှာ ကိုနေဘုန်းက လူသတ်မှု ကျူးလွန်ထားတယ် ဆိုတော့ သတင်းစာထဲမှာ ဟိုးလေးတကျော်ပါနေတဲ့ လူသတ်မှုသတင်းတွေကို စောင့်ဖတ်ရင်း ဒီသတင်းကို မြင်မိမှာ သေချာ တယ်၊ ဒါကြောင့် ကိုနေဘုန်းကို တံတား ပြင်ဖို့ ထောင်ချောက်ဆင် ရတာဗျ"

ဟုပြောလေရာ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် ဆားပုလင်း မင်းအောင်၏ အကြံဉာဏ်ကို မချီးကျူးဘဲ မနေနိုင်တော့ချေ။ စုံထောက် ဦးပေါ်ဦးကြီးက

"ပိုင်လိုက်တဲ့ အကြံဗျာ၊ ဒါကြောင့်လဲ ဆားပုလင်းမင်းအောင် ဆိုပြီး နံမည်ကြီးပေတာပဲ"

ဟုပြောလေ၏။ ကျွန်ုပ်ကလည်း

"ဟုတ်ပါ့ဗျာ၊ ဒါနဲ့ ကလေးတွေ သရုပ်ဆောင်တာလဲ ကောင်း တယ်နော်"

ဟုဆိုလိုက်ရာ ဆားပုလင်းမင်းအောင်က



www.burmeseclassic.com

www.burmeseclassic.com



'ဟဲဟဲ--ကလေးနှစ်ယောက် ရေထဲကျနိုင်ဖို့ ကျွန်တော်ကိုယ်တိုင် ညကတည်းက တံတားပေါ်က သံတွေကို ခွာထားရတယ်ဗျ၊ သတင်းထောက်ကိုလှမ်းခွေ အကြော်စားတဲ့ အချိန်ရောက်မှ ကလေးနှစ်ယောက် အချိန်ကိုက် တံတားပေါ်ကဖြတ်ပြီး မျဉ်ပြားကို ဒိုင်းခနဲ ခြေထောက်နဲ့ဆောင့်ပြီးကျိုးအောင်လုပ်လိုက်တယ်၊ ပြီးတော့ ရေထဲ ကျချင်ယောင်ဆောင်လိုက်တာပေါ့ဗျာ၊ နှင်ကျာကလေးတွေ သရုပ်ဆောင်ကောင်းတာလဲ ပါတာပေါ့ဗျာ'

ဟုပြောလိုက်လေ၏။ထိုအခါ ကျွန်ုပ်က

'ကောင်းလိုက်တဲ့ အကွက်ဗျာ၊လှလိုက်တာ၊ ဒါကြောင့်လဲ စီအိုင်ဒီမှာ ဆားပုလင်းမင်းအောင်ကို ဘယ်သူမှ မလှန်နိုင်တာကိုး'

ဟုမှတ်ချက်ချလိုက်ရာ ဆားပုလင်းမင်းအောင်သည် မည်သည့်စကားမျှ မဆိုတော့ဘဲ ထမင်းကိုသာ ငုံစားနေလေ၏။

***





နိမ့်ကျသောသူ၏သားပင်ဖြစ်လင့်ကစား
မင်း၊အမတ်ဖြစ်နိုင်၏။
သူမိုက်၏သားပင်ဖြစ်လင့်ကစားပညာရှိဖြစ်နိုင်၏။
ဥစ္စာမရှိသူ၏သားပင်ဖြစ်လင့်ကစား
ကြွယ်ဝချမ်းသာနိုင်၏။
ထို့ကြောင့်ယောက်ျားတို့ကိုအထင်မသေးအပ်...။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် နောက်တစ်နေ့တွင် အင်းစိန် စီအိုင်ဒီသို့ သွား

တရားခံကိုနေဘုန်း၏ ထွက်ဆိုချက်များကို ရယူလေတော့၏။ ကိုနေဘု

၏ ထွက်ဆိုချက်များကို စာရေးဆရာ ပိုးဝင်နေသော ကျွန်ုပ်ကိုယ်တိုင်

ရေးသားလေ၏။ ထိုထွက်ဆိုချက်များကို မူရင်းအတိုင်း တင်ပြပါ

ကျွန်ုပ်၏ စာဖတ်ပရိသတ်များ ပျင်းရိငြီးငွေ့ဖွယ် ဖြစ်ပေလိမ့်မည်

ထို့ကြောင့် ကိုနေဘုန်း၏ထွက်ဆိုချက်များအား စာရေးဆရာ

တတ်သင့်တတ်အပ်သော ပညာကို အသုံးပြုပြီး ဝတ္ထုသဖွယ် ပြုပြင်





သား ဖော်ပြလိုက်လေ၏။ ထိုထွက်ဆိုချက်များ၌ စိတ်ဝင်စားဖွယ်၊ တ်လန့်ဖွယ်၊အားကျဖွယ်၊ အတုယူဖွယ်များ စုံစုံလင်လင် ပါရှိသည် ချေ။ထိုထွက်ဆိုချက် မှတ်တမ်းသည်ပင်လျှင် ကျွန်ုပ်ရေး သားဖော်ပြ သော ဆားပုလင်းမင်းအောင်နှင့် ဒေါင်းကေရီဆိုသည့် ဝတ္ထုကြီး ပေတော့သတည်း။

***

မြနန်းဆီစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း(၂)

တစ်နေ့သ၌ မြန်မာပြည်အလယ်ပိုင်း မြို့တစ်မြို့၏ အရိပ်ကောင်း ဈာရရှိသော ခြံကြီးတစ်ခြံတွင် လူငယ်တစ်ဦးသည် မျက်လုံးအစုံ မှေးစင်းရင်း

'နိမ့်ကျသောသူ၏ သားပင်ဖြစ်လင့်ကစား မင်း၊ အမတ်ဖြ နိုင်၏။ သူမိုက်၏ သားပင်ဖြစ်လင့်ကစား ပညာရှိဖြစ်နိုင်၏။ ဥစ္စာမရှိသူ၏ သားပင်ဖြစ်လင့်ကစား ကြွယ်ဝချမ်းသာနိုင်၏။ ထို့ကြောင့် ယောက်ျားတို့ကို အထင်မသေးအပ်'





ဟုလောကနီတိဂါ ထာတစ်ပုဒ်ကို တီးတိုးရေရွတ်နေလေ၏။ ထိုအခိုက်မှာပင် လူငယ်၏အနီးသို့ မုန့်ဟင်းခါး လှည်းကြီးကို တွန်း လာသော အသက် ၅၀ ဝန်းကျင် မိန်းမတစ်ယောက် ရောက်ရှိလာပြီး လျှင်

'ဟဲ့..နေဘုန်း နင်ဘာတွေရွတ်နေတာလဲ၊ ကြပ်မပြည့်တဲ့ လူကြီးနဲ့ ပေါင်းပြီး ကဗျာလိုလို ဂါထာလိုလို လုပ်မနေနဲ့၊ နေစောင်းနေပြီ ရေမိုးချိုး ထမင်းစားမယ်'

ဟုဆူပူကြိမ်းမောင်းလိုက်ရာ လူငယ်က မျက်နှာရှုံ့မဲ့ပြီး

'အေးအေးဆေးဆေးပေါ့အဒေါ်ရယ်..ဘာကြောင့် လောနေ တာလဲ၊ ဒါကြောင့် လောကနီတိမှာ '**ယောက်မသည် ဟင်း၏အရသာ ကိုမသိသကဲ့သို့ လူမိုက်သည် ပညာရှိအား အသက်ထက်ဆုံး ဆည်းကပ် သော်လည်း သူတော်ကောင်းတရားကို မသိနိုင်လို့**' လို့ဆိုထားတာပေါ့'

ဟုဆိုလိုက်ရာ အဒေါ်ဖြစ်သူ မိန်းမ၏ မျက်နှာရှုံ့မဲ့သွားပြီး

'နင်ကငါ့ကို လူမိုက်လို့ ပြောလိုက်တာပေါ့လေ၊ ငါကတော့ နေ့မအား ညမအား နင်မျိုးဆိုဖို့ မုန့်ဟင်းခါးရောင်းလိုက်ရတာ၊ အဒေါ်ကို စော်ကားနေတယ်၊ သေနှာကောင်လေး'



www.burmeseclassic.com

ဟုမကျေမချမ်းဆိုလိုက်၏။ထိုအခါ နေဘုန်းက ဆက်လက်ပြီး လျှင်

**'အမျက်ဒေါသကို မြေဖျောက်နိုင်လျှင် စိုးရိမ်ခြင်းကင်း၏။ ကြမ်းကြုတ်သော စကားကို သည်းခံခြင်းသည်မြတ်၏ လို့လောကနီတိ**မှာ ဆိုထားတယ်၊ဒါကြောင့် ကျွန်တော်သည်းခံနိုင်ပါတယ်၊ အဒေါ်ရယ်'

ဟုဆိုလိုက်ပြန်ရာ အဒေါ်ဖြစ်သူသည် စိတ်မထိမ်းနိုင်တော့ဘဲ

'နှင့်ကငါ့ကိုသည်းမခံနိုင်တော့တာလုပ်ချင်လဲ၊သေနာကောင်လေး'

ဟုဆဲဆိုကာ ခေါင်းကို တဒေါက်ဒေါက် ခေါက်လိုက်လေ၏။

လူငယ်သည် အဒေါ်ဖြစ်သူ၏ နှိင်းစေမှုကို မငြင်းဆန်နိုင်တော့ဘဲ ရေမိုးချိုးရန် ထွက်ခဲ့လေ၏။ ထိုသို့ထွက်ခဲ့ရင်း

**'ကျီးတို့ရဲ့ အလယ်မှာ ရောနှောနေခြင်းကြောင့် ဟင်္သာမင်းမှာ မတင့်တယ်၊၊နွားအုပ်အတွင်းမှာ ရောနှောနေခြင်းကြောင့် ခြင်္သေ့မင်းမှာ မတင့်တယ်၊၊သူမိုက်တို့အလယ်မှာ ရောနှောနေခြင်းကြောင့် ပညာရှိသူတော်ကောင်းမှာ မတင့်တယ်'**

ဟုဆိုသော လောကနီတိ ဂါထာတစ်ပိုင်းတစ်စကို ကျယ်လောင်စွာ ရွတ်ဆိုပြီး ထွက်ခွာသွားလေရာ နေဘုန်း၏ အဒေါ်က စိတ်ပျက်





စိတ်ပျက် ခေါင်းခါယမ်းလိုက်ပြီး

'ဒီကောင်လေးနဲ့တော့ ခက်ပါပြီ၊ စာရှူးပေရှူး အဘိုးကြီးနဲ့ နေခဲ့ပြီး ကိုယ့်ဘဝကိုယ် ဖျက်နေတယ်၊ဒင်းကြောင့် ငါတော့ခက်တယ်'

ဟုညည်းညူလိုက်လေ၏။ လူငယ်၏ မိဘများ ဆုံးပါးသွားပြီးနောက်ပိုင်း အဒေါ်ဖြစ်သူကပင် ကြီးပြင်းအောင် ကျွေးမွေးပြုစုခဲ့ခြင်းဖြစ်၏။

အဒေါ်ဖြစ်သူသည် အပျိုကြီး တစ်ယောက်ဖြစ်ပြီး နေဘုန်းကို သားအရင်းကဲ့သို့ ချစ်မြတ်နိုးဖြစ်၏။နေဘုန်းသည် ရေချိုးရန် ရေတွင်းသို့သွားပြီး ပုံးဖြင့် ရေငင်လေ၏။ပြီးနောက် ကိုယ်ခန္ဓာကို ဆပ်ပြာတိုက်ရန် ပြင်ဆင်နေစဉ် အိမ်ဝန်းထဲသို့ အသက် ၅၀ ဝန်းကျင်လူကြီးတစ်ဦး ဝင်ရောက်လာပြီးလျှင် လက်ခမောင်းကို တဖြောင်းဖြောင်းခတ်ကာ

'မတစ်ထောင် တစ်ကောင်ဘွား ကျွားဆိုမှကျား'

ဟုဆိုကာ လူငယ်ကိုခြေဖြင့်လှမ်းကန်လိုက်လေ၏။

နေဘုန်းသည်အဘိုးကြီး၏ ခြေကန်ချက်ကို အဲနောက်သို့ ရှောင်မြန်စွာ ရှောင်တိမ်းလိုက်ပြီး

www.burmeseclassic.com



'ဘယ်လိုဖြစ်တာလဲ၊ ဦးထိပ်သီးရယ်..ကျုပ်အဒေါ်မြင်ရင် ဦး
ထိပ်သီးကို အသက်ကြီးပြီးအချိန်မစီးတဲ့ လူကြီးလို့ ကဲ့ရဲ့နေဦးမယ်'

ဟုဆိုလိုက်လေ၏။ထိုအခါ အဘိုးကြီး၏ မျက်နှာရှုံမဲ့သွားပြီးလျှ

'ဘာ..မင်းအဒေါ်က ငါ့ကို ကျုပ်မပြည့်တဲ့ အဘိုးကြီးလို့ ကဲ့
တယ်ဟုတ်လား၊ သူကရော ဘယ်လောက်ကျုပ်ပြည့်လို့လဲ လင်လိုချ
လွန်းလို့ နန့်နန့်တက်နေတဲ့ မိန်းမကများ'

ဟုပြောဆိုပြီး နေဘုန်းကို ပြင်းထန်သော လက်သီးချက်များဖြ
တရစပ်တိုက်ခိုက်လေ၏။ နေဘုန်းသည် ဦးထိပ်သီး၏ တိုက်ကွက်များ
လျှင်မြန်စွာ ရှောင်တိမ်းရလေ၏။ သူတို့နှစ်ဦးသည် တစ်ဦးနှင့် တစ်ဦး
အပြန်အလှန် သတ်ပုတ်မဲ့ဖြစ်သောကြောင့် တစ်ယောက်အထာကို တစ်
ယောက် ကောင်းစွာသိ၏။

နာရီဝက် နီးပါး သတ်ပုတ်ပြီးသောအခါ ဦးထိပ်သီးသည် သတ်
ပုတ်ခြင်းကို ရုတ်တရက် ရပ်လိုက်ပြီးလျှင်

'တော်ပြီကွာ..ကျုပ်မပြည့်တဲ့ မိန်းမ ရောက်လာပြီ.... ငါသွား
တော့မယ်'

ဟုဆိုကာ ခြံစည်းရိုးကို အရွယ်နှင့် မလိုက်အောင် လွှားခ





ခုန်ကျော်ပြီး ထိုနေရာမှ ထွက်ခွါသွားလေ၏။ ထိုအခိုက်မှာပင် နေဘုန်း၏
အနောက်သို့ အဒေါ်ရောက်လာပြီး

'ဟဲ့..ကောင်လေး ရေမချိုးသေးပဲနဲ့ ဘယ်သူနဲ့ စကားပြောနေ
တာလဲ၊ လူသံကြားသလို ရှိပါတယ်'

ဟုမေးမြန်းလိုက်ရာ နေဘုန်းက ရယ်မောပြီး

'ကျွန်တော် စာရွတ်နေတာပါ၊အဒေါ်ရယ်၊ချိုးတော့မှာပါ'

ဟုဖြေလိုက်လေ၏။

အဒေါ်သည် ဦးထိပ်သီး၏အသံကိုနားစွန်နားဖျား ကြားလိုက်
ပုံရ၏။အဒေါ်က

'ရေချိုးတော့ ထမင်းစားမယ်၊ဟင်းပွဲပြင်ပြီးပြီ'

ဟုပြောလေ၏။နေဘုန်းသည် ရေချိုးပြီးနောက် အဒေါ်ဖြစ်သူ
ချက်ပြုတ်ထားသော ဝက်မရမ်းပြားဟင်းကို မြိန်ရှက်စွာ စားသောက်
လေ၏။ထိုသို့ စားသောက်ပြီးသောအခါ ခြံထဲရှိ ခုံတန်းလျားသို့ သွားကာ
ထိန်ထိန်သာနေသော လမင်းကြီးကို ငေးမောကြည့်ရှုနေလေ၏။
ထိုအခိုက်မှာပင် သူ၏အနီးသို့ ကပွဲယကြီး ဦးထိပ်သီးရောက်ရှိလာ
ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



'လမင်းကြီးကို ငေးပြီးဘာတွေ တွေးနေတာလဲကွ၊လောကမှာ အေးမြတဲ့ လမင်းလို ကျင့်ကြံရင် ကြယ်တာရာအခြွေအရံတွေ ဝန်းရံနေလိမ့်မယ်။ နေမင်းလို ပူပြင်းတဲ့ အကျင့်ကိုကျင့်ရင်တော့ ကြယ်တာရာ အခြွေအရံ မရှိဘဲ တစ်ကိုယ်တည်း အထီးကျန် နေရလိမ့်မယ်၊ ဒါကြောင့် လမင်းလို ကျင့်ကြံဖို့ ကြိုးစားပါ'

လို့ပြောလိုက်တော့ နေဘုန်းက ခေါင်းညိတ်ပြီး

'လမင်းကြီးက အေးမြလိုက်တာဗျာ၊ ဝိုင်းစက်နေတာပဲ'

ဟုဆိုလိုက်ရာကပ္ပိယကြီးဦးထိပ်သီးကခေါင်းညိတ်ပြီး

'လပြည့်ည ဝိုင်းစက်နေတဲ့ လကြီးဟာ နေနဲ့ ဂြိုဟ်တွေထက် ကြီးတယ်လို့ထင်ရတယ်၊ တကယ်တော့ လဟာ နေထက်အများကြီးငယ်ပြီး ဂြိုဟ်တွေထက်လဲ ငယ်တယ်ကွ၊ ကြယ်တွေဟာ နေထက် တောင်ကြီးတယ်'

ဟုဆိုကာ စကြဝဠာကြီး အတွင်းရှိ ကြယ်တာရာများ၊ ဂြိုလ်များ အကြောင်းကို နက္ခတ်တာရာ အယူအဆများနှင့် တွဲကာ စိတ်ဝင်စားဖွယ် စီကာပတ်ကုံး ပြောပြလေ၏။

တစ်နာရီကျော်မျှ ကြာသောအခါမှပင် ဦးထိပ်သီးက





'ဒီနေ့တော့ ဒီလောက်ပဲကွာ၊ ငါသွားတော့မယ်၊ ဆရာတော်ကြီးအတွက် ဆွမ်းချက်ရဦးမယ်'

ဟုဆိုကာ ကျောင်းဘက်သို့ ပြန်လည်ထွက်ခွာသွားလေ၏။ နေဘုန်းသည် သူ့ဆရာဦးထိပ်သီး၏နောက်ကျောကို ကြည့်ရင်း

'ဒီလူကြီးနဲ့သိကျွမ်းရတာ ငါ့အတွက် သိပ်တန်ဘိုးရှိတာပဲ၊ သူ့ဆီ ကမမျှော်မှန်းနိုင်တဲ့ အတတ်ပညာတွေ သင်ယူခွင့်ရှိတယ်၊ ဒါကြောင့်လဲ လောကနီတိမှာ 'လျှာသည် ဟင်း၏အရသာသိ သကဲ့သို့လိမ္မာသောသူသည် ပညာရှိအား တခဏဆည်းကပ်ရမှု သူတော်ကောင်းတရားကို လျင်မြန်စွာသိ၏' လို့ ဖော်ပြထားတာပဲ'

ဟုတွေးလိုက်မိလေ၏။

ကပ္ပိယကြီး ဦးထိပ်သီးသည် မြို့ဦးကျောင်းတွင် နေထိုင်ပြီး သူ၏ ဆရာရင်းဖြစ်၏။ ထိုအခိုက်မှာပင် အဒေါ်အပျိုကြီးက အိမ်ထဲမှ လှမ်းအော် လိုက်လေ၏။

'ဟဲ့ကောင်လေး‥ မနက်ကျကျောင်းတက်ရမယ်လေ၊ အိပ်တော့‥ နင်စာကျက်တာလဲ တစ်ခါမှ မတွေ့ပါလား၊ကျောင်းမှာ စာညံ့ရင် ဆရာကြီးဦးပုတော့ ကြိမ်းတော့မှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



နေဘုန်းသည် ဦးထိပ်သီး ပြောသော စကားကို ကြားယောင်နေပြန်၏။

"စာနဲ့ကိုယ် တသားတည်း ဖြစ်အောင်လုပ်ရမယ်ကွ၊ တသားတည်း ဖြစ်သွားတဲ့အခါ ကျက်မှတ်စရာ မလိုတော့ဘူး။စာကို ကျက်ပြီးဖြေတယ်ဆိုတာ ကြက်တူရွေးအလုပ်ကွ၊ တကယ်တော့စာဆိုတာ အလွတ်ကျက်မှတ်လေ နားလည်ဖို့ခက်ခဲလေပဲ"

နေဘုန်းသည် ဦးထိပ်သီး၏ ဆိုဆုံးမမှုကြောင့် မည်သည့်အခါမျှ စာကို ကျက်တူရွေးနှုတ်တိုက် မကျက်မှတ်တော့ချေ။

အဒေါ်သည် စာအုပ်ကြီးသမားဖြစ်သဖြင့် လွတ်လပ်သော ဦးထိပ်သီးနှင့် အစဉ်ဆန့်ကျင်ဘက် ဖြစ်နေလေ၏။ ထို့ကြောင့် အဒေါ် နားလည်အောင် ရှင်းမပြတော့ဘဲ အိပ်ယာသို့ ဝင်ခဲ့၏။

ထိုအခါမှပင် အဒေါ်သည် လူပျိုတော်ကြီး တစ်ဦးရေးသားသီကုံးပေးသော ကာရန်နဘောများပါဝင်သည့် ဘုရားရှိခိုးနည်းကို ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်ဟစ်ပြီးရှိခိုးနေလေ၏။

***





"ယောက်မသည် ဟင်း၏အရသာ မသိသကဲ့သို့ လူမိုက်သည် ပညာရှိအား အသက်ထက်ဆုံး ဆည်းကပ်သော်လည်း သူတော်ကောင်းတရားကို မသိနိုင်"

www.burmeseclassic.com



နောက်တစ်နေ့ နေဘုန်းကျောင်းသို့ ရောက်သောအခါ ကျောင်းအုပ် ဆရာကြီး အတန်းထဲဝင်လာပြီး ကျောင်း၏ ဖန်ဖဲယားပွဲကို မကြာမီကျင်းပမည်ဖြစ်ကြောင်းကြေငြာလိုက်သောအခါ ကျောင်းသူကျောင်းသားများအားလုံး ပျော်ရွှင်လွန်းသဖြင့် ဟေးခနဲအော်ဟစ်ပြီး လက်ခုပ်လက်ဝါး တီးလိုက်လေ၏။

သို့သော်လက်ခုပ်မတီးဘဲ ငြိမ်သက်စွာ ထိုင်နေသော ကျောင်းသားတစ်ယောက်ရှိ၏။ ထိုကျောင်းသားသည် နေဘုန်းပင်ဖြစ်၏





ကျောင်း၏ ဖန်ဖဲယားပွဲတော်တွင် ပျော်ပွဲရွှင်ပွဲများ၊ ပြဇာတ်များ၊ ဈေးရောင်းပွဲတော်များ ပါဝင်လေ့ရှိရာ ကျောင်းသူကျောင်းသားတိုင်း ပျော်ရွှင်မဆုံးရှိကြ၏။

သို့သော်ဦးထိပ်သီး၏ အဆုံးအမများကြောင့် အရွယ်နှင့် မလိုက်အောင် ရင့်ကျက်နေသော နေဘုန်းသည် ပြည်သူများ ဆင်းရဲဒုက္ခခံစားနေချိန်တွင် ပျော်ရွှင်ခြင်းဟူသည် အဓိပ္ပာယ် ရှိပါမည်လောဟု တွေးပြီး တွေဝေနေလေ၏။ သူသည် လေးနက်သူ ဖြစ်သောကြောင့် ပျော်ရွှင်သူများထဲတွင် ပါဝင်ခြင်းမရှိချေ။

***



www.burmeseclassic.com

တစ်ဝတ်ခန့် အကြာတွင် နေဘုန်းသည် ကျောင်း၏ တစ်နေရာရှိ အရိပ်ကောင်းသော သစ်ပင်ကြီးအောက်၌ တစ်ကိုယ်တည်း သွားထိုင်ရင်း ပျော်ပွဲရွှင်ပွဲ ကျင်းပရန် စီစဉ်နေသူများကို ငေးမောကြည့်နေလေ၏။

ကျောင်းရှိ ဆရာဆရာမများနှင့် ကျောင်းသူကျောင်းသားများသည် ဖန်ဖဲယားပွဲအတွက် စိတ်အားတက်ကြွစွာ စီစဉ်နေလေ၏။ ၎င်းတို့သည် သုံးရက်တာ ကျင်းပမည့်ဖန်ဖဲယားပွဲအတွက် မမောနိုင် မပန်းနိုင် ပြင်ဆင်နေကြ၏။ သီချင်းများစပ်ဆိုကြ၏။ ပြဇာတ်များအတွက် ကြိုတင်ပြင်ဆင်ကြ၏။





ပျော်ပွဲရွှင်ပွဲများ ကျင်းပရန် ဆိုင်ခန်းများကို ကြိုတင်ဆော်တ်သင်ကြ၏။ နေဘုန်းသည် ဖန်ဖဲယားပွဲအတွက် ကြိုတင်ပြင်ဆင်နေသူများကို ကြည့်ပြီး မလိုအပ်ဘဲ အချိန်ဖြုန်းနေသူများဟု ထင်မြင်၏။

သူသည် ဦးထိပ်သီး၏ အတွေးအခေါ် ဒဿနများကို သင်ယူရခြင်း လောကတွင် အပိုနှင့်အလိုကို ခွဲခြားသိမြင်နေ၏။ ဦးထိပ်သီးက သာကဲ့သို့ လူများသည် မလိုအပ်ပဲ အရေးပါသောအလုပ်များ လုပ်ကိုင်ရန် တန်ဘိုးရှိသော အချိန်များကို ဖြုန်းတီးပစ်ကြ၏။

ထိုသို့ဖြုန်းတီးခြင်းကြောင့် အရေးပါသော အလုပ်များလုပ်ရန် အချိန်မရှိတော့ဘဲ ဖြစ်နေတတ်၏။ ထိုအလုပ်များကို အဓိပ္ပာယ်မဲ့သော အလုပ်များဟု ဆိုခဲ့၏။နေဘုန်းသည် ဦးထိပ်သီး၏ အတွေးအခေါ်ကြောင့် နယ်ချဲ့အစိုးရလက်ထက် အဖိနှိပ်ခံ ပြည်သူများ စားရမဲ့မဲ့ဖြစ်ချိန်တွင် ဖန်ဖဲယားပွဲကြီးကို ငွေများသာ အကုန်ကျခံပြီး ပျော်ပါးစားသောက်နေခြင်းကို နှစ်မြို့ခြင်း မရှိချေ။

***

www.burmeseclassic.com



ဖန်ဖဲယားပွဲ ကျင်းပသောနေ့တွင် နေဘုန်းသည် ကျောင်းသို့ မသွားဘဲ မြို့ပြင်သို့သွားပြီး ကန့်ဦးကျောင်း စေတီရင်ပြင်၌ စာအုပ်တစ် အုပ်ကို ဖတ်ရှုနေလေ၏။

ထိုအခိုက်မှာပင် စေတီရှေ့သို့ စက်သူဌေးဦးမြ၏ ဒေါက်ထ မြင်းရထားကြီး ဆိုက်လာပြီးမြင်းရထားပေါ်မှ ချောမောလှပသော သူဌေး သမီးခင်ခင်ရီဆင်းသက်လာလေ၏။ ခင်ခင်ရီသည် စေတီရင်ပြင်ပေါ် တွင် ထိုင်နေသော နေဘုန်းကို ကြည့်ပြီး

'နင်ဘာလို့ ဖန်ဖဲယားပွဲ မသွားဘဲ စေတီပေါ်မှာ လာထိုင်နေ တာလဲ'





ဟုမေးမြန်းလိုက်ရာ နေဘုန်းက ခေါင်းခါယမ်းပြီး

'ငါ မသွားချင်ဘူးဟာ..သူတို့ကြားထဲမှာ ငါမပျော်ဘူး၊ ငါ့ အသားတစ်ယောက်တည်း နေရတာ ပိုလွတ်လပ်တယ်'

ဟုဆိုလိုက်၏။နေဘုန်း၏ စကားကြောင့် ခင်ခင်ရီက ခေါင်း ခါယမ်းလိုက်ပြီး

'မဟုတ်သေးပါဘူး နေဘုန်းရယ်..ကျောင်းဖန်ဖဲယားဟာ ကျောင်းသားတွေ ပျော်ဖို့ရွှင်ဖို့ လုပ်တာလေ၊ငါတို့ မပျော်ရင် ဘယ်သူ ပျော်မလဲ'

ဟုမေးမြန်းလိုက်လေ၏။နေဘုန်းက ခေါင်းညိတ်လိုက်ပြီး

'ဟုတ်ပါတယ်..နင်ပြောတာ ငါအပြစ်မပြောပါဘူး၊ ငါပျော်လို့ ရလို့ မပျော်တာပါ'

ဟုဆိုလိုက်ရာ ခင်ခင်ရီက မျက်မှောင်ကြုတ်ပြီး

'နင်ပါဦး၊ နင့်မှာ ဘာစိတ်ညစ်စရာ ရှိလို့လဲ၊ ငါ့ကိုပြောပြလေ'

ဟုမေးမြန်းလေ၏။နေဘုန်းက မျက်မှောင်ကြုတ်ကာ

'ငါတို့တိုင်းပြည်ကြီး သူ့ကျွန်ဘ၀ ရောက်နေပြီ၊ ဆရာစံသူပုန် ရှုံးပြီးတော့ လယ်သမားတွေ ပိုပြီး ကြပ်တည်း ကျဉ်းမြောင်းသော



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒီအချိန်မျိုးမှာ ငါတို့ဘယ်လိုမျော်မလဲ'

ဟုပြောလိုက်လေရာ ခင်ခင်ရီက နေဘုန်းကို နားမလည်ဟန် ဖြင့်ကြည့်ပြီး

'နေပါဦး၊လယ်မားတွေ ကြပ်တည်းတာ နင်နဲ့ဘာဆိုင်လဲ၊ နင့် အမျိုးထဲမှာ လယ်သမားရှိလို့လား'

ဟုမေးမြန်းလေ၏။ခင်ခင်ရီ၏ အမေးကြောင့် နေဘုန်းက ခေါင်းခါယမ်းလိုက်ပြီး

'မရှိပါဘူး၊ နင်နားလည်အောင်လဲ ငါရှင်းမပြတတ်ဘူး။နင့်လို စက်သူဌေးသမီးက ဒီအကြပ်အတည်းမျိုးကို ဘယ်သိပါ့မလဲ'

ဟုဆိုလိုက်ရာ ခင်ခင်ရီက ခေါင်းညိတ်ပြီး

'မသိတော့ စိတ်ချမ်းသာတာပေါ့ဟယ်၊ စိတ်ညစ်စရာတွေလဲ ငါမကြားချင်ပါဘူး။လောလောဆယ် ဖန်ဖဲယားပွဲတော့ နင်လိုက်ခဲ့ရမယ်၊ နင် မလိုက်လို့မရဘူး'

ဟုဆိုလိုက်ရာ နေဘုန်းက ခင်ခင်ရီ၏မျက်နှာကို နားမလည်ဟန် နှင့် ကြည့်ပြီး

'ဘာဖြစ်လို့လဲ'





ဟုမေးမြန်းလိုက်၏။ခင်ခင်ရီက မျက်နှာရှုံ့မဲ့ပြီး

'သူ့ကိုယ်သူ မြို့ပိုင်သားဆိုပြီး မာန်တက်နေတဲ့ မျက်နှာရှုး နဲ့မြင့် ပေါ့၊သူငါ့ကို လိုက်နှောက်ယှက်နေတယ်၊သူ့ကြောင့် ဒီနေ့ပွဲမှာ ငါပျော်ရမှာ မဟုတ်ဘူး၊ နင်ငါ့ကိုလိုက်စောင့်ရှောက်ပေးမှ ဖြစ်မယ်'

ဟုပြောလိုက်ရာ တစ်ကိုယ်ကောင်း ဆန်လွန်းသော ခင်ခင်ရီကို ကြည့်ပြီး နေဘုန်းကခေါင်းခါယမ်းလိုက်ကာ

'နင်ကိုတော့ ငါမနိုင်တော့ဘူး၊ နင် ဖန်ဖဲယားပွဲမှာ ပျော်ဖို့ သိပ်အရေးကြီးရင် ငါလိုက်ခဲ့ပါ့မယ်'

ဟုပြောလိုက်ရာ ခင်ခင်ရီ၏ မျက်နှာဝင်းပကြည်လင်သွားပြီး

'ဒီလိုမှပေါ့ နေဘုန်းရယ်..ဒါမှငါ့သူငယ်ချင်း..လာ သွားကြ မယ်'

ဟုဆိုကာ နေဘုန်းအား မြင်းရထားပေါ်သို့ ခေါ်လေ၏။

နေဘုန်းသည် မငြင်းဆန်နိုင်တော့ဘဲ ခင်ခင်ရီနှင့်အတူ ဖန်ဖဲ ယားပွဲသို့ လိုက်ခဲ့လေ၏။ဂုဏ်ပကာသန အခေါင်အဆောင်များ ရှိရာသို့ ခင်ခင်ရီကြောင့် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရပေဦးမည်။

***



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသို့ ရောက်သောအခါ ခင်ခင်ရီ၏ သူငယ်ချင်း မိမိကြီးတို့ မိန်းကလေးအုပ်စု စောင့်ကြိုနေပြီးရထားပေါ်တွင် ပါလာသောနေ ဘုန်းကို ကြည့်ပြီး မိမိကြီးက

"နင်တို့စုံတွဲ လိုက်ဖက်ညီတယ်ဟေ့၊ နေနဲ့ည ရွှေနဲ့မြပဲ"

နောက်ပြောင်လိုက်ရာ ခင်ခင်ရီသည် ရှက်လွန်းသဖြင့် မျက်နှာနီရဲ သွားပြီး

"ကောင်မတွေ ပေါက်ကရ လျှောက်မပြောနဲ့၊ ငါတို့က သူငယ် ချင်းတွေ"

ဟုပြန်လည်ပြောဆိုလေ၏။





မိန်းကလေးတစ်ဦးက

"ဘဂ်လားသူငယ်ချင်းလား"

နောက်ပြောင်လိုက်ပြန်ရာ နေဘုန်းကိုယ်တိုင်ပင် မနေတတ်သလို ဖြစ်သွားလေ၏။နေဘုန်းသည် ခင်ခင်ရီ ခေါ်ဆောင်သော ကြောင့် ကျောင်းဝန်းထဲသို့ ရောက်ခဲ့လေ၏။

ဖန်ဖဲယားပွဲကြီးသည် စည်ကားလွန်းလှ၏။ကျောင်းဝန်းတစ်ခုလုံး မီးရောင်စုံများ ထွန်းညှိထားပြီး စားသောက်ဆိုင်တန်းများ၊အမှတ်တရ ဈေးသည်း အရောင်းဆိုင်များနှင့် စည်ကားနေလေ၏။

ကျောင်းအနောက် ဘက်တွင် ပျော်ရွှင်ဖွယ်ကစားပွဲများ ရှိနေပြီး ကျောင်းရှေ့စင်မြင့်ပေါ်တွင် ပီယာနိုတစ်လုံးဖြင့် လက်စွမ်းပြနေသော ဆရာကြီးကို တွေ့ရ၏။ ဆရာကြီးသည် လူပုံအလယ်တွင် ပီယာနို လက်စွမ်းပြချင်သူဖြစ်သဖြင့် ဖန်ဖဲယားပွဲသည် သူ့အတွက် မဟာ အခွင့်အရေးကြီးဖြစ်နေလေ၏။သို့သော် ဆရာကြီး၏ ပျင်းရိဖွယ် လက် စွမ်းကြောင့် ဟန်ဆောင်ပန်ဆောင် နားထောင်နေသူများ အိပ်ငိုက်ပြီး တဝါးဝါးသမ်းနေရှာ၏။

***



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ရီသည် နေဘုန်းကို လက်ဆွဲခေါ်ပြီး ကျောင်းအနောက်ဘက် ပျော်ရွှင်ပွဲများ ရှိရာသို့ ခေါ်ဆောင် သွားလေ၏။

ထိုစဉ် ပွဲခင်းထဲတစ်နေရာ၌ အခကြေးငွေပေးပြီး ရုပ်ပြောင်ချွဲ... နေသော မြို့ပိုင်သားအုန်းမြင့်သည် ခင်ခင်ရီကို မြင်တွေ့သွားပြီး ထိုင်ရာ... မှဝုန်းခနဲ ထလိုက်ပြီး ခင်ခင်ရီအနောက်သို့လိုက်ခဲ့လေ၏။ခင်ခင်ရီ... သည် ကျောင်းဝန်း တစ်နေရာတွင် မြားပစ်ပြိုင်နေသော မြင်ကွင်း... ကြည့်ပြီး ဝမ်းသာအားရ ဖြင့်

'မြားဝင်ပစ်ရအောင်၊ စက်ဝိုင်းကို ထိရင် လက်ဆောင်... ရမယ်'





ဟုဆိုပြီး လူအုပ်အတွင်းတိုးဝှေ့ကာ စက်ဝိုင်းကို မြားဖြင့် ပစ်လေ၏။ခင်ခင်ရီမြားပစ်နေစဉ် မြို့ပိုင်သားအုန်းမြင့် ရောက်လာပြီး သူမနှင့် အပြိုင်အဆိုင် မြားပစ်လေ၏။ ခဏကြာလျှင် ခင်ခင်ရီသည် အုန်းမြင့် ကြောင့်စိတ်အနှောက်အယှက် ဖြစ်လာပြီး အုန်းမြင့်ဘက်သို့ လှည့်ကာ

'ဟဲ့ ..နင်ဘာဖြစ်လို့ ငါ့ဘက်ကို တိုးတိုးနေတာလဲ၊ တော်ပြီ ...တာ.. ငါမပစ်တော့ဘူး ရော့..နေဘုန်း နင်ပဲပစ်လိုက်'

ဟုဆိုကာ တစ်ချောင်းတည်း ကျန်နေသော မြားကို နေဘုန်း ...လက်သို့ထည့်လိုက်လေ၏။ နေဘုန်းသည် လက်ထဲသို့ ရောက်လာသော မြားကို ကြည့်ပြီး သူ့ဆရာဦးထိပ်သီး သင်ပေးသော ဓားပေါက်ပညာရပ် ...များကို ပြန်လည်သတိရလိုက်လေ၏။

ထို့ကြောင့် စက်ဝိုင်းကို တစ်ချက်ကြည့်ပြီး အသက်အောင့်ကာ ...တော်ခနဲပစ်ပေါက်လိုက်၏။ ထိုအခါ နေဘုန်းပစ်လိုက်သော မြားသည် စက်ဝိုင်း၏ အလယ်သို့ စွဲထင်သွားပြီး စက်ဝိုင်းအစွန်းတွင် ကပ်ပြီးစိုက် ...နေသော အုန်းမြင့်၏မြားမှာ တုန်ခါမှုကြောင့် မြေပေါ်သို့ ပြုတ်ကျ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အုန်းမြင့်သည် မြေပေါ်သို့ ပြုတ်ကျသွားသော မြားကိုကြည့်ပြီး ဒေါသတကြီးဖြင့်

'ဟာ…ငါ့မြား ပြုတ်ကျသွားပြီ၊ ငါ့မြားက စိုက်ဝိုင်းမှာအရင်စိုက်နေတာကွ'

ဟုမကျေမချမ်း ပြောလိုက်ရာ နေဘုန်းက ခေါင်းခါယမ်းပြီး

'ငါပစ်တဲ့ မြားက စက်ဝိုင်းရဲ့ အလယ်ဗဟိုကို စိုက်ဝင်တာ၊ မင်းပစ်တဲ့မြားထက်ပိုတိကျတယ်၊ ဒါပေမဲ့ အရေးမကြီးပါဘူး၊ မင်းလိုချင်ရင်လက်ဆောင်ကို ယူလိုက်ပါ'

ဟုဆိုလိုက်ရာ မြို့ပိုင်သား အုန်းမြင့်၏ မျက်နှာရှုံ့မဲ့သွားပြီး

'ငါက မြို့ပိုင်သားကွ၊ ဘာမဟုတ်တဲ့ လက်ဆောင်ကို မက်လို့ ပြောနေတာမဟုတ်ဘူး၊ မင်းလူပါးဝတာ မခံနိုင်လို့ပြောတာ'

ဟုဆိုလိုက်လေ၏။ နေဘုန်းသည် မိမိကို အသားလွတ်စော်ကားနေသော အုန်းမြင့်ကို မထိလေးစား ကြည့်လိုက်ပြီး

'မင်းမကျေနပ်ရင်ငါ့မြားကို ပစ်မှတ်က ပြုတ်ကျသွားအောင် ပြန်ပစ်လေကွာ'

ဟုစိန်ခေါ်သော အမူအယာဖြင့် ပြန်ပြောလိုက်ရာ အုန်းမြင့်သည်





စက်ဝိုင်းကို မြားမစွဲလျှင် အရှက်ကွဲမည် စိုးသောကြောင့် မပစ်ရဲတော့ဘဲ ညစ်ညမ်းစွာ ဆဲဆိုပြီး နေဘုန်းကို လက်သီးဖြင့် စတင် ထိုးလိုက်လေ၏။

နေဘုန်းက ကိုယ်ကိုယိမ်းနွဲ့ပြီး ရှောင်တိမ်းလိုက်ရင်း

'မင်းနဲ့ငါရန် မဖြစ်ချင်ဘူး၊အေးအေးဆေးဆေးနေကွာ၊ ဖန့်ဖဲ့ယားပွဲပျက်လိမ့်မယ်'

ဟု ဆိုလိုက်၏။ ထိုအခါ အင်္ကျီလိပ်ဘောက်ဆင်ကို မတတ်တခေါက် သင်ထားပြီး သွေးနထင်ရောက်နေသော အုန်းမြင့်က အောက်ဆာသမား တစ်ယောက်ကဲ့သို့ ခုန်ဆွခုန်ဆွလုပ်ကာ

'မင်းကို ငါ့လက်သီးကျွေးလိုက်ရမှာ ကျေနပ်မယ်ကွ၊ ငါ့လက်သီးဘယ်လောက်ပြင်းတယ်ဆိုတာ မြည်းကြည့်လိုက်ဦး'

ဟုဆိုကာ နေဘုန်းကို ဝင်ရောက်ထိုးကြိတ်ပြန်၏။ အုန်းမြင့်သည် နေဘုန်းကို အလွယ်တကူ အလဲထိုးနိုင်မည်ထင်နေ၏။

သို့သော် နေဘုန်းသည် ဦးထိပ်သီး သင်ကြားပေးသော တိုက်ခိုက်ရေးပညာကို ကျွမ်းကျင်စွာ တတ်မြောက်ထားပြီး လေ့ကျင့်ခန်းများကြောင့် သူ၏ကိုယ်ခန္ဓာ အလွန်ကြံ့ခိုင်နေလေ၏။ သူသည် အုန်းမြင့်ကို အလွယ်တကူ တိုက်ခိုက်နိုင်သော်လည်း ကျောင်းဖန့်ဖဲ့ယားပွဲ ပျက်မည်



www.burmeseclassic.com

www.burmeseclassic.com



စိုးသဖြင့် ရှောင်တိမ်းလို့သာနေလေ၏။

နောက်ဆုံးတွင် တားဆီးမရသော အုန်းမြင့်ကြောင့် မတတ်သာတော့ဘဲ ခြေဖြင့်တစ်ချက်လှမ်းကန်လိုက်ရာ အုန်းမြင့်သည် ပြင်းထန်သော ကန်ချက်ကို မခံနိုင်ဘဲ မြေပေါ်သို့ ပြိုလဲကျသွားပြီး ဖန်ဖဲယားပွဲတစ်ခုလုံးဆွဲပြုတ်သွားလေ၏။

***





"အမျက်ဒေါသကိုဖြေဖျောက်နိုင်လျှင်

ငိုးမိုက်ခြင်းတည်း၏ကြမ်းကြုတ်သော

စကားကိုသည်းခံခြင်းသည်မြတ်၏"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် အနီးသို့ ဆရာကြီးဦးဘဦးနှင့် ဆရာ ဆရာမများ ရောက်ရှိလာလေ၏။ ထိုဆရာများထဲတွင် ဦးမြဘူးဆိုသော ဆရာသည် မျက်နှာကြီးရာ ပာင်းဖတ်ပါသူဖြစ်ပြီး အုန်းမြင့်ကို မြို့ပိုင်သား... သိသဖြင့် လဲနေရာမှ ဆွဲထူပြီး နေဘုန်းဘက်သို့လှည့်ကာ

"မင်းတော်တော်ဆိုးတဲ့ကောင်ပါလား၊ ကျောင်းသား အချင်းချင်း မညှာမတာ လုပ်ရသလား"

ဟု ကြိမ်းမောင်းပြီး ဆရာကြီးဦးဘဦး ဘက်သို့လှည့်ကာ





"ဆရာကြီး--ဒီကောင်လွန်တာပါ၊ မောင်အုန်းမြင့်ကို ဒီကောင် ...တအားလှမ်းကန်လိုက်တာ မြေပေါ်ကတောင် မထနိုင်ဘူး"

ဟု တိုင်ကြားလိုက်လေ၏။ ဆရာကြီးသည် သူ၏ဝိယာနိုပ္ပ...သွားသဖြင့် ရန်ပွဲဖြစ်ပွါးခြင်းကို လွန်စွာ စိတ်ဆိုးနေပြီး နေဘုန်းကို ...ထောင့်နီကြီးနှင့် ကြည့်ကာ

"မင်းတော်တော်ဆိုးတဲ့ကောင်ပါလား၊ မင်းကို အပြစ်ပေးရမယ်"

ဟု ဒေါသတကြီး ပြောဆိုလိုက်လေ၏။နေဘုန်းက ဆရာကြီးကို ...လှုပ်ဟန်မရှိဘဲ

"ရပါတယ်ဆရာကြီး--ဒါပေမဲ့ ပတ်ဝန်းကျင်ကလူတွေကို သေ...ချာချာ မေးမြန်းပြီးမှ ကျွန်တော့်ကို အပြစ်ပေးပါ"

ဟုဆိုလိုက်ရာ နေဘုန်းတို့ ရန်ပွဲကို ကြည့်ရှုနေသော ကျောင်းသူ ...ကျောင်းသားများက နေဘုန်းကို အုန်းမြင့်က စတင်တိုက်ခိုက်ကြောင်း ...နှန်းပြောဆိုကြလေ၏။

ဆရာကြီးသည် ကျောင်းသူကျောင်းသားများ၏ ထွက်ဆိုချက် ...ကြောင့် နေဘုန်းကိုတစ်ဖက်သတ် အပြစ်ဒဏ်ခတ်ရန် မငြိရဲတော့ဘဲ

"ဘာပဲဖြစ်ဖြစ် ရန်ဖြစ်တဲ့အတွက် မင်းတို့နှစ်ယောက်မှာ အပြစ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊နှစ်ယောက်စလုံးကို အပြစ်ဒဏ်ခတ်ရမယ်"

ဟုပြောပြီး အနီးမှ ထွက်သွားလေ၏။

နေဘုန်းက ဆရာကြီး၏နောက်ကျောကို ကြည့်ရင်း ခေါင်းခါ ယမ်းလိုက်လေ၏။

***





"ကျီးတို့ရဲ့အလယ်မှာရောနှောနေခြင်းကြောင့်

ဟင်္သာမင်းမှာမတင့်တယ်။

နွားအုပ်အတွင်းမှာရောနှောနေခြင်းကြောင့်

ခြင်္သေ့မင်းမှာမတင့်တယ်။

လူမိုက်တို့အလယ်မှာရောနှောနေခြင်းကြောင့်

ပညာရှိသူတော်ကောင်းမှာမတင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



လိုသို့ဖြင့် နေဘုန်းတို့ကျောင်း၏ အတန်းတင်စာမေးပွဲ ဖြေဆိုရ
အချိန် နီးကပ်လာလေ၏။ နေဘုန်းသည် ကျောင်းပညာရေးကို စိတ်မဝင်
စားသော်လည်း အဒေါ်အဖိုးကြီး၏ ဆန္ဒအရ ကျောင်းတက်နေရလေ၏။

သူသည် ကျောင်းသခ်န်းစာများထက် ဦးထိပ်သီး သင်ကြား
ပေးသော လောကအကြောင်းကို ပိုမိုစိတ်ဝင်စားလေ၏။

တစ်နေ့သ၌ နေဘုန်း စာဖတ်နေသော သစ်ပင်အောက်သို့
ကျောင်းမှ ဆရာဆရာမများ ရောက်ရှိလာပြီး ဆရာဦးမြဘူးက





'ဟေ့ကောင်နေဘုန်း မင်း တော်တော် ပြဿနာရှာတဲ့ကောင်ပဲ၊
ငါးကြောင့်လူတွေအားလုံး ဒုက္ခရောက်နေပြီ'

ဟုပြောလိုက်ရာ နေဘုန်းက ဆရာဦးမြဘူးကို နားမလည်ဟန်ဖြင့်
ကြည့်ကာ

'ကျွန်တော်ဘာပြဿနာ ရှာလို့လဲဆရာ၊ ကျွန်တော် စာမေး
ပွဲအတွက် စာတွေဖတ်နေတာ'

ဟုဆိုလိုက်၏။

ဦးမြဘူးက နေဘုန်းကို မျက်ထောင့်နီကြီးနှင့် ကြည့်လိုက်ပြီး
'မင်းဘာပြဿနာ ရှာသလဲဆိုတာ ဆရာကြီး ရှေ့ရောက်မှ
သိမယ်၊ လာ·· ငါတို့နဲ့ ရုံးခန်းကို လိုက်ခဲ့'

ဟုဆိုကာ နေဘုန်းကို ရုံးခန်းသို့ ခေါ်ဆောင်သွားလေ၏။

ဆရာကြီး၏ ရုံးခန်းထဲသို့ ရောက်သောအခါ အခန်းထဲတွင်
ခေါက်တုံခေါက်ပြန် လမ်းလျှောက်နေသောဆရာကြီးက နေဘုန်းကို
မြင်သည်နှင့် ဒေါသတကြီးဖြင့်

'ဟေ့ကောင် မင်းစော်ကားလှချည်လား၊ မင်းကိုယ်မင်း ဘာ
ကောင်အောက်မေ့နေလဲ၊ငါတို့ကို ဘာရည်ရွယ်ချက်နဲ့စော်ကားတာလဲ'

www.burmeseclassic.com



ဟုမေးမြန်းလိုက်၏။

နေဘုန်းက ဆရာကြီးကို နားမလည်ဟန်ဖြင့် ကြည့်ပြီး

'ဆရာကြီးပြောတာ ကျွန်တော် နားမလည်ဘူး၊ ကျွန်တော်တာ

များ စော်ကားမိလို့လဲ'

ဟုမေးမြန်းလိုက်၏။

ထိုအခါ ဆရာကြီးက နေဘုန်းကို ဒေါသတကြီး ကြည့်လိုက်ပြီး

'ဟေ့ကောင် အိပ်ချင်ယောင်ဆောင်နေတဲ့ လူဟာ အနှိုးရခက်

တယ်ကွ၊ စာမေးပွဲ မေးခွန်းတွေကို မင်းဘာရည်ရွယ်ချက်နဲ့ နှောက်ယှက်

ရတာလဲ၊ဟောဒီမှာကြည့်'

ဟုဆိုကာ နေဘုန်းရှေ့သို့ကြီးဖြင့် စည်းနှောင်ထားသော စာထုပ်

ကြီးတစ်ထုပ်ကို ပစ်ချလိုက်ပြီး

'ဟောဒီမှာ·· အတန်းတင် စာမေးပွဲအတွက် ဆရာတွေ ထုတ်

ထားတဲ့ မေးခွန်းတွေ··ဒီမေးခွန်းတွေကို လူမရှိတဲ့အချိန်မှာ ခိုးဝင်ဖတ်ပြီး

မေးခွန်းစာရွက်တွေရဲ့ ခေါင်းစီးပေါ်မှာ မင်းဘာရေးထားသလဲ'

ဟုဆိုက နေဘုန်း၏ ရှေ့သို့ မေးခွန်းတစ်ရွက်ကို ချပေးလိုက်၏





မေးခွန်းစာရွက်၏ ထိပ်တွင်

*လောကမှာ ဆိတ်ကွယ်ရာဆိုတာ ဘယ်တော့မှ မရှိပါဘူး··*

*(နေဘုန်း)*

ဟုရေးသားထားလေ၏။ နေဘုန်းသည် မေးခွန်းထိပ်တွင် ရေး

သားသောစာကို ဖတ်ရှုရင်း မျက်လုံးပြူးသွားပြီး

'ဒီစာကို ကျွန်တော်မရေးဘူး၊ ကျွန်တော့်ကို တစ်ယောက်

ယောက် ချောက်တွန်းလိုက်ပုံရတယ်'

ဟုပြောလေရာ ဆရာကြီးက ယုံကြည်ဟန်မရှိဘဲ

'မဖြစ်နိုင်ဘူး၊ မင်းလိုကောင်ကို ဘယ်သူက ချောက်တွန်းရမှာ

လဲ မင်းဆရာတွေကို စော်ကားနေတာလား၊ မင်းကိုယ်မင်း သူခိုးကြီး

လို့ပြားမှတ်နေသလား၊ မင်းကို အပြစ်ဒဏ်ပေးတဲ့ အနေနဲ့ ကျောင်း

ထုတ်ရမယ်'

ဟုပြောလေ၏။ နေဘုန်းက ဆရာကြီး၏ တစ်ဖက်သတ်ပြော

ကြောင့် သက်ပြင်းချပြီး

'ဆရာကြီးသဘောအတိုင်းပါ၊ ဒါပေမဲ့ ဒီပြစ်မှုတွေကို ကျွန်တော်

ကျူးလွန်ဘူးဆိုတာတော့ ပြောပါရစေ၊ ဒီကျောင်းကြီးမှာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မနေရလို့ ဝမ်းမနည်းပါဘူး၊ အမှန်အတိုင်း ပြောရရင် ဝမ်းမြောက် ဝမ်းသာတောင် ဖြစ်မိပါတယ်၊ ဒါပါပဲ ကျွန်တော်သွားတော့မယ်"

ဟုဆိုကာ ရုံးခန်းထဲမှ ရင်ကော့ပြီး ကျောခိုင်း ထွက်ခဲ့လေ၏

***





"လျှာသည် ဟင်း၏အရသာသိသကဲ့သို့

လိမ္မာသောသူသည် ပညာရှိအား

တခဏဆည်းကပ်ရုံမျှ

သူတော်ကောင်းတရားကို

လျင်မြန်စွာသိ၏"



www.burmeseclassic.com

www.burmeseclassic.com



သူသည် အိမ်သို့ မပြန်သေးဘဲ မြို့ပြင်စေတီသို့ သွားကာ မိမိဘဝကို မိမိဘဝကို မိမိဆင်ခြင်ကြည့်၏။

ထိုအခါ ဘဝဟူသည် ကံဇာတ်ဆရာအလိုကျ ကပြနေသည်ဟု ခံစားမိလေ၏။

နေဘုန်းသည် ကျောင်းမှ ထွက်ခွာလာပြီးနောက် သူ၏ ရင်ထဲတွင် ထူးခြားသောခံစားမှု တစ်မျိုးဖြစ်ပေါ်နေလေ၏။

ထိုခံစားမှုကို ဆင်ခြင်ကြည့်သောအခါ ရင်ထဲတွင် လွတ်လပ်ပေါ့ပါးနေကြောင်း သတိပြုမိလေ၏။





အပြန်လမ်းသို့ ရောက်သောအခါ မြို့ထဲရှိ အိမ်တစ်အိမ်၏ ခြံတင်းပေါက်မှစာကျက်သံကြားသောအခါ

'ကျွန်ုပ်ပညာရေး စနစ်ကြီးကို အပေါ်တက်မှတ်ပြီး ကျက်ကြ မှတ်ကြဦးပေါ့ကွာ..ငါကတော့ ဒီနေ့ကစပြီး လွတ်ပြီ..ကျွတ်ပြီ..ငါ့ရဲ့ ဆရာက သဘာဝလောကကြီးဖြစ်ပြီ'

ဟုရေရွတ်မိလေ၏။

တစ်နေရာသို့ ရောက်သောအခါ နေဘုန်းသည် ကျောင်းနေဘက်သူငယ်ချင်း တစ်စုနှင့်တွေ့ရလေ၏။ ထိုသူငယ်ချင်းများက နေဘုန်းအား

'စာတွေ ရနေပြီလား'

ဟုမေးမြန်းလိုက်ရာနေဘုန်းက သက်ပြင်းချလိုက်ပြီး

'ငါ စာကျက်စရာမလိုတော့ပါဘူးကွာ'

ဟု ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ဖြေလိုက်၏။

ထိုအခါ သူငယ်ချင်းက

'မင်းကတော့ စာတော်ပြီးသား ဆိုတော့ကျက်စရာမလိုဘူးပေါ့ကွာ'

ဟုပြောပြီး ထွက်ခွာသွားလေ၏။ ထိုသူငယ်ချင်းများသည်



www.burmeseclassic.com

နေဘုန်းကျောင်းထုတ်ခံရခြင်းကို သိရှိပုံမရချေ။

နေဘုန်း အိမ်ပြန်ရောက်သောအခါကျောင်းထုတ်ခံရသည့် အကြောင်းကို အဒေါ်အပျိုကြီးအား မပြောဘဲနေခဲ့၏။

အဒေါ်အပျိုကြီးသည် နေဘုန်း ကျောင်းထုတ်ခံရကြောင်း သိရလျှင် စိတ်ဆင်းရဲခြင်း ကြီးစွာဖြစ်မည်ထင်၏။

နေဘုန်းသည် ညစာ စားပြီးသောအခါ အိပ်ယာမဝင်သေးဘဲ ခြံဝန်းထဲသို့ ထွက်ခဲ့လေ၏။ ခြံဝန်းထဲရှိ ကွပ်ပစ်ပေါ်တွင် ထိုင်နေစဉ် အနီးသို့ ဦးထိပ်သီး ရောက်လာသဖြင့်

'ဘယ်လိုလဲ နေဘုန်း ကျောင်းထုတ်ခံရလို့ စိတ်ပျက်နေပြီလား'

ဟုမေးမြန်းလေ၏။နေဘုန်းသည် ဦးထိပ်သီး အမေးကြောင့် မျက်လုံးပြူးသွားပြီး

'ဟင်··ကျောင်းထုတ်ခံရတာ ဦးထိပ်သီး ဘယ်လိုသိသလဲ'

ဟုမေးမြန်းလိုက်၏။

ဦးထိပ်သီးက သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး

'ငါသိတာပေါ့ကွာ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကို ဆရာကြီး အထင်လွဲပြီး ကျောင်းထုတ်အောင် ငါကိုယ်တိုင် လုပ်ခဲ့တာပဲ'





ဟုဆိုလိုက်ရာနေဘုန်းက ဦးထိပ်သီးကို အံ့ဩဟန်ဖြင့် ကြည့်လိုက်ပြီး

'ဩော်··ကျုပ်ကို ဆရာကြီး အထင်လွဲအောင် ချောက်တွန်းခဲ့တာ ဦးထိပ်သီးကိုး၊ ဘာဖြစ်လို့ ဒီလိုလုပ်ရသလဲ'

ဟုမေးမြန်းလိုက်လေ၏။ ဦးထိပ်သီးက နေဘုန်းကို ကြည့်ပြီး

'မင်းဘဝ အနေဝင်အဖွဲ့က လွတ်မြောက်မဲ့အချိန်ကို ရောက်နေပြီကွ။ ကျွန်ပညာရေးစနစ်ကို ဆက်လေ့လာပြီး မြို့အုပ်အရေးပိုင်လို ဘွဲ့ထူးမျိုး ကို လက်ခံလိုက်ရင် မင်းဘဝမှာ ထမ်းဆောင်ရမဲ့ တာဝန်တွေ ကျေပျက်မှာစိုးလို့ကွ'

ဟုဆိုလိုက်ရာ နေဘုန်းက ဦးထိပ်သီးကို နားမလည်ဟန်ဖြင့် ကြည့်ပြီး

'ကျုပ်မှာ ဘာတာဝန်တွေ ရှိလို့လဲ'

ဟုမေးမြန်းလိုက်လေ၏။ဦးထိပ်သီးက

'ဒီနေ့ညတော့ မင်းအမေးကို ငါမဖြေနိုင်ဘူးကွ၊ မနက်ဖြန် မင်းရဲ့ (၁၉)နှစ်မြောက်မွေးနေ့ ရောက်မှ ပြောမယ်'

ဟုဆိုလိုက်ရာနေဘုန်းက ဦးထိပ်သီးကို အံ့ဩဟန်ဖြင့် ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ရဲ့ မွေးနေ့ကို ကျုပ်ကိုယ်တိုင်တောင် တိတိကျကျ မသိဘူး၊ ဦးထိပ်သီးက ဘာဖြစ်လို့သိနေတာလဲ'

ဟုမေးမြန်းလိုက်၏။ ဦးထိပ်သီးက

'မင်းဘ၀ရဲ့ နောက်ကြောင်းရာဇဝင် အသေးစိတ်ကို ငါသိနေလို့ပေါ့ကွာ၊ ဒီအကြောင်းတွေကို သေသေချာချာ သိချင်ရင် မနက်ဖြန်မနက်ကန်ဦးကျောင်းစေတီကိုလာခဲ့ကွာ၊ မင်းရဲ့ ၁၉နှစ်မြောက် မွေးနေ့မှာ မင်းဘ၀နောက်ကြောင်း ရာဇဝင်ကို ငါပြောပြမယ်၊ဒီအထဲမှာ မင်းရဲ့ မိဘနှစ်ပါးအကြောင်းလဲပါတယ်'

ဟုပြောလေ၏။ နေဘုန်းသည် ဦးထိပ်သီးကို ဆက်လက်ပြီး မေးမြန်းလျှင်လည်းအကြောင်းထူးမည် မထင်သဖြင့် ဆက်လက်မေးမြန်းခြင်း မရှိတော့ချေ။

နေဘုန်းသည် မိမိငယ်စဉ်က မိဘနှစ်ပါးနှင့် ပတ်သက်ပြီး မေးမြန်းသည့်အခါတိုင်း အဒေါ်က မိဘနှစ်ပါးအကြောင်းကို ဝေ့လည်ကြောင်ပတ်လုပ်ပြီး ဖြေကြားခြင်း မရှိချေ။

သူ၏ မိဘနှစ်ပါး ဆုံးပါးသွားသည် ဆိုခြင်းမှာ သမားရိုးကျဟုတ်ပုံမရချေ။





နေဘုန်းသည် မိမိဘ၀နောက်ကြောင်းကို သိရတော့မည် ဆိုသဖြင့် စိတ်စောပြီး အိပ်လို့ပင် မပျော်နိုင်တော့ချေ။

***



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်သို့ ရောက်သောအခါနေဘုန်းသည် နံနက်စောစောထပြီး ခြံတွင်းခြံပြင် သန့်ရှင်းရေးလုပ်ကာ အဝေါ်အဖျိုကြီးကို ခွင့်ပန်ပြီး ကန်ဦးကျောင်းစေတီသို့ ထွက်ခဲ့လေ၏။

ကန်ဦးကျောင်းစေတီရင်ပြင်၌ ကြိုတင်ရောက်ရှိနေသော ဦးထိပ်သီးကို တွေ့ရလေ၏။ ဦးထိပ်သီးက နေဘုန်းကို ကြည့်ပြီး

"မင်းဘဝနောက်ကြောင်းကို သိရမယ်ဆိုတော့ စိတ်စောနေသလား၊ အေးအေးဆေးဆေးပေါ့ကွာ၊ဘုရားဝတ်ပြုလိုက်ပါဦး"

ဟုပြောလိုက်လေ၏။ နေဘုန်း ဘုရားဝတ်ပြုပြီးသောအခါ ဦးထိပ်သီးက အဝေးဆီသို့ ငေးကြည့်လိုက်ပြီး

"အတိတ်ကို ပြန်ပြောရရင်တော့ လွန်ခဲ့တဲ့ ၁၉နှစ်လောက်ကို





ပြန်သွားရမှာပဲကွ၊ မင်းအဖေနံမည်က ကြည်မောင်လို့ခေါ်တယ်၊ မင်းအဖေကြည်မောင်က အနုပညာသမား ပန်းချီဆရာကွ၊ ငါကတော့ ဘုန်းကြီးကျောင်းသားပေါ့ကွာ၊ မင်းအဖေငယ်ငယ်က ဘုန်းကြီးကျောင်းဝင်းထဲမှာနေတဲ့ ပန်းချီဆရာကြီးဆီမှာ ပန်းချီပညာ လာသင်ရင်း ငါနဲ့ရင်းနှီး ခင်မင်သွားခဲ့တယ်။ တစ်နေ့တော့ ဟောဒီ ကန်ဦးကျောင်းဘုရားပွဲမှာပဲ မင်းအဖေနဲ့ မင်းအမေတွေ့ဆုံခဲ့ကြတယ်။ မင်းအမေက ဒေါ်ပိုင်းကြည်တဲ့ ဓနဂုဏ်မြင့်မားတဲ့ အသိုင်းအဝိုင်းက ဆင်းသက်လာတာကွ၊သူတို့ နှစ်ယောက်ဟာ ချစ်သူဖြစ်ပြီးတဲ့ နောက်ပိုင်း ကန်ဦးကျောင်းစေတီမှာ မကြာခဏ ချိန်းတွေ့ခဲ့ကြတယ်။ ကဗျာဆန်ဆန် ပြောရရင် ကန်ဦးကျောင်းစေတီဟာ ချစ်သူနှစ်ဦးရဲ့ အမှတ်တရ နေရာပေါ့ကွာ၊ ဒါပေမဲ့ ဓနဂုဏ်အဆင့်အတန်းချင်းတူတဲ့ လူနှစ်ဦး ပေါင်းစပ်တဲ့အတွက် ထုံးစံအတိုင်း ဂုဏ်မနေတဲ့တိုင်းခြားပြီး မင်းအမေဘက်က မိဘတွေက သူတို့သမီးနဲ့ မင်းအဖေကို သဘောမတူဘူးဆိုပြီး ချစ်သူနှစ်ဦးကို တွေ့ဆုံခွင့် မပေးတော့ဘူး။မင်းအဖေကိုကြည်မောင်ဟာ မင်းအမေကို ချစ်လွန်းလို့ တွေ့ဆုံခွင့်ရဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့တယ်။ နောက်ဆုံး မအောင်မြင်တဲ့အဆုံးမှာ မင်းအတိုးသူဌေးကြီး ဆီသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံပေးဖို့ အကြိမ်ကြိမ်ခွင့်တောင်းခဲ့တယ်။ နောက်ဆုံးတော့ မင်းအဖေဟာ သူဌေးမိသားစုဆီက စကား တစ်ခွန်းကို ကြားရပြီး အရှုပ်ကျိုးပြတ် ပြန်လာတယ်။ မင်းအဘိုး သူဌေးကြီး မိသားစုက မင်းအဖေကို ဘာပြောလိုက်သလဲ ဆိုတော့ သူတို့သမီး ကိုလိုချင်ရင် ငွေငါးထောင်တိတိနဲ့တင်တောင်းရမယ်လို့ ဆိုခဲ့တာကွ။ မင်းအဖေ အရှုပ်ကျိုးပြတ်ဖြစ်ပြီး ပြန်လာတာလဲ မမှားဘူးပေါ့ကွာ၊ ဘာကြောင့်လဲ ဆိုတော့ ငွေငါးထောင်ဆိုတဲ့များပြားတဲ့ ငွေပမာဏကို မင်းအဖေလို ပန်းချီဆရာလူရိုးကြီးက ဘယ်ရှာနိုင်ပါ့မလဲကွာ'

ဟုပြောလိုက်ရာ နေဘုန်းသည် ဖခင်၏ အတိတ်ဇာတ်ကြောင်းကို နားထောင်ပြီး ကရုဏာသက်သလို ခံစားလိုက်ရ၏။

ဦးထိပ်သီးက သူ၏နောက်ကြောင်းရာဇဝင်ကို ဆက်ပြောပြန်၏။

"မင်းအဖေမှာ မင်းအဒေါ်အပျိုကြီးအပြင် ညှိမဆိုတဲ့ အငယ်ဆုံး ညီမလေးတစ်ယောက် ရှိသေးတယ်။ ညှိမဟာ ပန်းပုရုပ်ကလေးတွေ ထုရတာကို သိပ်ဝါသနာပါတယ်။ သူဟာ ဝါသနာကြီးလွန်းလို့ ထမင်းမေ့ ဟင်းမေ့ ပန်းပုထုနေနေနိုင်တယ်။ ညှိမရဲ့ ပန်းပုလက်ရာလေး တွေလဲ သိပ်ကောင်းတယ်ကွ၊ တစ်ခါတုန်းက နှင်းဆီပန်းလေးထုထား





ရွား ပွင့်ချပ်ပွင့်လွှာလေးတွေကို ကြည့်ရတာ အသက်ဝင်လွန်းလို့ ယ်အဖောင်းသားတောင် ဖြစ်ရတယ်။ အကြီးမဖြစ်တဲ့ မင်းအဒေါ် ပျိုကြီးကတော့ မင်းသိတဲ့အတိုင်း စိတ်ရင်းစေတနာကောင်းရှာပါ တယ်၊ မင်းအဖေရဲ့ ဇာတ်လမ်းကို ပြန်ဆက်ရရင်ဂုဏ်ရည်မတူတဲ့ သူနှစ်ဦးကွဲကြလေသတည်းဆိုတဲ့ အချစ်ဇာတ်လမ်းပေါ့ကွာ၊ ဒါပေမဲ့ ကြမ္မာဆိုတာ ဆန်းကြယ်တယ်ကွ၊ မင်းအဖေရဲ့ အချစ်ကံကောင်း ယ်လို့ ဆိုရမလား မသိဘူး တစ်နေတော့ ဂုဏ်ရည်မတူလို့ သဘော တူပါဘူး ဆိုတဲ့ မင်း အဘိုးသူဌေးကြီးက စိတ်ပြောင်းပြီး မင်းအဖေကို သမီးနဲ့သဘောတူခဲ့တယ်။ ဒီအချိန်ကစပြီး မင်းအဖေဟာ မင်းအမေ တဲ့ မြို့ကိုလိုက်သွားပြီး အကြီးအကျယ် မင်္ဂလာဆောင်ခဲ့တယ်၊ ဒီအချိန် စပြီး မင်းအဖေဟာ ငါတို့မြို့ကိုပြန်မလာတော့ဘူး၊ မင်းအဒေါ် ပျိုကြီးနဲ့ ညီမလေးညှိမဟာ ပင်ပန်းကြီးစွာ ရှာဖွေပြီး စားသောက်ရ တယ်၊ မင်းအဖေမြို့ကို ပြန်မလာတာ ငါတို့အားလုံး နားမလည် င်တော့ဘူး၊သူ့ကို ဘဝမေ့သွားတယ်လို့လဲ မထင်မိဘူး၊ ဒီနောက်ပိုင်း ကြာရမဲ့ အကြောင်းတွေကတော့ ဝမ်းနည်းကြေကွဲစရာတွေချည်းပဲကွ၊ င်းအဖေနဲ့မင်းအမေ လက်ထပ်ပြီး နှစ်အနည်းငယ်မှာပဲ မင်းအဘိုး



www.burmeseclassic.com

www.burmeseclassic.com



သူ့ရွှေးကြီး လင်မယားဟာ ရှမ်းပြည်ဘက်က ဘုရားတွေဖူးရင်း ကား
မှောက်ပြီး အသက်ဆုံးခဲ့ရတယ်။ မင်းအမေလဲ မင်းကို မီးဖွား
သွေးနုသားနုကာလမှာ မိဘနှစ်ပါး အကြောင်းကြားပြီး စိတ်ထိခိုက်
ဒဏ်နဲ့ သေဆုံးခဲ့ရတယ်။ထူးဆန်းတဲ့ တိုက်ဆိုင်မှုက မင်းအမေသေဆုံး
အချိန်နဲ့ မရှေးမနှောင်းမှာပဲ ပန်းပုထုပြီး ပျော်နေတတ်တဲ့ မင်းအဖေ
ညီမလေး ညိုမကွယ်လွန်ခဲ့တယ်။ သူ့မှာ ဘယ်လိုအနာရောဂါ
သလဲဆိုတာ ငါတို့ မသိခဲ့ဘူး။ထူးဆန်းတာ တစ်ခုက မင်းအဖေ မြို့
ထွက်သွားကတည်းက ညိုမဟာ ကျန်းမာရေးမကောင်းဘဲ တရှော
ရှောင်ဖြစ်နေတာ ကြာပြီကွ၊ မင်းအဖေညီမလေးညိုမ ဆုံးသွား
တော့ မင်းအဖေဟာ လသားလေး အရွယ်သာရှိတဲ့ မင်းကိုပိုက်
မြို့ကို ပြန်လာတယ်။မြို့ကို ရောက်ပြီး သူ့ညီမသေဆုံးတဲ့ သတင်း
ကြားရတော့ ‘အစ်ကိုကို ခွင့်လွှတ်ပါ ညီမရယ်’ ဆိုပြီး ဝမ်းပန်းတနည်း
ငိုယိုတော့တာပါပဲ၊ သူ့ခမြာ သူအလွန် ချစ်တဲ့ မိန်းမနဲ့ညီမလေး
သေဆုံးရတယ်ဆိုတော့ ဝမ်းနည်းရှာမှာပေါ့ကွာ’

***





“တနဲ့ကိုယ် တသားတည်း
ဖြစ်အောင်လုပ်ရမယ်ကွ၊တသားတည်း
ဖြစ်သွားတဲ့အခါ ကျောက်မှတ်စရာမလိုတော့ဘူး၊
တကိုကျောက်ပြီး ပြေတယ်ဆိုတာ
ကြက်တူရွေးအလုပ်ကွ၊
တကယ်တော့တဆိုတာအလွတ်ကျက်မှတ်ပေး
နားလည်ဖို့ခက်ခဲလေပဲ”



www.burmeseclassic.com

'မင်းအဖေဟာ မွေးကင်းစအရွယ်သာ ရှိသေးတဲ့ မင်းကို အဒေါ် အပျိုကြီးလက်အပ်ပြီး တို့မြို့က ထွက်ခွာသွားတယ်။ မင်းအဒေါ်ဟာ အဲဒီတုန်းကသူတို့ ညီအစ်မကို စွန့်ခွာပြီး ထားရစ်ခဲ့တဲ့အတွက် မင်း အဖေကို စိတ်နာနေပုံရတယ်။ မင်းအဖေမြို့က ထွက်ခွါသွားတာ တားဆီးခြင်းမရှိဘူး။ မင်းအဖေဟာ မြို့က ထွက်ခွါကာနီးမှာ အချစ်ဆုံး သူငယ်ချင်းဖြစ်တဲ့ ငါ့ကိုခေါ်ပြီး သူမရှိတဲ့အချိန်မှာ မင်းကို ကာကွယ် စောင့်ရှောက်ပြီး အသိပညာ၊ အတတ်ပညာတွေ သင်ပေးဖို့ အပ်နှံခဲ့ တယ်။ အဲဒီတုန်းက ငါက အချစ်ဆုံးသူငယ်ချင်းပီပီ မင်းအဖေ





တားဆီးဖို့ ကြိုးစားပါသေးတယ်၊ ဒါပေမဲ့ မင်းအဖေဟာ အလွန်စိတ် ဆိုက်နေတဲ့ အမူအယာရှိတယ်၊ မျက်ဝန်းအစုံမှာ မျက်ရည်တွေ ပြည့် လျှံနေပြီး ခေါင်းကိုသာ တွင်တွင်ခါ ယမ်းနေတယ်။ ထူးဆန်းတာက သူနောက်ဆုံးပြောတဲ့စကားမှာ မင်းအသက် ၁၉ နှစ်ပြည့်တဲ့နှစ်မှာ အိမ်ကထွက်ပြီးခေါင်းကေရီကို ရှာဖွေရမယ်တဲ့၊ ခေါင်းကေရီကို ရှာဖွေပြီးအဆုံးတစ်နေ့မှာ သူနဲ့ပြန်ဆုံမယ်လို့ဆိုသွားတယ်၊ မင်းအဖေ ပြောသွားတာက ပဟေဠိဆန်လွန်းတယ်၊ ခေါင်းကေရီဆိုတာ ဘာလဲလို့ ငါ ကိုယ်တိုင်လဲမသိဘူး၊ လူတစ်ယောက်ရဲ့အမည်လား။ ပစ္စည်း တစ်ခုရဲ့အမည်လား မသဲကွဲဘူး၊ မင်းအဖေကို ခေါင်းကေရီနဲ့ ပတ်သက် ပြီး ငါအကြိမ်ကြိမ် မေးမြန်းပေမဲ့ မဖြေဘဲ ခေါင်းကိုသာ တွင်တွင်သာ ခါယမ်းနေတယ်'

ဟုဆိုလိုက်ရာ နေဘုန်းက ဦးထိပ်သီး စကားကို အားတက် သရောနားထောင်နေရာမှ

'ဒါဆိုရင် ခေါင်းကေရီကိုရှာဖွေပြီး အဆုံးတစ်နေ့မှာ အဖေနဲ့ ပြန်တွေ့မယ်ဟုတ်လား။ဒါဆိုရင်တော့ အဖေနောက်ကို လိုက်ပြီး ရှာဖွေမယ်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလိုက်ပြီး တစ်စုံတစ်ရာကို တွေးတောမိဟန်ဖြင့် မျက်မှောင်ကြုတ်လိုက်ပြီး

'ဒါပေမဲ့ အဒေါ်ကို စိတ်မချဘူးဗျာ၊ကျုပ်မရှိဘဲ အဒေါ်တစ်ယောက်တည်း နေလို့ရပါ့မလား'

ဟုရေရွတ်လေရာ ဦးထိပ်သီးက လက်ကာပြလိုက်ပြီး

' မပူပါနဲ့ကွာ စိတ်ချလက်ချ သွားစမ်းပါ၊မင်းအဒေါ်နဲ့ ငါတို့ဟာ ရပ်ဆွေရပ်မျိုးတွေပါ၊သူ့ကို ငါတို့ဝိုင်းဝန်းစောင့်ရှောက်မှာပါ'

ဟုဆိုလိုက်ရာ နေဘုန်းသည် အဒေါ်အမျိုးကြီးကို စိတ်ချသွားဟန်ဖြင့် သက်ပြင်းချလိုက်ပြီး

'ဒါဆိုရင်တော့ ကျုပ် စိတ်ချလက်ချ သွားနိုင်ပြီပေါ့ဗျာ'

ဟုဆိုလိုက်၏။ ဦးထိပ်သီးက နေဘုန်း၏ ပခုံးကိုပုတ်ပြီး

'မင်းကို အသိပညာ၊အတတ်ပညာနဲ့ ပြည့်စုံအောင် ငါကိုယ်တိုင် ပြုစုပျိုးထောင်ပေးပြီးပြီ။နောက်ပြီးတော့ ယောကျ်ားတို့ တတ်သင့်တတ်အပ်တဲ့ ကိုယ်ခံပညာတွေကိုလဲ သင်ကြားပေးခဲ့ပြီးပြီ၊ မင်းကို ငါစိတ်မချစရာ အကြောင်းမရှိတော့ပါဘူး'

ဟုပြောလေ၏။နေဘုန်းက ဦးထိပ်သီး မျက်နှာကို ကြည့်ပြီး





မိမိကို အစွမ်းသတ္တိရှိအောင် သင်ကြားပေးသော ကျေးဇူးတရားကို ဆင်ခြင်မိကာ ရှိခိုးကန်တော့ပြီး

'ကျွန်တော့်ကို အရည်အချင်းရှိအောင် ပြုစုပျိုးထောင်ပေးတဲ့ ကျေးဇူးကိုတစ်သက်မမေ့ပါဘူးဗျာ'

ဟုပြောလိုက်လေ၏။ဦးထိပ်သီးက နေဘုန်း၏ ခေါင်းကိုပုတ်လိုက်ပြီး

'လောကထဲကို ရောက်ရင် အရာရာကို သင်ယူဖို့ ကြိုးစားပါကွာ၊ တကယ်တော့ လောကဆိုတာ သင်ယူလို့မဆုံးနိုင်တဲ့ ကျောင်းကြီးပါပဲ'

ဟုပြောပြီး ကျေနပ်အားရသော အပြုံးဖြင့် ပြုံးလိုက်လေ၏။

***



www.burmeseclassic.com

www.burmeseclassic.com



နေဘုန်းသည် နောက်တစ်နေ့နံနက် အိပ်ယာမှ တိတ်တဆိတ် ထပြီး အဝတ်အစား တစ်စုံနှစ်စုံထည့်လေ၏။

သူ၏ကိုယ်ပိုင် ငွေကြေးဆိုလို့ စုဆောင်းထားသော ငွေအနည်း ငယ်သာရှိ၏။ နေဘုန်းသည်အခန်းထဲမှ အသံမကြားအောင် ထွက်ပြီး နောက် အဒေါ်၏ ခုတင်နံဘေးသို့ တိတ်တဆိတ်သွားကာ ရှိခိုးကန် တော့ လိုက်ပြန်၏။

အဒေါ်သည် သူ၏ ကျေးမိခင်အစစ်ဖြစ်၏။အဒေါ်၏ကျေးဇူးများ မိမိ၌ဆပ်လို့မကုန်အောင်ရှိ၏။နေဘုန်းသည် အဒေါ်ကို ကန်တော့ပြီး





နောက် အိမ်ကလေးထဲမှ အသံမကြားအောင်ထွက်ခဲ့၏။

နေဘုန်းသည် ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ မြူမှုန်ထဲတွင် ဝိုးတဝါး မြင်တွေ့ရသော အိမ်ကလေးကို ငဲ့စောင်းကြည့်လိုက်မိ၏။ ပြီးနောက်အံကို တင်းတင်းကြိတ်ပြီး အိမ်ကလေးကို ကျောခိုင်း ထွက်ခဲ့၏။

ထိုအခိုက်မှာပင် အိမ်ကလေး၏ ပြတင်းပေါက်မှ အဒေါ်ဖြစ်သူ ခေါင်းထွက်လာပြီး မြူမှုန်ထဲတွင် ဝိုးတဝါး မြင်နေရသော နေဘုန်း၏ နောက်ကျောကို ကြည့်ကာ

'လူကလေး..အဒေါ်ကို စွန့်ခွာသွားပြီပေါ့၊ ဒီလိုစွန့်ခွာသွားမယ် ဆိုတာ အဒေါ်ကြိုတင်ပြီးသိထားပြီးသားပါ၊ မင်းလဲ မင်းအဖေလို ခေါင်းမာတဲ့ လူတစ်ယောက်ပါပဲ၊ သွားပေဦးတော့ လူကလေးရယ်.. မင်း အောင်မြင်ပါစေလို့ အဒေါ်ဆုတောင်းပါတယ်'

ဟုတီးတိုးရေရွတ်လိုက်လေ၏။

***



www.burmeseclassic.com

www.burmeseclassic.com



နေဘုန်းသည် ဘူတာသို့သွားကာ ရထားစောင့်နေစဉ် စာပို့ရထားကြီး ဆိုက်ကပ်လာသဖြင့် ရထားပေါ်သို့ တက်ပြီးလိုက်သွားလေ၏။

မီးရထားကြီးသည် ရှူးရှူးရှဲရှဲ အသံပြုကာ ဘူတာမှ စတင်ထွက်သွားလေ၏။ နေဘုန်းသည် မီးရထားပြတင်းပေါက်မှ ရေးရေးသာမြင်ရသော မြို့ကို ကြည့်ပြီး လွမ်းဆွတ်သလို ခံစားလိုက်ရလေ၏။

မီးရထားသည် ဘူတာများ တစ်ဘူတာပြီး တစ်ဘူတာ ဆိုက်ကပ်ပြီး မြို့ကြီးတစ်မြို့ အရောက်မှာ လေပေါင်ကျသွားသောကြောင့် ရထားကို ဘူတာမှာ အတန်ကြာအောင် ရပ်နားနေလေ၏။

နေဘုန်းသည် အညောင်းအညာပြေစေရန် ရထားပေါ်မှ ဆင်းပြီး





ခြေဆန့်လက်ဆန့်ပြုလုပ်နေစဉ် ဘူတာအနီးမှ ဘင်တီးသံ တဒုန်းဒုန်းကြားရသဖြင့် ထိုနေရာသို့ လျှောက်လှမ်းသွားလေ၏။

ထိုအခါ ဘူတာအရှေ့ရှိ အရိပ်ကောင်းသော သစ်ပင်ကြီးအောက်တွင် ပြသနေသော မျက်လှည့်ဝိုင်းတစ်ဝိုင်းကို တွေ့ရလေ၏။

မျက်လှည့်ဆရာသည် ပြောင်စပ်စပ် မျက်နှာရှိသော လူတစ်ဦးဖြစ်ပြီး မျက်လှည့်ပြလိုက် ဘင်တီးလိုက်ဖြင့် ပြသနေလေ၏။

မျက်လှည့်ဆရာကို ကြည့်ပြီး မိန်းမကြီးတစ်ဦးက

'မျက်လှည့်ဆရာကို ကြည့်ရတာ မျောက်အုန်းသီးရတာ ကျနေတာလဲ၊ မျက်လှည့်ပြလိုက် ဘင်တီးလိုက်နဲ့'

ဟု အပြစ်တင်လိုက်ရာ မျက်လှည့်ကြည့် ပရိသတ်များသည် သဘောကျဟာန်ဖြင့် ဝါးခနဲ အော်ဟာစ်လိုက်လေ၏။

မျက်လှည့်ကဆရာက မျက်နှာရှုံ့မဲ့ပြီး

'မျောက်အုန်းသီး ရတာမဟုတ်ပါဘူးဗျာ၊ ဘင်တီးတဲ့ကောင်မိန်းမ ခိုးသွားလို့ပါ'

ဟုပြောလိုက်လေ၏။ထိုအခါ နေဘုန်းက လူအုပ်ထဲသို့တိုးဝင်သွားပြီး

www.burmeseclassic.com



'ခင်ဗျား ဘင်ကို ကျုပ်တီးပေးပါ့မယ်ဗျာ၊ မျက်လှည့်ကိုသာ အေးအေးဆေးဆေးပြပါ'

ဟုပြောလိုက်လေ၏။မျက်လှည့်ဆရာက ခေါင်းညိတ်ပြီး

'ကျေးဇူးတင်တယ်ကောင်လေး'

ဟုပြောလိုက်ပြီး သူ၏ မျက်လှည့်ပိုင်းကို ဆက်လက်ပြသလေ၏။အတန်ကြာသောအခါ မျက်လှည့်ဆရာသည် မျက်လှည့်ပိုင်းကို သိမ်းလိုက်လေ၏။

မျက်လှည့်ဆရာက နေဘုန်း၏ ပခုံးကိုဖက်ပြီး

'ကျေးဇူးတင်တယ် ကောင်လေး၊ ကျုပ်တို့ထမင်းစားရအောင်'

ဟုဖိတ်ခေါ်လေ၏။

ထိုအခါမှပင် နေဘုန်းသည် လေပေါင်ဖြည့်နေသော ရထားကို သတိရပြီး

'ဟာ..ကျုပ်ရထားလေပေါင်ဖြည့်တာကို မေ့နေတယ်၊ ပြေးမှဖြစ်မယ်'

ဆိုလိုက်ရာ မျက်လှည့်ဆရာက နေဘုန်း၏ လက်ကို ဆွဲလိုက်ပြီး

'မသွားနဲ့တော့ကွ၊ ရထားမရှိတော့ဘူး၊ ငါ့ရဲ့နားက ဘူတာက ရထားအဝင်အထွက်ကို ကောင်းကောင်းသိတယ်၊ မင်းလိုက်လာတဲ့ စာပို့ရထားက ထွက်သွားတာကြာပြီ'

ဟုဆိုလိုက်ရာ နေဘုန်းသည် မျက်လှည့်ဆရာ၏ စကားကို မယုံဘဲ ဘူတာသို့ အပြေးထွက်ပြီးသွားကြည့်လေ၏။ ထိုအခါ မျက်လှည့်ဆရာ ပြောသကဲ့သို့ပင် စာပို့ရထားဘူတာမှ ထွက်သွားကြောင်း တွေ့ရလေ၏။

မိမိ လိုက်ပါလာသော စာပို့ရထားမရှိတော့သဖြင့် နောက်ရထား စောင့်စီးရန်သာ ရှိတော့၏။

***







www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် သူ၏ အနီးသို့ မျက်လှည့်ဆရာ ရောက်ရှိလာပြီး

'ဘယ်လိုလဲ ကောင်လေး စာပို့ရထားထွက်သွားပြီ မဟုတ်လား။ ငါနဲ့လိုက်ပြီး အေးအေးဆေးဆေး ထမင်းစားပါဦးကွာ'

ဟုဖိတ်ခေါ်လေ၏။နေဘုန်းသည် ဗိုက်ထဲတွင် ဆာလောင်လာသဖြင့် မျက်လှည့်ဆရာနှင့်အတူ လိုက်ပြီး နေ့လယ်စာ စားသောက်လေ၏။

ထမင်းစားပြီးနောက် မျက်လှည့်ဆရာက ဆေးပေါ့လိပ် တစ်လိပ်ကို မီးညှိဖွါရှိုက်လိုက်ပြီး





'ငါ့နံမည် ကိုတာတေလို့ခေါ်တယ်၊ မင်းနံမည်ဘယ်သူလဲ၊ ဘယ်ကိုသွားမလို့လဲ'

ဟုမေးမြန်းလေရာ နေဘုန်းက သူ၏အမည်ကို ပြောပြီး

'ကျုပ်က မြို့ကထွက်ပြီး၊ လူတစ်ယောက်ကို ရှာနေတာ'

ဟုပြောလေရာ ကိုတာတေက

'ပျောက်ဆုံးနေတဲ့ မိဘကိုရှာနေတာ မဟုတ်လား'

ဟုဆိုလိုက်ရာ နေဘုန်းက မျက်လုံးပြူးသွားပြီး

'ဟင်..ခင်ဗျားဘယ်လိုသိသလဲ'

ဟုမေးမြန်းလိုက်လေ၏။ ကိုတာတေက သဘောကျဟန်နှင့် ရယ်မောလိုက်ပြီး

'ငါက လူတွေရဲ့ စိတ်ကိုဖတ်တတ်တယ်ကွ၊ လူကဲခတ်ပညာ အမြဲတယ်ဆိုပါတော့ကွာ၊ ဒါနဲ့ နေပါဦး မင်းမိဘနဲ့ ပတ်သက်ပြီး ဘယ်လိုသဲလွန်စရှိသလဲ'

ဟုမေးမြန်းလိုက်ရာ နေဘုန်းက ခေါင်းခါယမ်းပြီး

'သဲလွန်စဆိုလို့ ကျုပ်အဖေက နောက်ဆုံးထားသွားတဲ့ ခေါင်းကောရီဆိုတဲ့ စကားပဲ လွန်စရှိတယ်၊ ခေါင်းကောရီကို ရှာတွေ့တဲ့အခါမှာ



www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့ ပြန်တွေ့မယ်လို့ ဆိုထားတယ်'

ဟုပြောလိုက်ရာ မျက်လှည့်ဆရာက

'မင်းရဲ့ အဖြစ်ကလဲ မလွယ်ပါလားလှူပြည်ကအပ်တစ်ချောင်း

မြပ္ပွာပြည်က အပ်တစ်ချောင်း ဆုံတွေ့ဖို့ မလွယ်ဘူး ဆိုသလို ဖြစ်နေပြီ

ဟုပြောလိုက်ရာ နေဘုန်းက သက်ပြင်းချပြီး

'မလွယ်ဘူးဆိုတာ ဟုတ်ပါတယ်၊ဒါပေမဲ့ ကျုပ်က အရာရာ

လွယ်လွယ်နဲ့ လက်လျှော့တတ်တဲ့ လူမျိုးမဟုတ်ဘူး၊ အဖေကို ရှာမတွေ့

မတွေ့သေးခင်မှာ လူ့လောကကြီးထဲဝင်ပြီး လူတွေဆီက အတွေ့အကြုံ

တွေကို သင်ယူဖို့ ဆုံးဖြတ်ထားတယ်'

ဆိုလိုက်ရာ ကိုတာတီးက ခေါင်းညိတ်ပြီး

'လူ့လောကဆိုတာ သင်ယူတတ်ရင် အကောင်းဆုံးကျောင်းကြီး

တစ်ခုပါပဲကွာ၊ မင်းရဲ့ စိတ်ဓာတ်နဲ့ ရည်ရွယ်ချက်ကို သဘောကျလို့

ငါနဲ့အတူနေဖို့ ဖိတ်ခေါ်ချင်တယ်'

ဟုဆိုလိုက်ရာ နေဘုန်းက ကိုတာတီးကို ကြည့်ပြီး

'ခင်ဗျားကို ကျုပ်မြင်မြင်ချင်း ခင်မင်သွားတာ အမှန်ပဲ၊ ခင်ဗျား

ကို ကြည့်ရတာ လေးနက်တဲ့ အတွေးအခေါ် ဒဿနရှိပုံရတယ်'





ဟုပြောလေရာ ကိုတာတီးက

'လောကမှာ လူတော်တော်များများဟာ တစ်ကိုယ်ကောင်းဆန်ပြီး

များအတွက် မတွေးတတ်ဘူး၊ ငါ့အတွက် ဆိုတဲ့လူတွေပဲ များတယ်၊

ဒီလိုလူတွေ များလာရင် သဘာဝလောကကြီးရဲ့ ဒဏ်ခတ်ခြင်းခံရလိမ့်

မယ်၊ ငါကအများကောင်းကျိုးအတွက် အလုပ်လုပ်နေတာကွ'

ဟုဆိုလိုက်ရာနေဘုန်းက ခေါင်းညိတ်ပြီး

'မျက်လှည့်ပြတဲ့ အလုပ်ကို ပြောတာလား'

ဟုမေးမြန်းလိုက်ရာ ကိုတာတီးက ခေါင်းခါယမ်းလိုက်ပြီး

'တကယ်တော့ မျက်လှည့်ပြတာ ငါ့ရဲ့ အလုပ်အကိုင် အစစ်

မဟုတ်ဘူး၊ ငါအလုပ်လုပ်တယ်ဆိုတာ ရင်ခုန်စိတ်လှုပ်ရှားဖွယ် အတွေ့

အကြုံတွေ လိုချင်လို့ကွ၊ လောကမှာ စားဖို့သောက်ဖို့လောက်လုပ်တဲ့လူ

တွေဟာ ခပ်ညံ့ညံ့လူတွေကွ၊ ဒီလိုလူတွေထဲမှာ ငါမပါဘူး'

ဟုဆိုလိုက်ရာ နေဘုန်းသည် ကိုတာတီး၏ အယူအဆကို

သိသက်သွားပြီး

'ဟင်..ကျုပ်နဲ့ အတွေးချင်းတူလိုက်တာဗျာ၊ကျုပ်ထဲ ရင်ခုန်

စိတ်လှုပ်ရှားဖွယ် အတွေ့အကြုံတွေလိုချင်တာဗျ၊ ဒါနဲ့ ခင်ဗျားရဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်အကိုင်က ဘာလဲ၊အတော်စွန့်စားရမယ် ထင်တယ်'

ဟု အားတက်သရော မေးမြန်းလိုက်၏။

ကိုတာတီးက ဘေးပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်ပြီး

'စွန့်စားရတာတော့ မပြောပါနဲ့ကွာ၊ ရင်တုန်နှလုံးတုန်ဖို့လဲ ကောင်းသလောက် ရှေးလဲကျတယ်၊ ဘယ်လောက်အထိ ရှေးကျသလဲ ဆိုရင် သမိုင်းဦးခေတ်လောက်ကတည်းကပေါ်ပေါက်နေတဲ့ အလုပ်ကွ ဒီထက်ပိုပြီး တိတိကျကျပြောရရင် လူတွေမှာ ပိုင်ဆိုင်မှုဆိုတာရှိက တည်းက စပြီးပေါ်ပေါက်လာတဲ့အလုပ်'

ဟုဆိုလိုက်ရာနေဘုန်းသည် ကိုတာတီး၏ အလုပ်ကိုပိုမို စိတ် ဝင်စားလာပြီး

'ခင်ဗျားရဲ့ အလုပ်ကို ညွှန်းလှချည်လား၊ ကျုပ်ပိုသိချင်လာပြီ'

ဟုဆိုလိုက်၏ ကိုတာတီးက သူ၏အလုပ်ကို ဂုဏ်ယူဟန်ဖြင့် လက်မထောင်ပြီး

'နောက်ပြီး ဒီအလုပ်က ငါတို့သားစဉ်မြေးဆက် လက်ဆင့် ကမ်းပြီး လုပ်လာခဲ့တဲ့ အလုပ်ကွ၊ ငါ့အလုပ်က ရှင်းရှင်းပြောရရင် သူတစ်ပါးရဲ့ ပိုင်ဆိုင်မှုတွေကို ကာယကံရှင် မသိအောင် ယူတဲ့အလုပ်ပဲ'





ဟုဆိုလိုက်ရာ နေဘုန်းသည် ကိုတာတီး၏ အလုပ်ကို သဘော ပေါက်သွားပြီး တဟားဟား ရယ်မောကာ

'ဘာများလဲ မှတ်တယ်၊ခင်ဗျားရဲ့အလုပ်ကသူခိုး အလုပ်ကိုး၊ ကောင်းမှ ဒုစရိုက်အလုပ်ကြီးပဲ'

ဟုပြောလိုက်လေ၏။

ထိုအခါ ကိုတာတီးက ခေါင်းညိတ်ပြီး

'ဘုရားမကြိုက်တဲ့အလုပ် ဆိုတာ ငါဝန်ခံပါတယ်၊ ဒါပေမဲ့ ငါသူခိုးအလုပ် လုပ်တယ်ဆိုတာ သူတော်ကောင်းပစ္စည်းကို မခိုးဘူးကွ၊ ကောင်းမှု ဒုစရိုက် လုပ်တဲ့လူတွေရဲ့ ပစ္စည်းကို ရယူပြီးမရှိဆင်းရဲသား တွေကို ဝေငှပေးတာကွ၊ ငါ့အတ္တအတွက်ခိုးတာမဟုတ်ဘူး'

ဟုပြောလေ၏။ နေဘုန်းသည် ကိုတာတီး၏ စကားကြောင့် မျက်မှောင်ကြုတ်လိုက်ပြီး

'ဒါဆိုရင်တော့ ခင်ဗျားက သူခိုးကြီးငတေတ်ပြားလိုပေါ့'

ဟုပြောလိုက်ရာ ကိုတာတီးက သက်ပြင်းချပြီး

'သဘာဝတရားက လောကအတွက် ပြီးပြည့်စုံအောင် ဖန်တီး ပေးခဲ့တယ်ဆိုပေမဲ့ နေရာတိုင်းမှာကွက်လပ်လေး နည်းနည်းတော့ ရှိ

www.burmeseclassic.com



တတ်တယ်၊ အဲဒီကွက်လပ်ကလေးတွေ ဖြည့်ဖို့ ငါကြိုးစားနေတာကွ
ဥပမာ မြို့ပြင်က လူတွေကူးသန်းသွားလာတဲ့ တံတားလေးဟာ ကျိုးနေ
တာ ကြာပြီ၊ ဒီတံတားလေး ကျိုးနေလို့ ရဟန်းရှင်လူ ပြည်သူအများ
ဒုက္ခရောက်နေကြတယ်၊ ဒီတံတားလေးကိုမနက်အရုဏ်တက် အချိန်က
တည်းက ဈေးသွားဈေးလာတွေ ဖြတ်သန်းသွားလာကြတယ်၊ အခုတော့
တံတားကျိုးသွားတဲ့အတွက် ဒူးဆစ်လောက်ရှိတဲ့ ရေထဲကို ဖြတ်သန်းပြီး
သွားလာနေကြတယ်၊ ဒီမြို့က သူဌေးသူကြွယ်တွေဟာ မြို့ပေါ်က
ထင်ရှားကျော်ကြားတဲ့ ဆရာတော်ကြီးကျောင်းကိုပဲ အုတ်တံတိုင်း ကာရံ
ချင်ကြတယ်၊ မုခ်ဦးတွေ ပလ္လင်တွေ လှူဒါန်းချင်ကြတယ်၊ တကယ်
တော့ သူတို့အလှူတွေဟာ ရေများရာ မိုးရွာနေတာကွ၊ ဆရာတော်ကြီး
ကျောင်းက အုတ်တံတိုင်းမှာ ကမ္ပည်းစာတန်း ထိုးခွင့်မရဘူးဆိုရင်
သူဌေးသူကြွယ်တွေ လှူဖို့တန်းဖို့ စိတ်ဝင်စားမှာမဟုတ်ဘူး။ မြို့ပေါ်က
သူဌေးကြီးတစ်ယောက်ဟာ လှူကုံထံတွေကိုဖိတ်ပြီး အကြီးအကျယ်
အလှူဒါနပြုနေပေမဲ့ ဆာလောင် မွတ်သိပ်လို့ ခြံရှေ့မှာ လာရပ်နေတဲ့
သားအမိကိုရိုက်ပုတ်ပြီး မောင်းထုတ်ချင်ကြတယ်၊ ဒါဟာ ဟန်ဆောင်
လောကရဲ့ သဘာဝပဲကွ၊ ငါဟာမွေးရာပါ ပင်ကိုယ်ဗီဇအရ စွန့်လွှတ်





စွန့်ခြင်း မေ့ထိုင်ရတော နှစ်သက်တယ်၊ သမားရိုးကျအလုပ်တွေကို မလုပ်
ချင်ဘူး၊ ဒါကြောင့် ငါ့ဝါသနာနဲ့ ကိုက်ညီပြီး သူတစ်ပါးကို အကျိုးပြု
နိုင်တဲ့ သူခိုးအလုပ်ကို လုပ်ကိုင်ခဲ့တာပဲ'

ဟုပြောလေ၏။နေဘုန်းက ခေါင်းညိတ်ပြီး

'ဒီလိုဆိုတော့လဲ ခင်ဗျားအလုပ်ကို ကျူပ်အားပေးရမလို ဖြစ်
နေပြီ'

ဟုပြောလေရာ ကိုတာတီးက ခေါင်းညိတ်ပြီး

'ဒါဆိုရင်လဲ ငါနဲ့အတူ စွန့်စွန့်စားစား လိုက်လုပ်မှာလား'

ဟုမေးမြန်းလေရာ နေဘုန်းကခေါင်းခါယမ်းလိုက်ပြီး

**'မြသေ့တို့မည်သည် ဆာလောင်ငတ်မွတ်သော်လည်း မြက်သစ်
ရွက်ကို မစား၊ ပညာရှိ သူတော်ကောင်းတို့သည်လည်း ဆင်းရဲဒုက္ခ
ရောက်သော်လည်း မကောင်းမှုဒုစရိုက်ကို လက်မခံအကျင့်သီလကို စောင့်
ထိန်းကြကုန်၏**တဲ့ လောကနီတိမှာ ဆိုထားတယ်၊ဒါကြောင့် သူခိုးအလုပ်
ကို မလုပ်နိုင်တာ ခွင့်လွှတ်ပါ'

ဟုဆိုလိုက်ရာ ကိုတာတီးက ခေါင်းညိတ်ပြီး

'လောကနီတိမှာပဲ ဒီလိုဆိုထားတယ်ကွ၊ **မသူတော်တို့ရဲ့**



www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ်ဥစ္စာသည် များပေါင်ပြားလည်း သမုဒ္ဒရာ ရေကဲ့သို့ သောက်ရ
မှီနိုမရနိုင်၊ လို့ဆိုထားတယ်ကွ၊ ဒါကြောင့် မသူတော်တွေရဲ့ ပစ္စည်း
တွေကို တရားနည်းလမ်းကျကျခွဲဝေလို့ရအောင် သူခိုးအလုပ်ကို ဆက်
လုပ်ရမှာပဲကွ"

ဟုပြောလိုက်လေ၏။ ထိုနောက်တွင်မူ နေဘုန်းနှင့် ကိုတာတီး
တို့သည် အတူတကွ ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်သဖြင့် လမ်းခွဲ
ထွက်လိုက်လေ၏။

***





"ကျုပ်ကံအရာရာကို
လှုပ်လှယ်နဲ့
လက်လျော့တတ်တဲ့
လူမျိုးမဟုတ်ဘူး၊
အဖေကိုရှာဖွေလို့
မတွေ့သေးခင်မှာ
လူလောကကြီးထဲဝင်ပြီး
လူတွေဆီက အတွေ့အကြုံ
တွေကို သင်ယူဖို့
ဆုံးဖြတ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



နေဘုန်းသည် ဘတ်စ်ကားကြီး တစ်စီးကို တားစီးပြီး ခရီးဆက်ခဲ့လေ၏။ မြို့တစ်မြို့သို့ ရောက်သောအခါ ဘတ်စ်ကားပျက်သွားသည် ဆိုသဖြင့် ခရီးသည်များ ကားပေါ်မှ ဆင်းကြလေ၏။

နေဘုန်း၏ ခရီးမှာ ခြေဦးတည်ရာ သွားသော ခရီးလမ်းဖြစ်သဖြင့် ကြုံသည့်နေရာတွင် ဆင်းပြီး ဖခင်ရှာဖွေနိုင်းသည့် ဒေါင်းတေရီကို ရှာဖွေရလေ၏။

ဒေါင်းတေရီ ဆိုသည်မှာ လူတစ်ယောက်၏ အမည်နာမပင် ဖြစ်လေသလော။ သက်မဲ့ပစ္စည်းတစ်ခု၏ အမည်ပေလော မသဲကွဲ





လှချေ။

နေဘုန်းသည် ထိုမြို့ထဲတွင် လှည့်လည်ကြည့်ရင်း မြို့လယ်ခေါင် ဈေးအနီးသို့ ရောက်သောအခါ ကားတစ်စီးသည် ဈေးရှေ့တွင် ရပ်နေသော အဘွားကြီးတစ်ဦးကို ပွတ်ဆွဲပြီးရပ်မပေးဘဲ မောင်းနှင်လာကြောင်း တွေ့ရ၏။

နေဘုန်းသည် စိတ်သဘောထား ယုတ်မာသောကားဒရိုင်ဘာကို ဒေါသတကြီး ကြည့်လိုက်ပြီး ကားကိုတားရန် ကြံစည်လိုက်၏။

BURMESE CLASSIC

ထိုကြောင့် ကား၏လာရာလမ်းရှေ့တွင် လက်ပိုက်ရပ်ပြီး ကားလမ်းကို ပိတ်ထားလိုက်လေ၏။ ထိုအခါ အရှိန်ပြင်းပြင်း မောင်းနှင်လာသော ကားထဲမှလူတစ်ဦး ခေါင်းပြူထွက်လာပြီး

"ခွေးမသား‥သေချင်လို့ လမ်းပိတ်တာလား"

ဟုမေးမြန်းလိုက်ရာ နေဘုန်းက

"ခင်ဗျားတို့ လူကုံထံတွေ လုပ်ပြီး မိုက်ရိုင်းလှချည်လား၊ ကိုယ့်အဘွားအရွယ်ကို ဒီလိုလုပ်ရသလား"

ဟုကြိမ်းမောင်းလိုက်လေ၏။အော်စတင်ကားထဲမှ လူကုံထံတစ်ဦး ခေါင်းပြူထွက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



'ချေးမသား သေချင်လို့လား၊ ကားရှေ့မှာ လာပြီးရပ်နေရအောင် မင်းကဘာကောင်လဲ'

ဟုမေးမြန်းလိုက်ရာ နေဘုန်းက လူကုံထံကို မျက်မှောင်ကြုတ်ကြည့်ပြီး

'ခင်ဗျားအတော် မိုက်ရိုင်းတဲ့လူပဲ၊ ခင်ဗျားအမေအရွယ် အဘွားအရွယ် ဈေးသည်အဒေါ်ကြီးကို ပွတ်ဆွဲပြီး ကားကိုမရပ်ဘဲမောင်းထွက်ခဲ့တယ်၊ ခင်ဗျားတို့ မြန်မာမျိုးမှ စစ်ရဲ့လား'

ဟုမေးမြန်းလိုက်၏။

***





"ငါ့သူခိုးအလုပ် လုပ်တယ်ဆိုတာ
သူတော်ကောင်းပစ္စည်းကို မခိုးဘူးကွ၊
မကောင်းမှု ဒုစရိုက် လုပ်တဲ့လူတွေရဲ့ ပစ္စည်းကို
ရလူပြီးမရှိဆင်းရဲသားတွေကို ဝေငှပေးတာကွ၊
ငါ့အတွအတွက်ခိုးတာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါကားပေါ်တွင် လိုက်ပါလာသော လူကုံထံတစ်ဦးက

"ဒီအဘွားကြီး သူ့ဘာသာလန့်ပြီး လဲကျသွားတာကွ၊ ငါတို့ကား နဲ့တိုက်တာ မဟုတ်ဘူး၊ ငါတို့က အရေးပိုင်သမီး မင်္ဂလာဆောင်ကို သွားမဲ့လူတွေ"

ဟုဆိုလိုက်ရာ နေဘုန်းက ကားထဲရှိ လူကုံထံများကို ကြည့်ပြီး အံကိုကြိတ်ကာ

"ဒီမှာ အရေးပိုင်သမီး မင်္ဂလာဆောင်မကလို့ ဘယ်ကိုပဲသွားသွား ခင်များတို့ အဘွားအိုကို ပြုစုသင့်တယ်"





ဟုပြောလိုက်လေ၏။

နေဘုန်း၏ စကားကြောင့် လူကုံထံကြီးများသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရိုင်းပြဟန် ဆုံးဖြတ်လိုက်ဟန်ဖြင့် ဒရိုင်ဘာကို မျက်ရိပ်ပြလိုက်လေ၏။

ထိုအခါ ဒရိုင်ဘာသည် ကားကို အရှိန်မြှင့်ပြီး မောင်းကာ နေဘုန်းကို အရှိန်ဖြင့်ဖြတ်တိုက်လိုက်လေ၏။ နေဘုန်းသည် မိမိကိုယ်မိမိ လျှင်မြန်ဖျတ်လတ်အောင် လေ့ကျင့်ထားသဖြင့် အရှိန်ဖြင့် မောင်းနှင်လာသော ကားကို တစ်ပတ်ကျွမ်းပစ်ပြီး ရှောင်တိမ်းလိုက်လေ၏။

နေဘုန်းသည် လူကုံထံများ၏ ကားထဲမှ လွင့်ပြန့်ပြီး ထွက်ပေါ်လာသော ရယ်သံများကို ကြားဖြစ်အောင် ကြားလိုက်ရလေ၏။ နေဘုန်းသည် မိမိအစော်ကားခံရခြင်းကို ဂရုမပြုအားပဲ မြေပေါ်တွင်လဲကျနေသော အဘွားအိုကို သွားရောက်ပြုစုလေ၏။

ထိုအခါ အဘွားအို၏ ခြေထောက်တစ်ဖက်သည် မြေပေါ်တွင် ထောက်နိုင်တော့ဘဲရှိလေ၏။ နေဘုန်းက အဘွားအိုကို ကရုဏာသက်ဟန်ဖြင့် ကြည့်လိုက်ပြီး

"အဘွား..စိတ်မပူနဲ့နော်၊အဘွားကို ကျွပ်အိမ်ပြန်ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာအဘွားအိုကို ပွေ့ချီပြီး မြင်းလှည်းတစ်စီးကို ငှါးကာ အဘွားအို၏ နေအိမ်သို့ လိုက်လံပို့ဆောင်ပေးလေ၏။

ထိုအခါ အဘွားအို၏ အိမ်သည် မြို့စွန်ရှိ တဲအိမ်ငယ်လေး ဖြစ် ကြောင်းတွေ့ရ၏။ နေဘုန်းက အဘွားအို၏ ဘဝဇာတ်ကြောင်းကို မေးမြန်းလေရာ အဘွားအိုက

"အဘွားမှာ ဖိုးထိန်ဆိုတဲ့ သားလူမိုက်တစ်ယောက်ပဲ ရှိပါတယ်၊ ဖိုးထိန်ဟာ ထောင်ထဲကို ဝင်လိုက်ထွက်လိုက် လုပ်နေတဲ့သူငယ်ပါကွယ်"

ဟုပြောလေ၏။နေဘုန်းသည် အဘွားအို၏ စားဝတ်နေရေးကို မေးမြန်းကြည့်လေရာ အဘွားအိုသည် မြို့ပြင် ကားဂိတ်၌ ကောက်ညှင်းပေါင်း ရောင်းသော အလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းမှု ပြုကြောင်း သိရလေ၏။

နေဘုန်းသည် ခြေထောက်နာနေသော အဘွားအိုကို ကရုဏာသက်ကာ အဘွားအို ဒဏ်ရာ မသက်သာမီ အဘွားအိုနှင့်နေထိုင်ပြီး စားဝတ်နေရေးအတွက် ကူညီပေးမည်ဟု စိတ်ပိုင်းဖြတ်ထားလိုက်လေ၏။

***





"ခင်ဗျားတော်တို့ရဲ့

စည်းစိမ်ဥစ္စာသည်

များပင်ပြားလည်း

သမုဒ္ဒရာရေကဲ့သို့

သောက်ချိုးမှိုင်ပိုမရနိုင်"



www.burmeseclassic.com

www.burmeseclassic.com



နေဘုန်းသည် မီးဖိုချောင်သို့ ဝင်ပြီး အသွားအို စားသောက်ရ

ကြည့်ရှုလေရာ မည်သည့်စားသောက်ဖွယ်ရာမျှ မရှိကြောင်းတွေ့ရ

လေ၏။ အသွားအိုက မီးဖိုချောင်သို့ မျက်လုံးဝေ့ကြည့်ပြီး

"မနက်က ထမင်းချက်ဖို့ ဈေးထဲကို ဆန်ဝယ်သွားရင်း ဖြစ်တာ"

ဟုပြောလေ၏။ နေဘုန်းကအသွားအို၏ စားရေသောက်ရေ

အတွက် မြို့ထဲသို့ သွားပြီး တရုတ်ခေါက်ဆွဲဆိုင်သို့ သွားကာ ခေါက်ဆွဲ

ကြော် ၂ ထုပ်ဝယ်ပြီး အသွားအိုကို ကျွေးမွေးလေ၏။

မိမိကိုယ်တိုင်လည်းစားလေ၏။အသွားအိုသည် နေဘုန်းကို





ကြည့်ပြီး

"အသွားအတွက် လူကလေး အလုပ်ပိုနေပြီ၊အသွားအတွက်

...မစားတဲ့နေ့တွေဟာ မထူးဆန်းတော့ပါဘူး"

ဟုပြောလေရာ နေဘုန်း၏ စိတ်ထဲတွင် အသွားအိုအတွက်

...ဂရုဏာသက်ရလေ၏။ နေဘုန်းသည် ထိုနေ့ည၌ အသွားအို၏

အိမ်၌ပင် ညအိပ်လိုက်လေ၏။

နံနက်သို့ ရောက်သောအခါ အသွားအို၏ ခြေထောက်မှ မခံရပ်

...လောက်အောင် နာကျင်နေသည် ဆိုသဖြင့် ကုလားဆရာဝန်ကြီးကို

...ခြွခများစွာပေးပြီး အိမ်သို့ ပင့်ရလေ၏။

ကုလားဆရာဝန်ကြီးက အသွားအို၏ ခြေထောက်ကို ကြည့်ရှုပြီး

...ဝတ်စာ လိမ်းဆေးပေးလိုက်လေ၏။ အသွားအိုသည် နေဘုန်း၏

...ားကုန်စင်သွားသဖြင့်

"ဘာဖြစ်လို့ ပိုက်ဆံတွေ အများကြီး အကုန်ခံတာလဲ လူကလေး

... အသွားခြေထောက်က သူ့ဘာသာ ပျောက်ကင်းသွားမှာပါ"

ဟုပြောလေ၏။ နေဘုန်းသည် အသွားအို နေထိုင်မကောင်းမှီ

...စားသောက်ရေး ကိစ္စများကိုပါ တာဝန်ယူပေးခဲ့လေ၏။ အသွားအို



www.burmeseclassic.com

www.burmeseclassic.com



သည် တဖြည်းဖြည်း ပြန်လည်ကောင်းမွန်လာလေ၏။

တစ်နေ့ နေဘုန်းမြို့ထဲသို့ သွားစဉ် မိုးရွာချလိုက်ပြီး အဘွားအို၏ တဲတစ်ခုလုံး ရွှဲရွှဲစိုသွားလေ၏။ အဘွားအိုသည် တဲ၏ ထောင့်ကလေး ထဲတွင် ထိုင်နေရှာ၏။ နေဘုန်းက တဲခေါင်မိုးကို မျက်လုံးဝေ့ကြည့်ပြီး

"အဘွားအိမ်ကို အမိုးမိုးရဦးမယ်"

ဟုရေရွတ်ပြီး မြို့ထဲသို့ သွားကာ ဓနိများကို လှည်းဖြင့် တိုက်လာ လေ၏။ နေဘုန်းသည် ဓနိများ ဝယ်ယူပြီး အဘွားအို၏ တဲအိမ်လေးကို မိုးလေ၏။

သူသည် မြို့မှာနေထိုင်စဉ် ဆင်းရဲသား သူငယ်ချင်းများ ဓနိမိုး သည့်အခါတိုင်း ကူညီပေးသဖြင့် ဓနိမိုးခြင်းအတတ်ကို ကောင်းစွာ တတ်ကျွမ်း၏။

ညနေစောင်းသောအခါ အဘွားအို၏ နေအိမ်လေးကို ဓနိမိုးခြင်း ကိစ္စရပ် ပြီးစီးသွားလေ၏။ နေဘုန်းသည် ဓနိများဝယ်ပြီး အိတ်ထဲတွင် ငွေပိုငွေလျှံ နည်းနည်းကျန်သေးသဖြင့် ခြံစည်းရိုးကာရံရန် သစ်များ သွားရောက်ဝယ်ယူကြလေ၏။

နောက်တစ်နေ့တွင် ခြံစည်းရိုးကာရံပြီးနောက် အဘွားအို၏ အိမ်





ကလေးသည် သပ်သပ်ရပ်ရပ် ဖြစ်သွားလေ၏။ နေဘုန်းသည် ခြံစည်းရိုး ကာရံပြီးနောက် ခြံထဲရှိ ခြုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်း လင်းပြီး အမှိုက်များတောင်ပုံရာပုံ ဖြစ်လာသဖြင့် တွင်းတူးပြီးမြှုပ်နှံရန် မြေကြီးများကို တူးလေ၏။

အဘွားအို၏ ခြေထောက် ဒဏ်ရာကောင်းမွန်လာသဖြင့် အငြိမ် နေဘဲ နေဘုန်း စားသောက်ရန် ကြက်သားကာလသားဟင်းကို ချက်ပြုတ်နေလေ၏။

နေဘုန်းသည် ပေါက်တူးတစ်လက်နှင့် မြေကျင်းတူးရင်း ပြောင် ဝင်းသော အရာတစ်ခုကို မြင်သဖြင့် အံ့သြသွားပြီး မြေကြီးများကို ဖယ်ရှားလိုက်သောအခါ ရွှေလက်စွပ်တစ်ကွင်းဖြစ်နေလေ၏။

နေဘုန်းသည် ရွှေလက်စွပ်ကို ယူပြီး အဘွားအိုကို သွားရောက် ပြသ လေ၏။အဘွားအိုကခေါင်းခါယမ်းပြီး-

"အဘွားပစ္စည်း မဟုတ်ဘူး၊ ဒီအိမ်ရဲ့မူလပိုင်ရှင်တွေကလဲ နှစ်ပေါင်းများစွာ ကြာပြီဆိုတော့ ဘယ်ရောက်လို့ ဘယ်ပေါက်နေလဲ မသိတော့ဘူး"

ဟုပြောလေ၏။ နေဘုန်းသည် လက်စွပ်ကို တန်ဘိုးရှိသည်



www.burmeseclassic.com

ထင်ပြီး မြို့လယ်ခေါင်ရှိ ရွှေဆိုင်ကြီး တစ်ဆိုင်သို့ သွားရောက်ပြ
လေရာ စိတ်ကောင်းရှိသော ရွှေဆိုင်ပိုင်ရှင်က

"လူကလေးရဲ့ လက်စွပ်က ပတ္တမြားလက်စွပ်ပဲ၊ ငွေ ၅၀
လောက်တန်တယ်၊ ရောင်းချင်ရင် ရောင်းခဲ့ပါ"

ဟုပြောလေ၏။နေဘုန်းသည် ငွေ ၅၀၀ ကျပ်ကို ကိုင်ပြီး
အဘွားအိုထံသို့ ဝမ်းသာအားရ ပြန်ခဲ့လေ၏။ အဘွားအိုက ငွေများ
ကြည့်ပြီး ခေါင်းခါယမ်းကာ

"အဘွားမလိုချင်ပါဘူးကွယ် လူကလေးနဲ့ ထိုက်လို့ လူကလေး
တာပါ၊ ယူထားလိုက်ပါ"

ဟုပြောလေ၏။နေဘုန်းက သက်ပြင်းချပြီ

"ကျွန်တော့်အတွက် ငွေမလိုပါဘူး၊အဘွားအသက်ကြီးနေပြီ
ကောက်ညှင်းပေါင်း မရောင်းနဲ့တော့၊ ပိုက်ဆံတွေကို ကျွန်တော်ဘဏ်
အပ်ထားပေးမယ်၊ အဘွားတစ်သက်လုံး ဘဏ်တိုးနဲ့ အေးအေးဆေး
စားလို့ရပြီ"

ဟုပြောလေ၏။နေဘုန်းသည် အဘွားအို၏ ကျန်းမာရေး
လည်ကောင်းမွန်လာသဖြင့် ထိုမြို့ကလေးမှ ထွက်ခဲ့လေ၏။





အဘွားအိုသည် နေဘုန်းအား သားသမီးရင်းခြာကဲ့သို့ သံယော
ဇဉ်ငြိတွယ်နေသဖြင့် မြို့မှ ထွက်ခွာမသွားရန် တားဆီးခဲ့လေ၏။

သို့သော် နေဘုန်း၏ ဘဝခရီးဆက်ရန် များစွာရှိသေး၏။
ခင်ရှာဖွေနိုင်း သော ဒေါင်းတေရီကို ရှာဖွေရဦးမည်။

အဘွားအိုကို မလွှဲသာဘဲ ခွဲခွာခဲ့ရလေ၏။

***

www.burmeseclassic.com



ထိုသို့ဖြင့် နေဘုန်းသည် မြို့များတစ်မြို့ပြီး ဖြတ်သန်းသွားလာရင်း ဒုက္ခရောက်နေသူများကို ကူညီပေးခဲ့လေ၏။ သူသည် ရောက်လေရာ အရပ်ရှိလူအမျိုးမျိုး၏ ဒုက္ခဆင်းရဲတို့ကို ကူညီပေးခဲ့လေ၏။

ထိုသို့ကူညီရင်း ဖခင်ဖြစ်သူ ရှာဖွေခိုင်းသော ဒေါင်းကေရီကို ရှာဖွေစုံစမ်းခဲ့လေ၏။

သူသည် ကုသိုလ်ကောင်းမှုပြုလုပ်သည့်အခါတိုင်း ဖခင်ကို အတုယူပြီး "ဒေါင်းကေရီကောင်းမှု" ဟု စာတန်းကမ္ပည်းရေးထိုးခဲ့၏။





တစ်နေ့ မြို့တစ်မြို့သို့ ရောက်သောအခါ ဒေါင်းကေရီနှင့် ပတ်သက်ပြီး စုံစမ်းမေးမြန်းလေ၏။ နေဘုန်းသည် ထမင်းဆိုင်တစ်ဆိုင်တွင်ထမင်းစားပြီးနောက် စားပွဲထိုးလူငယ်အား ဒေါင်းကေရီနှင့် ပတ်သက်ပြီး စုံစမ်းမေးမြန်းလေရာ စားပွဲထိုးလူငယ်က နေဘုန်းကို အံ့သြကြည့်ပြီး

'ဒေါင်းကေရီကို မသိဘဲနေပါ့မလားဗျာ. ဒေါင်းကေရီကို မသိရင် တစ်ခေတ်နောက်ကျသွားမှာပေါ့'

ဟုဆိုသဖြင့် နေဘုန်းကစိတ်လှုပ်ရှားစွာဖြင့် စားပွဲထိုးလူငယ်အား ဒေါင်းကေရီအကြောင်းကို မေးမြန်းပြန်၏။ စားပွဲထိုးလူငယ်က မြို့ပြင်ချောင်းစပ်၌ ရှိသော အိမ်လေးတစ်အိမ်ကို လမ်းညွှန်လိုက်လေ၏။

နေဘုန်းသည် စိတ်လှုပ်ရှားစွာဖြင့် မြို့ပြင်ချောင်းစပ်သို့ ထွက်ခဲ့လေရာ ချောင်းစပ်ရှိ တောပန်းလေးများဖူးပွင့်နေသော နေရာ၌ ကျွန်းသစ်ဖြင့် ဆောက်ထားသော အိမ်ကလေးတစ်အိမ်ကို တွေ့ရလေ၏။

ထိုအိမ်ကလေးကို သပ်ရပ်လှပစွာ တည်ဆောက်ထားပြီး အိမ်ကလေး၏ ပြတင်းပေါက်မှ အဖြူရောင် ခန်းဆီးစသည် လေတိုက်သဖြင့်တလူလူလွင့်ပျံနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နေဘုန်းသည် အိမ်ကလေး၏အပေါက်ဝသို့ တိုးကပ်သွားလေရာ ကျောခိုင်းထိုင်နေသော မိန်းမတစ်ယောက်ကို တွေ့ရလေ၏။ နေဘုန်းက သူမ၏နောက်ကျောကို ကြည့်ပြီး

'ဒေါင်းကေရီနဲ့ တွေ့ချင်လို့ပါ'

ဟုပြောလေရာ မိန်းမက သက်ပြင်းချပြီး

'ဒီလ ညှို့သည် လက်မခံပါဘူး'

ဟုဆိုလိုက်၏။ နေဘုန်းက ခေါင်းခါယမ်းလိုက်ပြီး

'ဘာပဲဖြစ်ဖြစ် ကျုပ် ဒေါင်းကေရီနဲ့ တွေ့မှ ဖြစ်မယ်၊ သိပ်အရေးကြီးတယ်'

ဟုပြောလေရာ မိန်းမက သက်ပြင်းချပြီး

'ဘယ်လို ဒုက္ခသည် မျိုးပါလိမ့်၊ ဒီလောက် စိတ်အားထက်သန်နေရင်လဲ တွေ့ရမှာပေါ့'

ဟုဆိုကာ ခန်းဆီးလေးကို တွန်းဖယ်ပြီး တစ်ဖက်သို့ ဝင်ရောက်သွားလေ၏။ ခဏကြာလျှင် မိန်းမက လေသံတိုးတိုးဖြင့်

'ရှင်အထဲကို ဝင်ခဲ့ပါရှင်'

ဟုဖိတ်ခေါ်လေ၏။နေဘုန်းက ခန်းဆီးအနောက်သို့ ဝင်ရန် တွန့်





ဆုတ်သွားပြီး မဝံ့မရဲဖြင့်

'ကျုပ် ဝင်လာရမှာလား'

ဟု ထပ်မေးလိုက်၏။ မိန်းမက လေသံတိုးတိုးဖြင့်

'ရှင်ပဲ သဲကြီးမဲကြီး တွေ့ချင်နေပြီး တွေ့ချင်ရင် ဝင်ခဲ့မှဖြစ်မယ်'

ဟုစိတ်မရှည်သော လေသံဖြင့် ပြောလေ၏။

နေဘုန်းသည် ဒေါင်းကေရီနှင့် တွေ့ဆုံရန် အရေးကြီးနေသဖြင့် အရဲစွန့်ပြီး ခန်းဆီးအနောက်သို့ ဝင်လိုက်လေ၏။

ထိုအခါ ခန်းဆီးအနောက်တွင် မှိန်ပြပြ အလင်းရောင်သာရှိပြီး စားပွဲခုံပုလေး ရှေ့တွင်ထိုင်နေသော မိန်းမကို တွေ့ရလေ၏။ထိုမိန်းမသည် အလွန်ချောမောလှပပြီး သူမ၏အရှေ့ရှိ စားပွဲပုလေးပေါ်တွင် ဖန်လုံးကြီး တစ်လုံးတွေ့ရလေ၏။

ထိုမိန်းမက နေဘုန်းက တည်ကြည်သောအမူအယာဖြင့်

'ဘာမေးမှာလဲမေးပါ'

ဟုပြောလေ၏။ နေဘုန်းက မျက်မှောင်ကြုတ်ပြီး

'ဒေါင်းကေရီဆိုတာ ခင်ဗျားလား'

ဟုမေးမြန်းလိုက်၏။မိန်းမက ခေါင်းညိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ကျွန်မက ဒေါင်းကေရီပဲ၊ ရှင့်အနာဂတ်ကို သိချင်တာလား'

ဟုမေးမြန်းလေ၏။

နေဘုန်းသည် ဒေါင်းကေရီ၏ အမေးကြောင့် သူမ၏အလုပ်အကိုင်ကို ရိပ်စားမိသွားလေ၏။

သူမသည် ဗေဒင်ပညာရှင် တစ်ဦးဖြစ်ပုံရ၏။ နေဘုန်းသည် လက်တွေ့သမား တစ်ယောက်ဖြစ်သဖြင့် ဗေဒင်ပညာကို ယုံကြည်ခြင်း မရှိချေ။ ထို့ကြောင့်

'ကျုပ်က ဗေဒင်မေးချင်လို့ မဟုတ်ဘူး'

ဟုအစချီကာ ဖခင်ဖြစ်သူ၏ အမှာစကားကို ဒေါင်းကေရီကို အတိုချုံးပြီး ပြောပြလိုက်လေ၏။

ဒေါင်းကေရီက နေဘုန်း၏ စကားကို စိတ်ဝင်စားစွာ နားထောင်ပြီး

'ရှင် စကားတွေ နားထောင်ရတာ စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ ဒါပေမဲ့ ကျွန်မက ရှင်ရှာနေတဲ့ ဒေါင်းကေရီမဟုတ်တာ သေချာတယ်'





ဟုပြောလေရာ နေဘုန်းသည် မိမိ၏မှားယွင်းမှုဖြစ်ကြောင်း ရိပ်စားမိလိုက်၏။ နေဘုန်းက လက်မလျှော့ချင်သေးဘဲ

'ဒေါင်းကေရီဆိုတဲ့ နံမည်ကို ဘယ်သူပေးတာလဲခင်ဗျား မိဘတွေလား'

ဟုမေးမြန်းလိုက်လေ၏။ထိုအခါ ဒေါင်းကေရီက သက်ပြင်းချပြီး

'ဒေါင်းကေရီဆိုတဲ့ နံမည်ကို လွန်ခဲ့တဲ့ အနှစ်၂၀လောက်က ကျွန်မ အသက်သခင် ကျေးဇူးရှင်ကပေးခဲ့တာပါ'

ဟုပြောလေ၏။နေဘုန်းသည် လွန်ခဲ့တဲ့နှစ်၂၀ ဆိုသောစကားကြောင့် သူမ၏ စကားကို အလွန် စိတ်ဝင်စားသွားပြီး

'ဟင်.. လွန်ခဲ့တဲ့နှစ်၂၀ ဟုတ်လားခင်ဗျား၊ ကျေးဇူးရှင် ဆိုတာ ဘယ်သူလဲ'

ဟုမေးမြန်းလေ၏။ထိုအခါ ဒေါင်းကေရီက

'လွန်ခဲ့တဲ့ နှစ်၂၀လောက်က ကျွန်မ နှစ်နှစ် သမီးအရွယ်မှာ ဆိပ်ခံဘောတံတားက ပြုတ်ကျခဲ့ဖူးတယ်၊ ကျွန်မအမေက ဆိပ်ကမ်းက ကူလီတွေကို သမီးရေထဲပြုတ်ကျတဲ့ အတွက် ငိုယိုပြီး ကယ်တင်ပေးဖို့



www.burmeseclassic.com

www.burmeseclassic.com



ပြောပေးမဲ့ ရေတက်နေတဲ့အချိန်ဖြစ်လို့ ဘယ်သူမှ ကယ်တင်မပေးကြဘူး၊ ဒီအချိန်မှာပဲ ကျွန်မရဲ့ အသက်သခင် ကျေးဇူးရှင်က ရေထဲကို စွန့်စွန့်စားစားခုန်ဆင်းပြီး ကျွန်မကို ကယ်တင်ပေးခဲ့တယ်၊ အဲဒီတုန်းက ကျွန်မဟာ နှစ်နှစ်သမီးအရွယ်ရှိပေမဲ့ နံမည်မပေးရသေးဘူး၊ ကျွန်မမှာ နာမည်မရှိသေးမှန်း အသက်သခင်က သိပြီးတော့ ကျွန်မကို ဒေါင်းကေရီ လို့ နာမည်ပေးသွားတာပဲ၊ ကျွန်မလဲ အသက်သခင်ရဲ့ ကျေးဇူးကို မမေ့လျော့တဲ့အနေနဲ့ သူပေးတဲ့နာမည်ကို တစ်သက်လုံး ထိမ်းသိမ်းထားခဲ့တာပဲ'

ဟုပြောလေ၏။ နေဘုန်းသည် ဒေါင်းကေရီ၏ စကားကြောင့် စိတ်လှုပ်ရှားသွားပြီး

'ဟင်..ခင်ဗျားရဲ့ အသက်သခင် နံမည်ကို သိသလား'

ဟုမေးမြန်းလိုက်လေ၏။ ထိုအခါ ဒေါင်းကေရီက

'သိပါတယ်၊သူ့နံမည်ကို ကျွန်မတစ်သက်လုံး အမှတ်တရရှိတယ်၊ ကိုကြည်မောင်တဲ့..အခုဆိုရင်တော့ ဦးကြည်မောင် အရွယ်ရောက်နေပြီပေါ့'

ဟုပြောလေ၏။ နေဘုန်းသည် ဒေါင်းကေရီ၏ စကားကြောင့်





အလွန်စိတ်လှုပ်ရှားသွားလေ၏။ဖခင်ဖြစ်သူ၏ သဲလွန်စကို မမျှော်လင့်ဘဲ သိလိုက်ရချေပြီ။

ဖခင်သည် မိမိကို ခွဲခွာပြီး ထွက်လာစဉ်ကပင် ဒေါင်းကေရီနဲ့ တွေ့ခဲ့ပုံရ၏။နေဘုန်းက ကမန်းကတန်း

'ဦးကြည်မောင် ဘယ်ကိုသွားသလဲ သိသလား'

ဟုမေးမြန်းလေ၏။ဒေါင်းကေရီက

'အဲဒီတုန်းက အမေကသူ့ကို ကျေးဇူးဆပ်ချင်လို့ သူ့အကြောင်းကို မေးမြန်းကြည့်တော့မြန်မာပြည်အနှံ့ ခြေဦးတည့်ရာ သွားလာနေတယ်လို့ သိရတယ်၊ သူ့ကို ကျေးဇူးဆပ်ချင်ရင် ကလေးကို ဂရုစိုက်ပြီး ကောင်းကောင်းမွန်မွန် မွေးဖွားပါလို့ ပြောပါတယ်၊ရှင်ဘာဖြစ်လို့ မေးတာလဲ'

ဟုမေးမြန်လေရာ နေဘုန်းက သက်ပြင်းချပြီး

'ခင်ဗျားရဲ့ ကျေးဇူးရှင်ဟာ ပျောက်ဆုံးနေတဲ့ ကျွန်တော့်အဖေပဲ'

ဟုပြောလိုက်လေ၏။

နေဘုန်းက သူ၏ဘဝနောက်ကြောင်းကို အတိုချုပ်ပြီးပြောပြလိုက်ရာ ဒေါင်းကေရီသည် မယုံနိုင်လောက်အောင်အံ့သြသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



"လောကမှာ ဒီလောက်တောင်တိုက်ဆိုင်သလားရှင်"

ဟု ရေရွတ်လိုက်လေ၏။

နေဘုန်းသည် ဒေါင်းကေရီနှင့် လမ်းခွဲထွက်ခဲ့လေ၏။

ဖခင်၏သဲလွန်စကို ပထမဆုံးစတင်တွေ့ရှိလိုက်လေပြီ။ အဆုံး

တစ်နေ့၌ ပျောက်ဆုံးနေသော ဖခင်ကို ပြန်လည်တွေ့နိုင်မည်ထင်၏။

***





"ခြင်္သေ့တို့မည်သည်

ဆာလောင်ငတ်မွတ်သော်လည်း

မြက်သစ်ရွက်ကိုမစား၊

ပညာရှိသူတော်ကောင်းတို့သည်လည်း

ဆင်းရဲဒုက္ခကြုံသော်လည်း

မကောင်းမှုဒုစရိုက်ကို

လက်မစံအကျင့်သီလကိုစောင့်

ထိမ်းကြကုန်၏"



www.burmeseclassic.com

www.burmeseclassic.com



နေဘုန်းသည် မြို့များ တစ်မြို့ပြီး တစ်မြို့သွားလာရင်း သူ တစ်ပါး အကျိုးကျေးဇူးရှိမည့် အလုပ်အမျိုးမျိုးကို ကူညီလုပ်ကိုင်ခဲ့လေ၏။

သူ၏အလုပ်များသည် ကုသိုလ်လည်းရ ဝမ်းလည်းဝပြီး မိမိ၏ စားဝတ်နေရေးလည်း ပြေလည် သူတစ်ပါးလည်း အကျိုးရှိသည့် အလုပ်များဖြစ်ခဲ့၏။

နေဘုန်းသည် မြို့တစ်မြို့သို့ ရောက်သည်နှင့် သူ၏ ထုံးစံအတိုင်း ဒေါင်းကောရီကို စုံစမ်းလေ၏။ ထိုအခါ ကားဂိတ်ရှိကူလီတစ်ယောက်က

'ဒီမြို့မှာ ဒေါင်းကောရီကို မသိသူ မရှိပါဘူးဗျာ'





ဟုဆိုလိုက်ရာ နေဘုန်းသည် မျှော်လင့်ချက် ရောင်ခြည်သန်းသွားသဖြင့် ဝမ်းသာအားရ မေးမြန်းလေ၏။ ထိုအခါ ကူလီက မြို့လယ်ခေါင်ရှိ လူစည်ကားသော ကာကာဆိုင်ကြီး တစ်ဆိုင်ကို ညွှန်ပြလိုက်လေ၏။

ကာကာဆိုင်ကြီး၏ ဆိုင်းဘုတ်၌ **"ဒေါင်းကောရီ"** ဟု ရေးသားထားပြီး ထူးဆန်းသော တံဆိပ်လေးတစ်ခုကိုလည်းတွေ့လိုက်ရ၏။

နေဘုန်းသည် ကာကာဆိုင်သို့ ရောက်ရှိသောအခါဆိုင်ရှင်ဖြစ်သူ လူကြီးနှင့်တွေ့ဆုံပြီး ဒေါင်းကောရီဆိုသော အမည်ကို အဘယ်ကြောင့် ပေးထားကြောင်း မေးမြန်းလေရာဆိုင်ရှင်လူကြီး

'ဒေါင်းကောရီဆိုတာ ကျုပ်ရဲ့ ကျေးဇူးရှင်ကြီး ပေးထားတဲ့ အမည်ပါ၊ ဒီဆိုင်ကလဲ သူပိုင်တဲ့ဆိုင်ပါ'

ဟုပြောလေရာ နေဘုန်းသည် လူကြီး၏ စကားကို အလွန်စိတ်ဝင်စားသွားပြီး မေးမြန်းလေရာ

'လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ကျုပ်ဟာ ထောင်ထွက် တစ်ယောက်ဖြစ်ခဲ့ပါတယ်၊ ထောင်ကျတယ်ဆိုတာလဲ မကောင်းမှုဒုစရိုက် လုပ်လို့ကျတာမဟုတ်ပါဘူး၊ ဆရာစံသူပုန်မှာပါဝင်လို့ နယ်ချဲ့အစိုးရက



www.burmeseclassic.com

မတရားဖမ်းဆီးထောင်ချတာပါ၊ ဒီလိုနဲ့ ထောင်က လွတ်လာတော့ ဒီမြို့က ကုလားချစ်တီးတိုက်မှာ ခြံစောင့်အလုပ်ရပါတယ်၊ ကျုပ်ဟာ ခြံစောင့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပေမဲ့ တစ်နေ့ ကျုပ်နေမကောင်းလို့ ခြံစောင့် မလုပ်နိုင်တဲ့နေ့မှာ ကျုပ်စောင့်တဲ့ ချစ်တီးတိုက်ကို အဖောက်ခံရပါတယ်၊ ဒီအခါမှာ ချစ်တီးသူဌေးနဲ့ အပေါင်းအပါတွေဟာ ထောင်ထွက်တစ်ယောက်ဖြစ်တဲ့ ကျုပ်ကို မသင်္ကာဘူးဆိုပြီး ပုလိပ်တွေကို ဖမ်းဆီးနှိပ်စက်ခိုင်းပါတယ်။ ကိုလိုနီပုလိပ်တွေရဲ့ ထုံးစံအတိုင်း ချစ်တီးသူဌေးရဲ့ လာဘ်ကိုယူပြီးကျုပ်ကို အချုပ်ထဲမှာ ရက်ရက်စက်စက် နှိပ်စက်တာ ကျုပ်အသက်ထွက်လုမတတ်ပါပဲ၊ ဒီအကြောင်းတွေကို မြို့လယ်ခေါင်မှာ ကာကာဆိုင်ဖွင့်ထားတဲ့ ကျုပ်ရဲ့ ကျေးဇူးရှင်ကြီးသိတော့ ပုလိပ်အဖွဲ့ရဲ့ မတရားနှိပ်စက်ညှင်းပန်းတဲ့ အကြောင်းကို သူကြီး ဂေဇက်သတင်းစာမှာ ရေးသားပေးခဲ့တယ်၊ ဒီသတင်းကြောင့်ပဲ စီအိုင်ဒီ ကစုံထောက်တွေ မြို့ကို ဆင်းလာပြီးစုံစမ်းခဲ့တဲ့အတွက် ချစ်တီးတိုက်ကို ဓားပြတိုက်တဲ့ တရားခံတွေလဲ ဖမ်းဆီးရမိခဲ့တယ်၊ တကယ်တော့ ချစ်တီးတိုက်ကို ဓားပြတိုက်တာ ချစ်တီးရဲ့ လူယုံတွေပဲ ပြန်တိုက်တာပါ။ ကျုပ်ရဲ့ကျေးဇူးရှင်ကြီးဟာ အချုပ်ထဲမှာ ပုလိပ်နှိပ်စက်လို့ သေလုမျော





ပါး ဖြစ်နေတဲ့ ကျုပ်ကို ခေါ်ပြီး ဆေးဝါးကုသပေးခဲ့တယ်၊ ကျုပ်ရဲ့ ဒဏ်ရာတွေ သက်သာပျောက်ကင်းတဲ့အချိန်မှာ သူပိုင်တဲ့ ဟောဒီကာကာဆိုင်ကြီးကိုအပိုင်ပေးပြီး ဒီမြို့က ထွက်သွားတာပါပဲဗျာ၊ ကာကာဆိုင်ကို ကျုပ်မယူချင်ဘူးလို့ ငြင်းဆန်လို့လဲ မရပါဘူး၊ ကျေးဇူးရှင်ကြီး ဆိုင်ကထွက်ခါနီးမှာကျုပ်ကို စကားတစ်ခွန်းပဲ မှာခဲ့ပါတယ်၊ ဘယ်သောအခါမှ ဒေါင်းကော်ရီ ဆိုတဲ့ ဆိုင်နံမည်ကို မပြောင်းဖို့နဲ့ ဆိုင်ရဲ့ ဆိုင်းဘုတ်မှာချိတ်ထားတဲ့တံဆိပ်လေးကို မပြင်ဖို့ ဖြစ်ပါတယ်၊ ကျေးဇူးရှင်ကြီးဟာ ကျုပ်လက်ထဲကို ကာကာဆိုင်ကို အပ်ပြီးထွက်သွားပေမဲ့ ဒီနေ့အထိ သူ့ကျေးဇူးကို တစ်နေ့မပြတ် သတိရလို့ ဘုရားရှိခိုးတိုင်း မေတ္တာပို့ဆုတောင်းပေးပါတယ်"

ဟုပြောလေ၏။နေဘုန်းသည် ကာကာဆိုင်ရှင်လူကြီး၏ စကားကို နားထောင်ပြီး စိတ်အားထက်သန်စွာဖြင့်

"ဦးလေးရဲ့ ကျေးဇူးရှင်ဆိုတာ နံမည်ဘယ်လိုခေါ်သလဲ"

ဟုမေးမြန်းလေရာလူကြီးက

"ကျေးဇူးရှင်ကြီး နံမည် ဦးကြည်မောင်လို့ခေါ်တယ်"

ဟုဆိုလိုက်ရာ နေဘုန်းသည် ဖခင်၏ သဲလွန်စကို ရလိုက်ပြန်

www.burmeseclassic.com



သဖြင့် အလွန်စိတ်လှုပ်ရှားသွားလေ၏။ ဖခင်သည် မြန်မာပြည်အ

လှည့်လည် သွားလာနေပုံရ၏။ အလုပ်မျိုးစုံကိုလည်း လုပ်ကိုင်နေခဲ့

ဖခင်သည်အရပ်ဒေသမျိုးစုံတွင် အလုပ်မျိုးစုံကို လုပ်ကိုင်ပြီး

ထိုအလုပ်များကို အောင်မြင်အောင် လုပ်ကိုင်နိုင်ပုံလည်းရ၏။ ဖခင်နှ

ဒေါင်းကေရီဆိုသော အမည် မည်သို့ ပတ်သက်နေသည် မသိရ

ကာကာဆိုင်ရှင်လူကြီးက

"ဦးလေးရဲ့ ကာကာဆိုင်အကြောင်းကို စိတ်ဝင်စားလို့လား"

ဟုမေးမြန်းလေ၏။ နေဘုန်းက ဆိုင်ရှင်လူကြီးကို ဖခင်၏

အကြောင်းကို ရှင်းမပြတော့ဘဲ

"ဒေါင်းကေရီဆိုတဲ့ အမည်ကို စိတ်ဝင်စားလို့ မေးကြည့်တာပါ"

ဟုဖြေလိုက်လေ၏။ ထိုနောက် ဆိုင်၏ ဆိုင်းဘုတ်တွင် ရေးဆွဲ

ထားသော ခြောက်ထောင့်ကြယ် အမှတ်တံဆိပ် တံဆိပ်ကလေးကိုလည်း

မှတ်စုစာအုပ်၌ ကူးဆွဲလိုက်လေ၏။

***





ပုလိပ်အဖွဲ့ရဲ့မှတ်တမ်းနှိပ်စက်ညှင်းပန်းတဲ့ အကြောင်းကို

သူကြီးဂေဇက်သတင်းစာမှာ ရေးသားပေးခဲ့တယ်၊

ဒီသတင်းကြောင့်ပဲ ဗိုလ်ချုပ်ဒီကာစုံထောက်တွေမြို့ကို

ဆင်းလာပြီးစုံစမ်းခဲ့တဲ့အတွက် ချစ်တီးတိုက်ကို

ဓားပြတိုက်တဲ့ တရားခံတွေလဲ ဖမ်းဆီးရမိခဲ့တယ်၊

တကယ်တော့ ချစ်တီးတိုက်ကို ဓားပြတိုက်တာ

ချစ်တီးရဲ့လူယုံတွေပဲ



www.burmeseclassic.com

www.burmeseclassic.com



နေဘုန်းသည် ဖခင်၏ အလုပ်များကို နားမလည်နိုင်သလိုရှိ၏။ ဖခင်သည် အတယ်ကြောင့် ဒေါင်းကေရီဟုသော အမည်ကို သုံးစွဲနေသနည်း။

ဒေါင်းကေရီသည် ဖခင်နှင့် မည်သို့ ပတ်သက်နေသနည်း။ နေဘုန်းသည် ဖခင်ကို တွေ့လိုခဲဖြင့် ဒေါင်းကေရီဆိုသည့် အမည်နောက်သို့ တကောက်ကောက်လိုက်နေမိ၏။

ထို့ပြင် ဖခင်သည် ထူးဆန်းသော ခြောက်ထောင့်ကြယ်တစ်ခုကို သင်္ကေတအဖြစ်အသုံးပြုနေ၏။ ထိုခြောက်ထောင့်ကြယ်ကလေးသည် မည်သို့သော အစွမ်းသတ္တိရှိသနည်း။





နေဘုန်းသည် ပဟေဠိဆန်သော ဖခင်၏အဖြစ်ကို နားမလည်နိုင်တော့ချေ။ နေဘုန်းသည် ဒေါင်းကေရီဆိုသည့်အမည်နောက်သို့ သားကောင်လိုက်သော မုဆိုးကဲ့သို့ တကောက်ကောက်လိုက်နေရင်း မြစ်ဝကျွန်းပေါ်ဘက်၌ ဒေါင်းကေရီဟုသော အမည်ရှိ ထမင်းဆိုင်တစ်ဆိုင်ကို သွားတွေ့ပြန်၏။

ထမင်းဆိုင်၏ ဆိုင်းဘုတ်တွင်လည်း ခြောက်ထောင့်ကြယ် အမှတ်တံဆိပ်ကို သင်္ကေတအနေဖြင့် တွေ့ရသဖြင့် ဖခင်နှင့် ပတ်သက်နေမှာသေချာ၏။ ထမင်းဆိုင်ရှင်သည် ချောမောလှပသော မိန်းမလှလေးတစ်ယောက်ဖြစ်ပြီးသူမ၏အမည်မှာ မစိန်စိန်ဟုသိရ၏။

နေဘုန်းက မစိန်စိန်ကို ဒေါင်းကေရီဆိုသည့် အမည်နှင့် ပတ်သက်ပြီး မေးမြန်းလေရာ သူမက

"ဒီထမင်းဆိုင်က အစ်မပိုင်တဲ့ ဆိုင်မဟုတ်ပါဘူး။ အစ်မရဲ့ ကျေးဇူးရှင်အစ်ကိုကြီး ပိုင်တဲ့ဆိုင်ပါ၊ အစ်မမိဘတွေ ဆုံးပါးသွားပြီးတဲ့နောက်ပိုင်း မိဘတွေယူထားတဲ့ အကြွေးတွေနဲ့ ပတ်သက်ပြီး တရုတ်သူဌေးက အစ်မကို သားမယားအဖြစ် သိမ်းပိုက်မဲ့အဖြစ်မျိုးကြုံတွေ့ရပါတယ်၊ အစ်မဟာ အဖေအရွယ် လူကြီးရဲ့ သိမ်းပိုက်တာကို မခံနိုင်လို့



www.burmeseclassic.com

နေ့စဉ်ရက်ဆက် ငိုကြွေးနေမိတယ်၊ ဒီအချိန်မှာပဲ ကျေးစူးရှင် အစ်ကိုကြီး ရုတ်တရက် ရောက်လာပြီး အစ်မရဲ့ အကြွေးတွေကို ကူဆပ်ပေးခဲ့တယ်၊ တရုတ်သူဌေးဟာ အကြွေးနည်းနည်းလေးနဲ့ အစ်မကို သိမ်းပိုက်လို့ မရလို့ အစ်ကိုကြီးကိုတောင် ရန်ရှာခဲ့ပါတယ်၊ ဒါပေမဲ့ သူရသတ္တိရှိတဲ့ အစ်ကိုကြီးဟာ တရုတ်သူဌေးရဲ့ တပည့်တွေကို မြို့လယ်ခေါင် ဈေးရှေ့မှာ နလံမထူ နိုင်အောင် တိုက်ခိုက်ခဲ့ပါတယ်၊ နောက်ပြီးတော့ အစ်ကိုကြီးပိုင်တဲ့ ဒေါင်းစကေရီ ထမင်းဆိုင်ကို အစ်မကို အပိုင်ပေးသွားခဲ့တယ်၊ အစ်မက မယူဘူးလို့ ငြင်းပါသေးတယ်၊ ဒါပေမဲ့ အစ်ကိုကြီးက အစ်မလက်ထဲကို ဆိုင်အပ်ပြီးတော့ ထွက်သွားလိုက်တာ ဒီနေ့အထိပါပဲ'

ဟုရှည်လျားစွာ ရှင်းလင်းပြလေ၏။နေဘုန်းက သူမ၏စကားကို အားတက်သရော နားထောင်ပြီး

'အစ်မရဲ့ ကျေးဇူးရှင် အစ်ကိုကြီးရဲ့ နံမည်ကို သိသလား'

ဟုမေးမြန်းလိုက်၏။ ထိုအခါ မစိန်စိန်က

'သိတာပေါ့ရှင်၊ အစ်ကိုကြီးနံမည်က ကိုကြည်မောင်လို့ ခေါ်တယ်၊ အစ်ကိုကြီး ဆိုင်ကထွက်ခွာကာနီးမှာ အစ်မကို စကားတစ်ခွန်းပဲ မှာခဲ့ပါတယ်၊ ဘယ်သောအခါမှ ဒေါင်းစကေရီ ဆိုတဲ့





ဆိုင်နံမည်ကို မပြောင်းဖို့နဲ့ ဆိုင်ရဲ့ဆိုင်းဘုတ်မှာ ဆွဲထားတဲ့ တံဆိပ်လေးကို မပြင်ဖို့ပဲကွယ်၊ အစ်မကတော့ အစ်ကိုကြီးရဲ့ ကျေးဇူးကို တစ်သက်မမေ့နိုင်ပါဘူးကွယ်၊ ဒါကြောင့် ဘုရားရှိခိုးတိုင်း စိတ်ထဲက မှန်းပြီးနေ့စဉ် ကန်တော့ပါတယ်'

ဟုပြောလေ၏။

နေဘုန်းသည် ဆိုင်ရှင် မိန်းမကို နှုတ်ဆက်ပြီးထွက်ခွါလာခဲ့လေ၏။

ဖခင်သည် မြန်မာပြည်အနှံ့လှည့်လည် သွားလာပြီး ဒုက္ခ ရောက်နေသူများကိုကူညီခဲ့၏။ ဖခင်၏ရည်ရွယ်ချက်သည် မွန်မြတ် သန့်စင်လှ၏။

ဖခင်အဘယ်ကြောင့် မြန်မာပြည်အနှံ့ ခြေဦးတည့်ရာသွားလာနေသနည်း။နေဘုန်းသည် ဖခင်၏ ရည်ရွယ်ချက်ကို မှန်းဆလို့ မရသည့်အဆုံးတွင်မိမိကိုယ်တိုင် ဖခင်နည်းတူ မြန်မာပြည်အနှံ့ ခြေဆန့်ပြီး ဒေါင်းစကေရီဆိုသောအမည်ဖြင့် ကုသိုလ်ကောင်းမှုအလုပ်များကို လုပ်ကိုင်ခဲ့လေ၏။

ထိုသို့လုပ်ကိုင်ရင်း မိမိကိုယ်တိုင်ပင် အခက်အခဲများနှင့် ကြုံ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရလေ၏။ မည်သို့ပင်ဖြစ်စေ နေဘုန်းသည် ငယ်စဉ်က ဦးထိပ်သီး ကဲ့သို့သော ဆရာကောင်းနှင့် ကြုံဆုံရသဖြင့် ဘဝအခက်အခဲများကို ကောင်းစွာ ရင်ဆိုင်နိုင်လေ၏။

***





တစ်နေ့သ၌ နေဘုန်းသည် မြို့တစ်မြို့သို့ ရောက်ရှိပြီး မြို့ထဲတွင် လှည့်လည်ကြည့်ရှုနေစဉ် လူကုံထံများ နေထိုင်သော ခြံကြီးတစ်ခြံ၏ ရှေ့သို့ ရောက်ရှိသောအခါ ခြံစောင့်ဒရဝမ်သည် ကလေးငယ်တစ်ဦးကို ခြံထဲမှာ တွန်းထုတ်ပြီး

"သွားစမ်း ကောင်လေး.. ပိုက်ဆံ မပါရင် ဘယ်တော့မှ မလာနဲ့"

ဟုမောင်းနှင်ထုတ်လေရာ ကလေးငယ်လေးက သနားစဖွယ် အမူအယာဖြင့်

www.burmeseclassic.com



'ကျွန်တော် ပိုက်ဆံ ရှာလို့ရရင် ဆေးကုတဲ့ ပိုက်ဆံတွေ ပြန်ပေးပါမယ်၊ ဆရာဝန်ကြီးကို ခေါ်ပေးပါ'

ဟုတောင်းပန်ပြန်၏။ထိုအခါ ဒရဝမ်သည် ခြံတံခါးကို ဒိုင်းခနဲ မြည်အောင် ပိတ်ပြီး

'ပိုက်ဆံ မပါရင် လုံးဝ လာမခေါ်နဲ့၊ ဆရာဝန်ကြီးက ပိုက်ဆံ မပါ ရင်လုံးဝလက်မခံဘူး ကြားလား'

ဟုမောင်းနှင်ထုတ်လေ၏။နေဘုန်းသည် ခြံရှေ့၌ လဲကျနေသော ကလေးငယ်ကို ထူပေးလိုက်ပြီး

'ဘာဖြစ်လို့လဲ ကလေး'

ဟုကြင်နာသော အမူအယာဖြင့် မေးမြန်းလိုက်လေ၏။ထိုအခါ ကလေးငယ်က

'ကျွန်တော့်ညီမလေး သံဆူးပြီး နေမကောင်းဖြစ်နေတာကို ပိုက်ဆံ မပါလို့လိုက်မကြည့်နိုင်ဘူးလို့ ပြောပါတယ်'

ဟုပြောပြီး လက်ထဲတွင်ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော ငွေစက္ကူလေးများကိုတွေ့ရလေ၏။

နေဘုန်းသည် ကလေးငယ်၏ ဘဝကိုကရုဏာသက်သွားပြီး





'မငိုပါနဲ့ ကလေးရယ်၊ မင်းညီမလေးကို အစ်ကိုဆေးကုပေးပါမယ်'

ဟုပြောပြီး ဆရာဝန်ကြီး၏ ခြံတံခါးကို တဒိုင်းဒိုင်းခေါက်လေ၏။ ဒရဝမ်သည် ကျယ်လောင်သော တံခါးခေါက်သံကြောင့် ခြံတံခါးကို ဟကြည့်လိုက်ပြီး

'ဘာလို့ တံခါးကိုမတရားခေါက်နေတာလဲကွ'

ဟုဆိုကာ တံခါးကို ဟကြည့်လေ၏။ နေဘုန်းက တံခါးဟသည်နှင့် တံခါးကို ဆောင့်တွန်းလိုက်ပြီး

'ဆရာဝန်လာပင့်တာ၊ ဆရာဝန်ကြီးကို မြန်မြန်ခေါ်ပေးပါ'

ဟုဆိုလိုက်ရာ ဒရဝမ်က နေဘုန်းကို အထင်သေးဟန်ဖြင့် ကြည့်လိုက်ပြီး

'ဆရာကြီးကို လာပင့်ရင် ပိုက်ဆံပါမှ ဖြစ်မယ်၊ပိုက်ဆံ ပါရဲ့လား'

ဟုမေးမြန်းလိုက်လေ၏။ နေဘုန်းက လွယ်အိတ်ထဲရှိ ငွေစက္ကူတစ်ထပ်ကို ဒရဝမ်၏ မျက်နှာရှေ့တွင် ဝှေ့ယမ်းပြလိုက်ပြီး

'ဒီမှာ ခင်ဗျား ဆရာဝန်ကြီး အလွန်မက်မောတဲ့ ပိုက်ဆံပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန် ဆရာဝန်ကြီးကို သွားခေါ်'

ဟု အမိန့်ပေးလိုက်ရာ ဒရဝမ်သည် ကုလားဆရာဝန်ကြီးကို အမြန်သွားခေါ်လေ၏။ ထိုအခါ လွှန်စွာဟန်ကြီးပန်ကြီး နိုင်သော ဆရာဝန်ကြီးသည် သူ၏ဒေါက်ကပ်မြင်းရထားကြီးနှင့် ကလေးငယ်၏ အိမ်သို့လိုက်ခဲ့လေ၏။ အိမ်သို့ ရောက်သောအခါ ကလေးငယ်၏ ညီမလေးသည် အဖျားတက်ပြီး တအင်းအင်း ညည်းညူနေလေ၏။

ကုလားဆရာဝန်ကြီးသည် ကလေးမလေးကို သောက်ဆေးနှင့် လိမ်းဆေးပေးပြီး

'ပူစရာမလိုဘူး ပျောက်သွားလိမ့်မယ်'

ဟုဆိုကာ ခြေကြွခကို နှင့်နေအောင် တောင်းသွားလေ၏။

နေဘုန်းသည် ဆင်းရဲနွမ်းပါးသူများကို ကိုယ်ချင်းမစာတတ်သော ဆရာဝန်ကြီးကို ကြည့်ပြီး လောကနီတိထဲရှိ

**'သူမိုက်သည် သူပြုခဲ့သော မကောင်းမှု အကျိုးမပေးသရွေ့ အကုသိုလ်ကို ပျားရည်ဟု တွေးထင်တတ်၏'**

ဆိုသော စာတစ်ပုဒ်ကို သတိရလိုက်လေ၏။

နေဘုန်းသည် ကလေးနှစ်ယောက်၏ ဘဝကိုကရုဏာသက်





ရှာသဖြင့် မေးမြန်းကြည့်ရာ ၎င်းတို့၌ မိဘမရှိတော့ကြောင်းသိရ၏။

ကလေးနှစ်ဦး၏ ဖခင်သည် ငယ်စဉ်ကပင် ဆုံးပါးသွားခဲ့ရပြီး မိခင်ဖြစ်သူက ကြီးပြင်းအောင် ကျွေးမွေးခဲ့ကြောင်း လွန်ခဲ့သောနှစ်က မိခင်သေဆုံးသွားသဖြင့် မောင်နှမနှစ်ယောက်တည်း လုပ်ကိုင်စားသောက် နေကြောင်း ပြောလေ၏။

ကလေးနှစ်ဦးအနက် အစ်ကိုဖြစ်သူ၏ အမည်မှာ မောင်ကောင်း ဖြစ်ပြီး ညီမဖြစ်သူမှာ မမိုးသူဟုခေါ်တွင်ကြောင်းသိရ၏။

မောင်ကောင်းသည် မြို့လယ်ဈေးကြီး၌ ဘိန်းမုန့်ရောင်းပြီး မိုးသူက အစ်ကိုနှင့်အတူ ကူညီရောင်းချပေးကြောင်းသိရ၏။နေဘုန်းသည် အရွယ်နှင့် မလိုက်အောင် ရုန်းကန်နေရသော ကလေးနှစ်ယောက်၏ ဘဝကို နားလည်စာနာသဖြင့် မမိုးသူ၏ ခြေထောက်ဒဏ်ရာ ကောင်းမွန်သည့်အထိ နေထိုင်ရန် ဆုံးဖြတ်လိုက်၏။

နေဘုန်းသည် ကလေးနှစ်ဦးနှင့်အတူနေပြီး ၎င်းတို့၏ ယိုင်နဲ့နဲ့ အိမ်လေးကို ခိုင်ခံ့ရန် ပြန်လည်ပြုပြင်ပေးလေ၏။

နေဘုန်းသည် ကလေးနှစ်ဦး၏ အိမ်ကို ပြုပြင်ပေးရင်း ထိုမြို့၌ တစ်ရက်ပြီးတစ်ရက် သောင်တင်နေလေ၏။ နေဘုန်းသည်



www.burmeseclassic.com

www.burmeseclassic.com



မောင်ကောင်းတို့ မောင်နှမ စားသောက်ရန် ဈေးသို့ကိုယ်တိုင်သွား၍ အစားအသောက်ကောင်းများကို ကိုယ်တိုင်ချက်ပြုတ်လေ၏။ နေဘုန်းသည် မိမိချက်သော ထမင်းဟင်းများကို မောင်နှမ နှစ်ယောက် မြိန်ရှက်စွာ စားသောက်နေသည်ကို ကြည့်ပြီး ဖော်မပြနိုင်သော ပီတိဖြစ်ပေါ်လာ၏။

နေဘုန်းသည် ကလေးနှစ်ယောက်နှင့်အတူနေရင်း ကလေး များကို လက်မဲ့ထားပြီးထွက်ခွါသွားရန် စိတ်မချဖြစ်လာမိ၏။ ထို့ကြောင့် မိမိ၏ ရှိစုမဲ့စုလေးများကို စုဆောင်းပြီး ကလေးနှစ်ယောက်ကို ကုန်စုံ ဆိုင်လေး တစ်ဆိုင်ဖွင့်ပေးရန် ကြံလေ၏။

နေဘုန်းသည် ကုန်စုံဆိုင်ဖွင့်ရန် မြစ်ဆိပ်သို့ သွားပြီးလိုအပ်သော ပစ္စည်းများကို ဝယ်ယူပေးလေ၏။ ထိုနောက် ကုန်စုံဆိုင်လေးကို ကိုယ် တိုင် ဦးဆောင်ပြီး ဖွင့်လှစ်ပေးလေ၏။ ဈေးသည်တို့ တပ်သင့်တပ်အပ် သော ပညာရပ်များကိုလည်း မောင်နှမနှစ်ယောက်ကို သင်ကြား ပေးလေ၏။

နေဘုန်းက

"ဈေးရောင်းပြီဆိုရင် အမြဲတမ်း မှတ်ထားရမှာက ဈေးဝယ်သူက အမြဲမှန်တယ်ဆိုတာပဲကွ၊ ဘယ်တော့မှ ဈေးဝယ်နဲ့ ငြင်းခုံမငြင်းမရဘူး၊ အချို့သော ဈေးသည်တွေဟာ ဈေးဝယ်သူနဲ့ ငြင်းခုံကြတယ်၊ ဒါဟာ ဘယ်တော့မှ မကြီးပွားနိုင်ဘူး ဆိုတာပြတာပဲ၊နောက် အရေးအကြီးဆုံးက ကိုယ်နဲ့ဆက်ဆံလို့ ဘယ်တော့မှ မရှုံးစေရဘူးဆိုတဲ့ ခံယူချက်မျိုးထားရမယ်"

ဟုပြောလေရာ မောင်ကောင်းက နေဘုန်း၏ စကားကို နား မလည်ဟန်ဖြင့်

"ကိုယ်နဲ့ ဆက်ဆံလို့ ဘယ်တော့မှ မရှုံးစေရဘူးဆိုတဲ့ ခံယူချက် ဟုတ်လား၊ကျွန်တော် သိပ်မရှင်းဘူး"

ဟုမေးမြန်းလေ၏။ နေဘုန်းက ခေါင်းညိတ်ပြီး

"လွယ်လွယ်လေးပါကွာ၊ မင်းဆိုင်က ဝယ်တဲ့ ပစ္စည်းတစ်ခုဟာ ကောင်းလဲကောင်း တန်လဲတန်တယ် ဆိုရင် မင်းနဲ့ဆက်ဆံလို့ ဘယ် တော့မှ မရှုံးဘူးဆိုတဲ့ ခံစားချက်မျိုး ဖြစ်ပေါ်ပြီပေါ့ကွာ၊ဒါဟာ ဈေး ရောင်းသူတွေ သာမကဘူး လူမှုဆက်ဆံရေး ကိစ္စတွေဖောင်မှ အရေး ပါတယ်၊ ကိုယ်နဲ့ ဆက်ဆံသူဟာ ဘယ်တော့မှ မရှုံးနိမ့်စေရဘူးဆိုတဲ့ အယူအဆ ရှိရင် အရာရာ အောင်မြင်ပြီကွ၊ စားသောက်ဆိုင်တစ်ဆိုင်မှာ ဒီအယူအဆမျိုးကို လက်ကိုင်ထားရင် လူတွေ ကြိတ်ကြိတ်တိုး စည်







www.burmeseclassic.com

www.burmeseclassic.com



ကားနေမှာ သေချာတယ်၊ ဒီဆိုင်က အစားအသောက်တွေဟာ ကောင်း
လဲကောင်း တန်လဲတန်တယ်ဆိုရင် စားသုံးသူဘက်က ဒီဆိုင်နဲ့ ဆက်
ဆံရတာ သူတို့အတွက် အရှုံးမရှိဘူးလို့ ယူဆလိမ့်မယ်၊ အစား
အသောက်တွေကလဲညံ၊ တန်လဲ မတန်ဘူး ဆိုရင်တော့ စားသုံးသူ
ဘက်က ဒီဆိုင်နဲ့ ဆက်ဆံရတာ ရှုံးနိမ့်တယ်လို့ ယူဆပြီး ဘယ်တော့မှ
လာမစားဖို့ ဆုံးဖြတ်လိမ့်မယ်၊ ဒီလိုပဲ ချစ်သူရည်းစားဘဝမှာလဲ ချစ်သူ
ကောင်လေးဟာ ကိုယ့်အပေါ်မှာ စာနားလည်ပြီး ကိုယ့် ဘဝအတွက်
ကောင်းမွန်တဲ့အာမခံချက်မျိုးရှိရင် မိန်းကလေးဘက်က သူနဲ့ ဆက်ဆံ
တာ ကိုယ့်ဘက်က မရှုံးနိမ့်ဘူးလို့ ယူဆပြီး ကိုယ့်ကို လက်ထပ်မှာပဲ'

ဟုပြောလေ၏။နေဘုန်း၏ စကားကြောင့် မောင်ကောင်းထ

'အစ်ကိုကြီးစကားက မှတ်သားဖို့ ကောင်းလိုက်တာ၊ ကျွန်တော်
တစ်သက်လုံးကိုယ်နဲ့ ဆက်ဆံသူတိုင်း မရှုံးနိမ့်စေဘူး ဆိုတဲ့ ခံယူချက်မျိုး
ဖြစ်အောင်ကြိုးစားပါ့မယ်'

ဟုပြောလေ၏။နေဘုန်းက မောင်ကောင်း၏ ပခုံးကိုပုတ်ပြီး

'ဒီခံယူချက်မျိုး မင်းတကယ်ထားနိုင်တယ်ဆိုရင် အရာရာ
အောင်မြင်သူတစ်ယောက်ဖြစ်မှာပဲ'





ဟုပြောလေ၏။ထိုသို့ဖြင့် နေဘုန်းသည် မောင်ကောင်းတို့
ောင်နှမ်၏ ဆိုင်ကလေး အတော်အတန်အောင်မြင်သောအခါ ဒေါင်း
ကေရီကို ရှာဖွေရန် ဆိုင်ကလေးမှ ထွက်ရန်ကြံစည်လေ၏။ နေဘုန်း
ထွက်ခွာတော့မည် ဆိုသောအခါ မောင်နှမနှစ်ယောက်သည် ဝမ်းနည်း
ခြင်းသဖြင့် ရှိုက်ငိုကြလေ၏။

မောင်ကောင်းက နေဘုန်း၏ ပခုံးကို ဖက်ပြီး

'ဖြစ်နိုင်ရင် ကျွန်တော့်တို့ကို ခွဲမသွားပါနဲ့ဗျာ၊ အစ်ကိုကြီး
ကျွန်တော်တို့နဲ့ နေလို့မရဘူးလား'

ဟုမေးမြန်းလေ၏။နေဘုန်းက

'အစ်ကိုကြီးလဲ မောင်ကောင်းတို့နဲ့ နေချင်ပါတယ်၊ဒါပေမဲ့
အစ်ကိုကြီးဘဝမှာ အလွန်အရေးပါတဲ့ အလုပ်တစ်ခု ရှိသေးတယ်'

ဟုပြောလေရာ မမိုးသူက ငိုယိုပြီး

'မသွားပါနဲ့ အစ်ကိုကြီးရယ်'

ဟုတားဆီးပြန်၏။နေဘုန်းက ကလေးနှစ်ဦး၏ ပခုံးကိုဖက်ပြီး
ဆရာဖြစ်သူ၏အမှာစကား အရဒေါင်းကေရီကို လိုက်လံ ရှာဖွေမည့်
အကြောင်း ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

နေဘုန်း၏စကားကို မောင်နှမနှစ်ယောက် အစအဆုံး ငြိမ်သက်စွာ နားထောင်နေရင်း မောင်ကောင်းက ထိုင်ရာမှ ထပြီး အခန်းထဲသို့ ပြေးဝင်သွားကာ တစ်တောင်ခန့်ရှိသောကတ္တီပါအိတ်တစ်လုံးကို ယူလာလေ၏။ပြီးနောက် နေဘုန်းကို ကတ္တီပါအိတ်ကို ကမ်းပေးလိုက်ရာ နေဘုန်းက မျက်မှောင်ကြုတ်ပြီး

"ဘာလဲကွ"

ဟုမေးမြန်းလိုက်လေ၏။မောင်ကောင်းက ကတ္တီပါအိတ်ထဲမှ ပန်းပုရုပ်တစ်ရုပ်ကို ထုတ်လိုက်ရာ တစ်တောင်ခန့်ရှိသော မိန်းမလှ ပန်းပုရုပ်ကလေးကို တွေ့ရလေ၏။

မောင်ကောင်းက အလွန်လှပသော ပန်းပုရုပ်ကလေးကို ကမ်းပေးပြီး

'ဒေါင်းဧကရီလို့ခေါ်တယ်၊ အစ်ကိုကြီးကြည့်ပါ'

ဟုဆိုလိုက်ရာ နေဘုန်းသည် အလွန်စိတ်ဝင်စားသွားပြီး ပန်းပုရုပ်ကလေးကို ကြည့်လိုက်ရာ ပန်းပုရုပ်ကလေး၏ အောက်ခြေ၌ ဒေါင်းဧကရီ ဟုရေးထိုးထားလေ၏။ နေဘုန်းသည် ဒေါင်းဧကရီဟု ရေရွတ်လိုက်ပြီး





'ဒေါင်းဧကရီ ပန်းပုရုပ်လေးပါလား၊ မောင်ကောင်း ဘယ်လိုရအားတာလဲ'

ဟုမေးမြန်းလိုက်၏။ မောင်ကောင်းက ခေါင်းညိတ်ပြီး

'ပြောပြပါ့မယ် အစ်ကိုကြီးရယ်..ဒီလိုပါ...'

ဟု အစချီကာ ပန်းပုရုပ်လေးအကြောင်းကို ပြောပြလေ၏။

'လွန်ခဲ့တဲ့ တစ်နှစ်လောက်က မြို့ပေါ်က လူကုံထံအလှူကြီးတစ်ခုမှာ ကျွန်တော်က ပန်းကန်ဆေးတဲ့ အလုပ်ကို လုပ်ပါတယ်၊ ဒီလိုလုပ်နေတုန်းမှာ အလှူကို စိတ်မနှံ့တဲ့ လူကြီးတစ်ယောက် ရောက်လာပြီး အလှူကကျွေးတဲ့ ထမင်းဟင်းတွေကို တောင်းပါတယ်၊ ဒီအခါမှာ အလှူရှင်ရဲ့လူတွေက စိတ်မနှံ့တဲ့ လူကြီးကို ရိုက်ပုတ်ပြီး မောင်းထုတ်ပါတယ်၊ လူကြီးဟာ စိတ်မနှံ့ရုံမက ကျန်းမာရေးလဲ မကောင်းရှာလို့ သနားပြီး ကျွန်တော်တို့ အိမ်ကိုခေါ်ခဲ့ပါတယ်၊ ပြီးတော့ ဆာလောင်မွတ် သိပ်နေတဲ့ လူကြီးကို ရှိတာလေးနဲ့ ကျွေးမွေးခဲ့တယ်၊ ဒါပေမဲ့ သူခမြာ ကံမကောင်းရှာဘူး၊ ကျွန်တော်အိမ်မှာ ကျွေးမွေးပြုစုထားရက်နဲ့ ချောင်းဆိုး ရင်ကြပ်ရောဂါ ဖောက်ပြန်လာတယ်၊ တစ်ပတ်လောက်ကြာတော့ လူကြီးက ကျွန်တော်ကို ခေါ်ပြီး တုန်တုန်ရီရီနဲ့



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ကောင်းရှိတဲ့ မင်းသားလေးကို ငါကိုယ်တော် အမြတ်နိုးဆုံး ဒေါင်းကေရီ ရုပ်ကလေး ချီးမြှင့်ခဲ့ပါတယ်၊ဒေါင်းကေရီကို တစ်သက်လုံး သိမ်းထားနော်၊ဘယ်တော့မှ မဆုံးရှုံးစေနဲ့'

လို့ဆိုပြီး ကျွန်တော့်ကို ကတ္တီပါအိတ်နဲ့ ထည့်ထားတဲ့ ဒေါင်းကေရီ ပန်းပုရုပ်လေးကို ပေးပါတယ်၊ လူကြီးဟာ ကျွန်တော့် လက်ထဲကို ဒေါင်းကေရီ ပန်းပုရုပ်လေးအပ်ပြီးတာနဲ့ စိတ်လျှော့လိုက်ပုံရတယ်၊ ရောဂါဝေဒနာ ပိုပြင်းထန်လာတယ်၊ နောက်တော့ အိမ်ကနေ ပျောက်သွားပြီး မြို့ပြင်ဇရပ်မှာ လူမသိသူမသိ သေဆုံးသွားရှာတယ်၊ ဒါကြောင့်လဲ ကျွန်တော့်လက်ထဲမှာ ဘုမသိဘမသိ ဒေါင်းကေရီရုပ်လေး ရောက်နေတာပဲ၊ ဒီအရုပ်လေးဟာ အစ်ကိုကြီးရှာဖွေနေတဲ့ ဒေါင်းကေရီနဲ့ဘယ်လို ပတ်သက်သလဲ မသိဘူး၊ အစ်ကိုကြီးအတွက် အကျိုးရှိမယ်ထင်လို့ အစ်ကိုကြီးပဲ ယူသွားလိုက်ပါ"

ဟုပြောလေ၏။ နေဘုန်းသည် ဒေါင်းကေရီကို အနီးကပ် ကြည့်သောအခါ သက်ရှိလူသားတစ်ယောက်ကဲ့သို့ အလွန်အသက်ဝင်လှသဖြင့် ပန်းပုလက်ရာကို အံ့မခန်းဖြစ်မိလေ၏။

ဒေါင်းကေရီသည် ပကတိ လူသားတစ်ယောက်နှင့် သဏ္ဌာန်တူ





လေ၏။ ထိုပန်းပုသူဇာ ရုပ်ကလေးသည် ဖခင်ရှာဖွေခိုင်းသော ဒေါင်းကေရီနှင့် ဆက်စပ်မှု ရှိလေသလော‥ ဒေါင်းကေရီသည် မိမိအတွက် အကျိုးမဲ့ဖြစ်လျှင် တစ်နေ့နေ့ တစ်ချိန်ချိန် မောင်ကောင်းလက်သို့ ပြန်အပ်မည်ဟု ဆုံးဖြတ်လိုက်လေ၏။

***



www.burmeseclassic.com

www.burmeseclassic.com



နေဘုန်းသည် မြန်မာပြည်အနှံ့လှည့်လည်ပြီးရောက်လေရာ အရပ်တွင် ဒေါင်းကေရီဆိုသော အမည်ဖြင့် ကုသိုလ်ကောင်းမှုများကို လုပ်ကိုင်လေ၏။

ထိုသို့ လုပ်ကိုင်ရင်း မြစ်ဝကျွန်းပေါ်မြို့တစ်မြို့သို့ ရောက်သောအခါ ဖခင်နှင့် ပတ်သက်သော သဲလွန်စတစ်ခုကို သွားတွေ့ပြန်၏။

ဖခင်သည် ဒေါင်းကေရီဆိုသော အမည်ဖြင့် ကမ္မဋ္ဌာန်းကျောင်း တစ်ကျောင်းကို လှူဒါန်းခဲ့လေ၏။ ဖခင်လှူဒါန်းခဲ့သော ကျောင်း ကလေး၌ ဝိပဿနာ တရားအားထုတ်နေသော ယောဂီများကို တွေ့ ရလေ၏။





နေဘုန်းသည် ကမ္မဋ္ဌာန်းကျောင်းကလေး အရှေ့၌ စကြံနှင့်လျှောက် နေသော ဆရာတော်ကြီးအား ဒေါင်းကေရီကမ္မဋ္ဌာန်းကျောင်းနှင့် ပတ်သက်ပြီး မေးမြန်းကြည့်လေရာ ဆရာတော်ကြီးက

"ဒေါင်းကေရီကို တကာကြီး ဦးကြည်မောင် လှူဒါန်းခဲ့တာ ကွယ်၊ ဟိုတုန်းက ဒီကျောင်းမှာ တရားကျင့်တဲ့ ယောဂီတွေဟာ ဇရပ် ပျက်ကြီးမှာပဲ အားထုတ်ခဲ့ရတယ်၊ ဇရပ်ပျက်ကြီးဟာ အမိုးတွေ မလုံတဲ့ အတွက် မိုးရွာတဲ့အခါ ယောဂီတွေ အခက်ကြုံကြတယ်၊ ဒါကို မြင် သွားတဲ့ ဦးကြည်မောင်ဟာ ဒေါင်းကေရီ ကမ္မဋ္ဌာန်းကျောင်းကို ဆောက် လုပ်လှူဒါန်းခဲ့တယ်၊ ကမ္မဋ္ဌာန်းကျောင်းလေးပြီးစီးတဲ့အခါ စမ်းချောင်း လေးကို ဖြတ်သန်းတဲ့ သစ်သားတံတားလေးဟာ ခနော်နဲ့ ဖြစ်နေလို့ အင်္ဂတေတံတားတစ်ခုထိုးဦးမယ်လို့ ဘုန်းကြီးကို ကတိပေးခဲ့တယ်၊ မိုးကုန်ရင် သူရောက်လာဦးမှာ"

ဟုပြောလေ၏။

နေဘုန်းသည်ဆရာတော်ကြီး၏ မိန့်ကြားချက်ကြောင့် အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေ၏။ သူအနှစ်နှစ်အလလက ရှာဖွေ ခဲ့သော ဖခင်နှင့် ပြန်လည်ဆုံတွေ့ရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းကေရီကို ရှာဖွေမှု အဆုံးသတ်သွားချေပြီ။ ဖခင်နှင့် တွေ့လျှင် ဒေါင်းကေရီ၏ လှို့ဝှက်ချက်ကို သိရပေတော့မည်။ မကြာမီ မိုးကုန်ပေတော့မည်။ ဖခင်သည် မိုးကုန်လျှင် ကမ္ဘာ့ဌာန်းကျောင်းလေးသို့ လာပြီး အင်္ဂတေတံတားတစ်စင်းလှူဒါန်းမည် ဆိုသဖြင့် ထိုမြို့၌ပင် နေထိုင်ပြီး ဖခင်ကို စောင့်ကြိုရန် ဆုံးဖြတ်လိုက်၏။

နေဘုန်းသည် ထိုမြို့ကလေး၌ပင် ကြုံရာကျပန်း လုပ်ကိုင်ပြီး ဖခင်ကို စောင့်ကြိုခဲ့၏။ ထိုသို့ဖြင့် မိုးရာသီကုန်ဆုံးခဲ့လေ၏။

***





တစ်နေ့သ၌ နေဘုန်း အလုပ်လုပ်နေသော ပွဲရုံသို့ ဆရာတော်ကျောင်းမှ ကျောင်းသားလေး တစ်ဦးရောက်လာပြီး

"ကျောင်းမှာ ဦးကြည်မောင်ဆိုတဲ့ လူကြီးရောက်နေတယ်"

ဟုဆိုသဖြင့် နေဘုန်းသည် အလွန် စိတ်လှုပ်ရှားသွားလေ၏။

မိမိအနှစ်နှစ် အလလ စောင့်မျှော်နေသော ဖခင်နှင့် တွေ့ရတော့ပေမည်။ နေဘုန်းသည်ယနေ့အချိန်အထိ သူ၏ ဖခင်ကိုဖြူသလား မည်းသလား မသိရသဖြင့် ဖခင်နှင့် တွေ့ဆုံရန် အလွန်စိတ်စော နေလေ၏။

ထို့ကြောင့် လုပ်လက်စအလုပ်များကို ထားပြီး ကမ္ဘာ့ဌာန်းကျောင်း



www.burmeseclassic.com

www.burmeseclassic.com



လေး ရှိရာသို့ လိုက်ခဲ့ဖလေ၏။ ကမ္မဋ္ဌာန်းကျောင်းသို့ ရောက်သောအခါ ကျောင်း၌ ယောဂီများ မရှိဘဲ လူသူကင်းရှင်းနေလေ၏။

နေဘုန်းသည် ဖခင်ကို စိတ်လှုပ်ရှားစွာဖြင့် ရှာဖွေလေရာ ကျောင်းအနောက်ဘက်ရှိ တရုတ်စကားပင်ကြီး အနောက်တွင် ကျော နိုင်းထိုင်နေသော လူကြီးတစ်ဦးကို တွေ့ရလေ၏။

ထိုလူကြီး၏ ဆံပင်များသည် ကုတ်ပေါ်သို့ ဝဲကျနေပြီး သားတစ် စောင်းမြင်ရသောအနေအထားအရ ထိုလူကြီး၏ ဥပတိရုပ်အလွန် ကောင်းမွန်ကြောင်း တွေ့ရလေ၏။ လူကြီးသည် ခြေသံကြားသောအခါ နောက်သို့လှည့်ကြည့်ပြီး လွန်စွာတည်ကြည်သော အသံဖြင့်

'လူကလေး ရောက်လာပြီ ထင်တယ်၊ ဘယ်ဆိုးလို့လဲ၊ နောက် ဆုံးမှာ အဖေ့ကို တွေ့အောင်ရှာနိုင်သားပဲ၊ ဒီကိုလာပါဦးကွာ၊ အဖေ တို့ခွဲခွါနေရတာ နှစ်ပေါင်း ၂၀ ကျော်ပြီ'

ဟုဆိုလိုက်ရာ နေဘုန်းက ဦးကြည်မောင်၏ အနီးသို့ တုန်ယင် သော ခြေလှမ်းများဖြင့် တိုးကပ်လိုက်လေ၏။ ဦးကြည်မောင်သည် နေဘုန်းအနီးသို့ ရောက်သောအခါ သေချာစွာကြည့်ပြီး

'ဟား··ငါ့သား ဥပတိရုပ်ကို ကောင်းလှချည်လား၊ အမေတူ





သား မို့လို့ထင်တယ်'

ဟုပြောလေရာ နေဘုန်းက ဖခင်ကိုအားမလို အားမရကြည့် လိုက်ပြီး

'အဖေကျုပ်ကို ဘာဖြစ်လို့ ခွဲသွားတာလဲဗျာ'

ဟုမေးမြန်းလိုက်လေ၏။ ဦးကြည်မောင်က ခေါင်းညိတ်ပြီး

'အေးအေးဆေးဆေး ပြောပြပါမယ်သားရယ်··အဖေ့အတိတ်ကို ပြန်ပြောရရင် အရှည်ကြီးပြောရမှာမို့ပါ'

ဟုပြောဆိုပြီး နေဘုန်းကို အနီးရှိကျောက်တုံးပေါ်တွင် ထိုင်နိုင်း လိုက်လေ၏။ ဦးကြည်မောင်သည် နေဘုန်း၏ မျက်နှာကို အာပါးတရ ကြည့်ရှုပြီးနောက်

'အဖေတို့ မိသားစုဇာတ်ကြောင်းကိုတော့ မင်းဆရာ ထိပ်သီး ပြောပြလို့ သားသိတန်သလောက် သိပြီးရောပေါ့၊ အဖေပြောပြမဲ့ အကြောင်းက ငါ့သားကို အဖေဘာကြောင့်ခွဲခွာသွားရသလဲ ဆိုတာပါပဲ၊ တကယ်တော့ ဒီအဖြစ်အပျက် တစ်ခုစလုံးဟာ အဖေရဲ့ညှို့ဖျင်းမှုနဲ့ တစ်ကိုယ်ကောင်းဆန် မိုက်မဲမှုကြောင့် ဖြစ်လာရတာပဲ။ ငါ့သားရဲ့အဘိုး တွေဘက်က ဆင်းရဲနွမ်းပါးတဲ့ အဖေကို မင်းအမေနဲ့ သဘောမတူဘူး

www.burmeseclassic.com



ကွယ်၊ အဖေတို့ ချစ်ခြင်းကို ခွဲမရတဲ့အဆုံး အဖေ့လို ဆင်းရဲသားတစ်ယောက် ဘယ်လိုမှ မတတ်နိုင်တဲ့ ငွေ ၅၀၀၀ တင်တောင်းမယ်ဆိုရင် သူတို့သမီးနဲ့ ပေးစားမယ်လို့ ဆိုခဲ့တယ်၊ ဆင်းရဲနွမ်းပါးတဲ့ အဖေဟာ ရင်ကွဲပက်လက်ဖြစ်ပြီး ပြန်လာခဲ့ရတယ်၊ အဖေဟာ လူငယ်ပီပီ ချစ်သူကို မခွဲနိုင်လို့ အသည်းကွဲ ဝေဒနာကို အလူးအလဲ ခံစားရတယ်၊ ဒီနေရာမှာ အဖေ့ညီမအကြောင်းကို ပြောရဦး ႇ၊ အဖေရဲ့ ညီမလေး ညီမဟာ ပန်းပုပညာကို အင်မတန်ဝါသနာပါတယ်၊ ညီမဟာ ပန်းပုထု ရမယ်ဆိုရင် ထမင်းမေ့ဟင်းမေ့ပဲ၊ ပန်းပုပညာကို ဝါသနာကြီး လွန်းလို့လား မသိဘူး၊ ညီမလေးထုတဲ့ ပန်းပုရုပ်ကလေးတွေဟာ အင်မတန် လက်ရာမြောက်တယ်၊ တစ်နေ့တော့ ညီမလေးညီမဟာ အလွန်ထူးဆန်းတဲ့ အိပ်မက်တစ်ခု မက်တယ်ဆိုပဲ၊ အိပ်မက်ထဲမှာ မိန်းမလှလေးတစ်ယောက် ရောက်လာပြီး သူမရဲ့ပုံကို ပန်းပုထုပေးဖို့ ညီမလေးကို တောင်းပန်ခဲ့တယ်၊ပထမတော့ ညီမလေးဟာ သွေးလေ ခြောက်ခြားပြီး မက်တယ်ထင်ပြီး အလေးအနက် မထားခဲ့ဘူး၊ ဒါပေမဲ့ မိန်းမလှလေးဟာ ညီမလေးရဲ့ အိပ်မက်ထဲကို နေ့စဉ်လာပြီး သူမရဲ့ ကိုယ်ဟန်ကို ပန်းပုထုပေးဖို့ တောင်းပန်ခဲ့တယ်၊ ကြာတော့ ညီမလေး





ဟာ မိန်းမလှလေးကို သနားကရုဏာသက်ပြီး ပန်းပုထုပေးဖို့ သဘောတူ လိုက်တယ်၊ ညီမလေးဟာ ဒီအချိန်ကစပြီး အိပ်မက်ထဲက မိန်းမလှ လေးကို ပန်းပုထုခဲ့တယ်၊ ညီမဟာ ပန်းပုထုရင်း ရှုန်ဝင်စားသွားတော့ အရုပ်လေးကို ထမင်းမေ့ဟင်းမေ့ကြိုးစားပြီး ထုလုပ်တော့တာပဲ၊ အပေါင်းများစွာကြာတော့ ပန်းပုရုပ်ကလေး ပြီးစီးသွားတယ်၊ ပန်းပုရုပ် လေးကို အိပ်မက်ထဲက မိန်းမလှလေးရဲ့ ဆန္ဒအတိုင်း ဒေါင်းကေရီလို့ အမည်ပေးခဲ့တယ်၊ ဒီအချိန်ကစပြီး အိပ်မက်ထဲကို မိန်းမလှလေး ရောက်မလာတော့ဘူး၊ သူမရဲ့ ကိုယ်ဟန်ကို ပန်းပုထုပေး လိုက်လို့ ကျေနပ်ဝမ်းမြောက်သွားဟန်ရှိတယ်၊ ညီမလေးညီမဟာဒေါင်း ကေရီကို မြတ်နိုးလွန်းလို့ တစ်နေ့နေ့ အရုပ်ကလေးကို ငေးမောကြည့်ပြီး အချိန် ကုန်နေတာများတယ်၊ ညီမလေး နှစ်သက်ရင်လဲ နှစ်သက်စရာပဲကွ၊ ဒေါင်းကေရီက အသက်ဝင်လန်းလို့ သက်ရှိလူသား တစ်ယောက် အလား ထင်မှတ်မှားရတယ်၊ တစ်နေ့တော့ ဒေါင်းကေရီရဲ့ နံမည် သတင်းကြောင့် ပန်းပုဝါသနာအိုးလူကြီး တစ်ယောက် ရောက်လာပြီး ဒေါင်းကေရီကို မြင်တဲ့အခါ အံ့ဩလွန်းလို့ ပါးစပ်အဟောင်းသားဖြစ် သွားပြီး ဒေါင်းကေရီကို သူ့ကို ရောင်းဖို့ မရမက တောင်းပန်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ညီမလေး ထုထားတဲ့ ဒေါင်းကေရီဟာ ပန်းပုဝါသနာအိုကြီးရဲ့ သေဆုံး သွားတဲ့ မိန်းမနဲ့ ချွတ်စွတ် တူတယ်ဆိုပဲ။ ဒါကြောင့် ဒေါင်းကေရီကို သူ့ ရောင်းဖို့ညီမလေးကို မရမက တောင်းပန်တယ်၊ ဒါပေမဲ့ ညီမလေး က ဒေါင်းကေရီကို အလွန်မြတ်နိုးတဲ့အတွက် ငွေဘယ်လောက်ပေး ပေးမရောင်းဘူးလို့ ငြင်းဆန်ခဲ့တယ်၊ နောက်ဆုံးတော့ ပန်းပုဝါသနာအို ကြီးဟာ ဒေါင်းကေရီကို ပိုင်ဆိုင်ခွင့်မရတဲ့အတွက် တဝကြီး ကြည့်ပြီး ဝမ်းနည်းပက်လက်နဲ့သူနေထိုင်တဲ့မြို့ကို ပြန်သွားခဲ့တယ်၊သူ့ကို ကြည့်ပြီး ချစ်သူကို တင်တောင်းဖို့ ငွေ ၅၀၀၀ လိုနေတဲ့ အဖေဟာ စိတ်ကူး ပေါက်ပြီးဝါသနာရှင်လူကြီးနေထိုင်တဲ့မြို့ကို လိုက်သွားခဲ့တယ်။ လူကြီးနဲ့ တွေ့တော့ ငွေ ၅၀၀၀ ရရင် ဒေါင်းကေရီကို ရောင်းမယ်လို့ပြောခဲ့တယ်။ ဒီအခါမှာ ဒေါင်းကေရီကို အသေအလဲ လိုချင်တဲ့ လူကြီးဟာ သူပိုင်ဆိုင် တဲ့အိမ်တွေ ခြံတွေ အကုန်လုံးရောင်းပြီး အဖေ့လက်ထဲကို ငွေ ၅၀၀၀ အပ်နှံခဲ့တယ်၊အဖေဟာ ငွေ၅၀၀၀ယူပြီး ညီမလေးညီမအလွန်မြတ်နိုးတဲ့ ဒေါင်းကေရီရုပ်လေးကို ခိုးယူပေးလိုက်တယ်၊ ညီမလေးကတော့ သူ့အင်မတန် ချစ်မြတ်နိုးတဲ့ ဒေါင်းကေရီ ရုပ်လေး ပျောက်သွားလို့ စိတ်ဆင်းရဲပြီး မအိပ်နိုင် မစားနိုင်ဖြစ်ခဲ့တယ်။အဖေဟာ မင်းအမေကို





ငွေ ၅၀၀၀တင်တောင်းနိုင်တဲ့အတွက် ချစ်သူနှစ်ဦး ပေါင်းဖက်ခဲ့ရတယ်။ အဖေဟာ မင်းအမေနဲ့ ပေါင်းဖက်ပြီး များမကြာမီမှာပဲ မင်းအဘိုးနဲ့ အဘွားဟာ ဘုရားဖူးထွက်ရင်း ကားမှောက်ပြီး အသက်ဆုံးခဲ့ရတယ်။ တချိန်တည်းမှာပဲ တိုက်တိုက်ဆိုင်ဆိုင် ညီမလေး ညီမဟာ ဒေါင်းကေရီ ရုပ်လေးကို စွဲလမ်းတဲ့ စိတ်နဲ့ အိပ်ယာထဲလဲရာက ကျန်းမာရေး ချို့တဲ့ပြီး အသက်ဆုံးခဲ့ရတယ်။အဖေဟာ ညီမလေး ညီမ သေဆုံးတော့မှ ကိုယ့်ရဲ့ မိုက်ပြစ်အတွက် နောင်တကြီးစွာရခဲ့တယ်၊ အဖေ တစ်ကိုယ်ရည် ကောင်းစားဖို့အတွက် ညီမလေး အင်မတန် မြတ်နိုးတဲ့ ဒေါင်းကေရီ ရုပ်လေးကို ရောင်းစားခဲ့တယ်။ အဖေ့ရဲ့ မိုက်မဲမှုကြောင့် ညီမလေးညီမ အသက်ပေးခဲ့ရတယ်။ ညီမလေးဟာ ဒေါင်းကေရီ ရုပ်လေး ကို စွဲလမ်းတဲ့စိတ်နဲ့ ၁၉ လတိတိ ဝေဒနာ ခံစားပြီး သေဆုံးခဲ့ရတယ်၊ ဒါကြောင့် အဖေလဲ ကိုယ့်ကိုယ်ကိုယ် အပြစ်ဒဏ်ခတ်တဲ့ အနေနဲ့ အဖေရဲ့ရင်နှစ်သည်းခြာ သားလေးနဲ့ ၁၉နှစ်တိတိ ခွဲခွါပြီး အပြစ်ဒဏ် ခံယူဖို့ဆုံးဖြတ်လိုက်တယ်။ အဖေဟာ ညီမလေး ဝေဒနာ ခံစားရတာ ထက် ၁၀ ဆ ပိုပြီး အပြစ်ဒဏ်ခံယူခဲ့တယ်။ ဒါကြောင့် လူကလေးကို အဒေါ်အပျိုကြီး လက်အပ်ပြီး အဖေဝိုင်တဲ့ စည်းစိမ်ဥစ္စာတွေကို စွန့်

www.burmeseclassic.com



လွှတ်ခဲ့တယ်၊ ငါ့သားကို ယောက်ျားကောင်းတို့ တတ်သင့်တတ်အပ်တဲ့ ပညာတွေ သင်ပေးဖို့ အဖေ့ရဲ့ သူငယ်ချင်း ထိပ်သီး လက်အပ်ခဲ့တယ် ထိပ်သီးကို ငါ့သား ၁၉ နှစ်ပြည့်တဲ့အခါ ဒေါင်းကေရီကို ရှာဖွေဖို့ မှာကြားခဲ့တယ်။ ဒေါင်းကေရီကို ရှာဖွေနိုင်တဲ့ အဆုံးမှာ အဖေနဲ့ ပြန်လည်ဆုံတွေ့ရမယ်လေ။ ဒေါင်းကေရီကို ရှာဖွေရင်း ငါ့သားဟာ ဖွဲ့လုံ့လဝီရိယ ပြည့်စုံတဲ့ယောက်ျားကောင်းတစ်ယောက် ဖြစ်သွားမယ်လို့ ယုံကြည်တယ်၊ အခုတော့ အဖေမျှော်လင့်တဲ့အတိုင်း ငါ့သား အောင်မြင်ခဲ့ပြီ'

ဟုပြောလေရာ နေဘုန်းသည် ငယ်စဉ်ဘဝက အဒေါ်အပိုကြီး လက်၌ ကြီးပြင်းခဲ့ပုံ၊ ကပ္ပိယကြီးဦးထိပ်သီးထံမှ ပညာရပ်များ သင်ကြားခဲ့ပုံများကို ပြန်လည်မြင်ယောင်လာ၏။

ထိုအဖြစ်အပျက်များသည် တိုက်ဆိုင်မှုများ မဟုတ်ဘဲ ဖခင်ကိုယ်တိုင် စနစ်တကျ စီစဉ် ထားခြင်းဖြစ်၏။ သူသည် ဘဝတလျှောက်လုံး ပုံစံခွက်ထဲ၌ ကြီးပြင်းခဲ့ရ၏။ ယခုလည်း ပုံစံခွက်အတိုင်း ဖခင်နှင့် ပြန်လည်ဆုံတွေ့ရချေပြီ။

ဘဝဟူသည် ပုံစံခွက်အတိုင်းဖြစ်ပေါ်နိုင်မည်လော. . . .။





ဦးကြည်မောင်က နေဘုန်း၏ ပခုံးကို ပွေ့ဖက်ပြီး

'လူလေး အဖေ့ကို ခွင့်လွှတ်တယ် မဟုတ်လား'

ဟုမေးမြန်းလေ၏။နေဘုန်းကဖခင်ကိုကြည့်ပြီး

'ခွင့်လွှတ်ပါတယ် အဖေရယ် . .အခုလိုအဖေနဲ့ ပြန်ဆုံရတာကို အပျော် သိပ်ဝမ်းသာပါတယ်'

ဟုပြောလိုက်လေ၏။နေဘုန်းကဆက်လက်ပြီး

'ဒါနဲ့ အဖေ့ဆီက ဒေါင်းကေရီ ကို ငွေ ၅၀၀၀ နဲ့ဝယ်သွားတဲ့ ဦးလေးကြီး ဘယ်ရောက်သွားသလဲ'

ဟုမေးမြန်းလေ၏။ ဦးကြည်မောင်က အဝေးဆီသို့ ငေးကြည့်ပြီး

'သူဟာ အဖေ့ဆီက ဒေါင်းကေရီ ရုပ်လေးကို စည်းစိမ်ဥစ္စာတွေ အကုန် ပုံအောရောင်းပြီး ဝယ်ယူခဲ့တယ်၊ ပြီးတော့ ဒေါင်းကေရီရုပ်လေးနဲ့အတူ နေရပ်ဒေသက ပျောက်ဆုံးသွားတယ်၊ နောက်တော့ မြန်မာပြည်အနှံ့ ခြေဦးတည်ရာ လျှောက်သွားပြီး ရူးသွပ်သွားတယ် ကြားတယ်'

ဟုပြောလေ၏။ ထိုအခါ နေဘုန်းသည် မောင်ကောင်းတို့ မောင်နှမနှင့် တွေ့ဆုံခဲ့သော အရူးကြီးကို သတိရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအရှုးကြီး သေဆုံးပြီးနောက် ၄င်းအမြတ်တနိုး သိမ်းထားသော ဒေါင်းကေရီရုပ်လေးကို မောင်ကောင်းထံသို့အပ်နှံခဲ့လေ၏။ မောင်ကောင်းသည် အရှုးကြီးပေးခဲ့သော ဒေါင်းကေရီရုပ်ကို မိမိကိုပြန်လည် ပေးအပ်ခဲ့၏။ မောင်ကောင်းနှင့် တွေ့ဆုံခဲ့သောအရှုးကြီးသည် ပန်းပုဝါသနာရှင်လူကြီးဖြစ်လျှင် ယခု မိမိလက်၌ရှိသောပန်းပုရုပ်သည် ဖခင်ကြီး ရှာဖွေနေသော ဒေါင်းကေရီပင် ဖြစ်လိမ့်မည်။

***





နေဘုန်းက လွယ်အိတ်ထဲက ဒေါင်းကေရီပန်းပုရုပ်ကလေးကို ထုတ်ပြီး

'ဒေါင်းကေရီရုပ်ကလေးက ကျုပ်ဆီမှာ ရောက်နေတယ် အဖေ၊ အဖေစစ်ကြည့်ပါဦး၊ ဒီအရုပ်ဟုတ်မဟုတ်'

ဟုပြောလိုက်လေရာ ဦးကြည်မောင်သည် နေဘုန်း၏ လက်ထဲရှိ ဒေါင်းကေရီကို တအံ့တသြ ယူကြည့်လိုက်ပြီး

'ဟင်..ဒါ..ဒါ ဒေါင်းကေရီအစစ်ပဲ၊ ငါ့သားဆီကို ဘယ်လို ရောက်နေတာလဲ'

ဟုမေးမြန်းလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နေဘုန်းက ဒုက္ခရောက်နေသောမောင်ကောင်းတို့ မောင်နှမကို အကူအညီပေးခဲ့ရာမှ အရှုးကြီးအကြောင်းကို သိခဲ့ကြောင်း၊ မောင်ကောင်းက ဒေါင်းဇကရီရုပ်ကလေးကို မိမိအတွက် အကျိုးရှိမည်ဟု ယူဆပြီး ပေးအပ်လိုက်ခြင်းဖြစ်ကြောင်း ပြောပြလေ၏။

နေဘုန်း၏ စကားဆုံးသည်နှင့် ဦးကြည်မောင်သည် ဒေါင်းဇကရီ ရုပ်ကလေးကို တယုတယ ပွေ့ဖက်ပြီး

'ကံကြမ္မာက ထူးဆန်းလိုက်တာ သားရယ်၊ ကြည့်စမ်းအဖေ မိုက်မိုက်မဲမဲ ရောင်းစားလိုက်တဲ့ ညီမလေးရဲ့ ဒေါင်းဇကရီပန်းပုရုပ်ကလေးဟာ အဖေဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ပြန်ရောက်လာတယ်'

ဟုပြောလေ၏။ နေဘုန်းက ဦးကြည်မောင်၏ စကားကို နားထောင်ပြီး သက်ပြင်းချကာ

'ဒါဆိုရင်..ကျုပ်တို့ မြို့ကို ပြန်ရအောင်ဗျာ၊ မြို့မှာ အဒေါ်အပျိုကြီး ကျန်ခဲ့တယ်၊ အဖေ့သူငယ်ချင်း ဦးထိပ်သီးနဲ့လဲတွေ့ရအောင်လေ'

ဟုပြောလိုက်လေ၏။ သို့သော် ဦးကြည်မောင်က ခေါင်းခါယမ်းလိုက်ပြီး





'အဖေတို့ပြန်လို့ မရသေးဘူးသား၊ အဖေ့ကျေးဇူးရှင်အတွက် ဆေးဆပ်ရဦးမယ်'

ဟုဆိုလိုက်ရာနေဘုန်းက အံ့သြဟန်ဖြင့် မျက်မှောင်ကြုတ်ပြီး

'ဘယ်လိုဆပ်ရမလဲ ပြောပါအဖေ'

ဟုမေးမြန်းလိုက်၏။ ဦးကြည်မောင်က နေဘုန်း၏ ပခုံးကို ဖက်ပြီး

'ဒီတာဝန်ကို အဖေ့ကိုယ်စား လူကလေးဆက်ပြီး တာဝန်ယူရမယ်၊ အဖေ့ကျေးဇူးရှင် အကြောင်းပြောရမယ်ဆိုရင် အဖေ့ ဘဝဇာတ်ကြောင်းကို ပြန်ဆက်ရမယ်ကွ၊ အဖေဟာ ညီမလေး ညှိမသေဆုံးသွားတော့ နောင်တအကြီးအကျယ်ရပြီး ကိုယ့်ကိုယ်ကိုယ် အပြစ်ဒဏ်ခတ်တဲ့အနေနဲ့ မြန်မာပြည်အနှံ့မှာ ကုသိုလ်ကောင်းမှုတွေ လုပ်ဖို့ကြံစည်တယ်၊ ဒါပေမဲ့ လက်တွေ့မှာတော့ ကုသိုလ်ကောင်းမှု လုပ်ဖို့ နေနေသာသာ အဖေ့ရဲ့ တစ်ကိုယ်တော်စားဝတ်နေရေးကိုတောင် ပြေလည်အောင် မဆောင် ရွက်နိုင်ဘူး။ အဖေ အလုပ်ကို ကြိုးကြိုးစားစား လုပ်ပေမဲ့ စားဝတ်နေရေး မပြေလည်ပါဘူး။သူတစ်ပါးကို ကူညီဖို့ ဝေးလို့ ကိုယ့်စားဝတ်နေရေး ကိုတောင် ပြေလည်အောင် မဆောင်ရွက်နိုင်ဘူး၊ ဒီတော့ အဖေလဲ စိတ်ဓါတ်ကျပြီး မြို့တစ်မြို့ရဲ့ တောင်ပေါ် ဆုတောင်း

ပြည့်စေတီလေးမှာ ရှိခိုးကန်တော့ရင်း အမေ့ရဲ့ ရည်မှန်းချက်တွေကို တိုင်တယ်ပြီး ဆုတောင်း ခဲ့တယ်၊ အမေဆုတောင်းပြီးလို့ မျက်လုံးဖွင့်ကြည့်တဲ့အချိန်မှာ အမေ့ရှေ့မှာ တောင်ဝှေးကိုင်ထားတဲ့ တရုတ်အဘိုးကြီးတစ်ယောက်ကို တွေ့ရတယ်၊ တရုတ်အဘိုးကြီးက အမေ့ကို ကြည့်ပြီး

'လူတွေကို ကူညီပြီး ကုသိုလ်ကောင်းမှု လုပ်ချင်တယ် ဆိုတဲ့ မင်းရဲ့ဆုတောင်းသံကို ကြားတော့ အင်မတန် မြင့်မြတ်တဲ့ ရည်ရွယ်ချက် ဆိုတာ သဘောပေါက်တယ်၊ဒါကြောင့် မင်းကို အလွန်လှို့ဝှက်တဲ့လောကီ အဆောင်လေးတစ်ခု လက်ဆောင်ပေးလိုက်မယ်၊ ဒီအဆောင်ကို အသုံးပြုတဲ့ အချိန်ကစပြီး မင်းရဲ့ဘဝပြောင်းလဲပြီလို့သာမှတ်ပေတော့၊ တကယ်တော့ ငါပေးတဲ့အဆောင်ဟာ အသုံးပြုသူရဲ့ ရည်မှန်းချက် ကောင်းရင်ကောင်းသလောက် အစွမ်းပြတတ်တယ်၊ ရည်မှန်းချက်မကောင်းရင်တော့ အစွမ်းပြမှာ မဟုတ်ဘူးလို့ဆိုပြီး ခြောက်ထောင့်ကြယ်အဆောင်လေးနဲ့ မန္တန်လေးတစ်ခုကို ပေးလိုက်တယ်၊ အဆောင်နဲ့တွဲဖက်ပြီးရွတ်ရတဲ့မန္တန်လေးကို ညစဉ်ရွတ်ရမယ်လို့ဆိုပါတယ်၊ ဒီမန္တန်လေးကို အမေ့တစ်သက် ဘယ်သူကိုမှ သင်မပေးရဘူးလို့ ဝန်ကတိပြုရတယ်၊ အမေ့ကိုအဆောင်နဲ့မန္တန်ကိုပေးခဲ့တဲ့ တရုတ်အဘိုး





ကြီးရဲ့ အမည်က ဦးချိန်တီတဲ့၊သူဟာ မန္တလေးမြို့က တရုတ်ဘုံကျောင်းတစ် ကျောင်းမှာ နေတယ်လို့ သိရတယ်၊ အမေဟာ ကျေးဇူးရှင်ကြီးနဲ့လမ်းခွဲထွက်ပြီး နောက်ပိုင်းမှာ အထက်မြန်မာပြည်က မြို့တစ်မြို့မှာဆိုင်ထမ်းလေးနဲ့မုန့်ထမင်းစရောင်းတယ်၊ အမေ့ရဲ့ မုန့်ထမင်းဆိုင်းထမ်းလေးမှာ ဦးချိန်တီပေးတဲ့ အဆောင်လေးကို ရေးဆွဲထားတယ်၊ သူပေးတဲ့မန္တန်ကိုလဲ ညစဉ်ရွတ်တယ်၊ ပထမနေ့မှာတော့ မထူးသေးဘူး၊ သုံးရက်မြောက်နေ့မှာ အမေ့ရဲ့ မုန့်ထမင်းဆိုင်လေး စရောင်းကောင်းတယ်၊ နောက်ပိုင်းတော့ မုန့်ထမင်းတွေဟာ နေ့စဉ် ရောင်းမလောက်အောင်ဖြစ်ခဲ့ရတယ်၊ အမေဟာ မုန့်ထမင်းဆိုင်လေး အောင်မြင်ပြီးတဲ့ နောက်မှာဒုက္ခရောက်နေတဲ့ ဆင်းရဲ ခွမ်းပါးသူ မိန်းကလေးတစ်ယောက်ကို မုန့်ထမင်းဆိုင်ထမ်းလေး ပေးပြီး မြို့ကထွက်ခဲ့တယ်။ နောက်ပိုင်းမှာအမေဟာ မြို့တကာလှည့်ပြီး စီးပွါးရေး လုပ်ငန်းအမျိုးမျိုးလုပ်ခဲ့တယ်။ထာကာဆိုင်၊ထမင်းဆိုင်၊ မုန့်ဆိုင် စသည် ဖြင့် စုံနေအောင် လုပ်ခဲ့တယ်၊အမေ့လုပ်ငန်းတွေ အားလုံး ဦးချိန်တီရဲ့ ကျေးဇူးကြောင့် တော်တော်နဲ့ရုံအားနိုက်ရုံနဲ့ အောင်မြင်ခဲ့တယ်။ အမေဟာ ဆိုင်ဖွင့်လို့ အောင်မြင်ပြီဆိုရင်အခက်အခဲတွေ့နေသူ တစ်ယောက်ယောက်ကို ပေးလိုက်ပြီး မြို့က

www.burmeseclassic.com



ထွက်လာခဲ့တာပဲ။ ဒါဟာ အဖေ့ရဲ့ ကျေးဇူးရှင် ဆရာကြီးဦးချိန်တီ ကြောင့်ပါ၊ အခု ဦးချိန်တီကို ကျေးဇူးပြန်ဆပ် ခွင့်ရပြီ'

ဟုပြောလိုက်လေ၏။နေဘုန်းက ဖခင်၏ မျက်နှာကို ကြည့်ပြီး

'ဘယ်လိုပြန်ဆပ်ခွင့်ရတာလဲ အဖေ'

ဟုမေးမြန်းလိုက်လေ၏။ ဖခင်က သက်ပြင်းချပြီး

'အခု‥ အဖေ့ရဲ့ ကျေးဇူးရှင် ဆရာကြီး မရှိတော့ဘူးကွယ်‥ လွန်ခဲ့တဲ့ နှစ်က မကွေးမှာ အဖေအလုပ်လုပ်နေတုန်း အဖေ့ရဲ့ ဆိုင်ကို အလွန်ချောမောလှပတဲ့ တရုတ်မလေး တစ်ယောက်ရောက်လာတယ်၊ တရုတ်မလေးက ကျေးဇူးရှင် ဆရာကြီး ဦးချိန်တီရဲ့ တူမလေးလို့ သိရတယ်။ တရုတ်မလေးဟာ အဖေ့ဆိုင်ရဲ့ ခြောက်ထောင့်ကြယ် အမှတ်တံဆိပ်လေးကို ကြည့်ပြီး အဖေ့ဆီကို ရောက်လာတာပဲ၊ တရုတ်မလေးနဲ့ တွေ့မှ အဖေ့ကျေးဇူးရှင် ဆရာကြီး လုပ်ကြံခံလိုက်ရတယ် ဆိုတာ သိတယ်။ ဆရာကြီးကို လုပ်ကြံသွားတာ သူ့ရဲ့ လူယုံဝမ်ယုဘဲ။ ဝမ်ယုဟာ ဆရာကြီးနဲ့ နှစ်ပေါင်းများစွာ အနီးကပ် နေထိုင်ခဲ့ပြီးမှ ဆရာကြီးသောက်မဲ့ ကျောက်စိမ်းအားဆေးထဲမှာ အဆိပ်ခတ်ပြီး လုပ်ကြံခဲ့တာပဲ'





ဟုပြောလေ၏။နေဘုန်းက သက်ပြင်းချပြီး

'တော်တော်သစ္စာမဲ့တာပဲ၊ သူက ဘာဖြစ်လို့ ဆရာကြီးကို လုပ်ကြံတာလဲ'

ဟုမေးမြန်းလိုက်၏။

'ဦးချိန်တီတို့ မျိုးရိုးစဉ်ဆက်ဟာ ပြည်ကြီးမှာနေကတည်းက လျှို့ဝှက်ဆန်းကြယ်တဲ့ လောကီပညာတွေတွေကို လိုက်စားခဲ့တယ်။ သူတို့မျိုးရိုးစဉ်ဆက် ထိမ်းသိမ်းထားတဲ့ ကျမ်းမြတ်မဟာဆိုတဲ့ လောကီ ပညာကျမ်းကြီး တစ်စောင်လဲ ရှိတယ်၊ ဒီကျမ်းကြီးမှာ လောကီပညာနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်တွေကို အတော်စုံစုံလင်လင် ဖော်ပြထား တယ်၊ ဒီကျမ်းထဲက ပညာရပ်တွေကို မသမာသူတွေ လက်ထဲကို မရောက်အောင် လျှို့ဝှက်ပြီး ထိမ်းသိမ်းခဲ့ရတယ်။ လူယုတ်မာ ဝမ်ယုဟာ ကျမ်းမြတ်မဟာ ဦးချိန်တီ ဆီမှာ ရှိတယ်လို့ ယုံကြည်တယ်၊ ဒါကြောင့် ဦးချိန်တီဆီမှာ နှစ်ပေါင်းများစွာ အယုံသွင်း နေထိုင်ပြီး အဆိပ်ခတ် လုပ်ကြံခဲ့တာပဲ၊ လူယုတ်မာဝမ်ယုရဲ့လက်ထဲမှာ ကျမ်းမြတ်မဟာ ပါသွား ပြီ၊ ငါ့သား တာဝန်က လူယုတ်မာဝမ်ယုကို မရရအောင်ရှာဖွေပြီး ကျမ်းမြတ်မဟာကို ရယူပေးရမယ်၊ ကျမ်းမြတ်မဟာကို ပြန်ရရင်



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းကေရီရဲ့ လက်ကို အပ်ရမယ်"

ဟုပြောလေ၏။ ဖခင်၏ စကားကြောင့် နေဘုန်းက မျက်မှောင်ကြုတ်ပြီး

"ဒေါင်းကေရီဟုတ်လား၊ ဘယ်က ဒေါင်းကေရီကပါလာရတာလဲ"

ဟုမေးမြန်းလိုက်ရာ ဦးကြည်မောင်က

"ဆရာကြီးရဲ့ မြေးမလေး နံမည်ကွ၊ သူ့ရဲ့ တရုတ်အမည်ကို ဘာသာပြန်လိုက်ရင် ဒေါင်းကေရီဆိုတဲ့ အဓိပ္ပာယ်ရတယ်၊ ဒေါင်းကေရီဟာ လောလောဆယ် မေမြို့မှာ ရောက်နေတယ်၊ အဖေလဲ လူယုတ်မာဝမ်ယုကို ရှာနေတာ အတော်ကြာပြီကွ၊ ဒါပေမဲ့ ဝမ်ယုရဲ့ အရိပ်အယောင်ကိုတောင် မမြင်သေးဘူး၊ ဝမ်ယုနဲ့ပတ်သက်တဲ့ သဲလွန်စ အမှတ်အသားဆိုလို့ သူ့ရဲ့ ညာဘက်နဖူးမှာ အမာရွတ်ကြီး တစ်ခု ရှိတယ်ဆိုတာပဲ သိတယ်၊ ဝမ်ယုရဲ့ သတင်းကို လောကီပညာရှင် အချင်းချင်းပိုသိတယ်၊ သူဟာလွန်ခဲ့တဲ့ နှစ်က ပုပ္ပားတောင်နဲ့ ကေလာသတောင်မှာ တွေ့ရတာတယ်လို့ သတင်းရလို့ လိုက်ကြည့်ပေမဲ့ ဒီနေ့ထိ အရိပ်အယောင်တောင် မမြင်သေးဘူး၊ ငါ့သားလောလောဆယ် မေမြို့ကိုသွားပြီး ဒေါင်းကေရီနဲ့ တွေ့ပါ၊ ဒေါင်းကေရီနဲ့တွေ့ရင် ကျမ်းမြတ်မဟာကို အဖေ့ ကိုယ်စား





ဆက်ပြီး ရှာဖွေမယ်လို့ ပြောပါ၊ လူလေးတာဝန်က လူယုတ်မာဝမ်ယုကို မတွေ့တွေ့အောင် ရှာပြီး သူ့လက်ထဲက ကျမ်းမြတ်မဟာကို ဒေါင်းကေရီ လက်ထဲအပ်ဖို့ပဲ၊ ဆရာကြီးဦးချိန်တီဟာ အဖေ့တို့မျိုးအပေါ်မှာ ကျေးဇူးရှိတယ်၊ သူ့ကျေးဇူးကို အဖေ့ကိုယ်စား သားပြန်ဆပ်ရမယ်"

ဟုပြောလေ၏။နေဘုန်းက ဖခင်၏ စကားကို မြေဝယ်မကျစေရ ထောင်ရန် ဆုံးဖြတ်လိုက်ပြီး

"စိတ်ချပါအဖေ - အဖေစေခိုင်းတဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပါ့မယ်"

ဟုကတိပေးလိုက်လေ၏။ ဖခင်က နေဘုန်း၏ ပခုံးကို ဖက်ပြီး

"ဒါမှ အဖေ့သားစစ်စစ်ကွ"

ဟု အားရဝမ်းသာ ချီးမွမ်းလိုက်လေ၏။နေဘုန်းသည် နောက်တစ်နေ့မှာပင် မေမြို့သို့ ထွက်ခွာခဲ့လေတော့၏။

***



www.burmeseclassic.com

www.burmeseclassic.com



နေဘုန်းသည် မန္တလေးသို့ ရောက်သောအခါ တောင်ပေါ်တက်မည့် လော်ရီကားကြီးများ တန်းစီရပ်ထားသော နေရာသို့ ထွက်ခဲ့လေ၏။

ထိုအရပ်၌ စားသောက်ဆိုင်တန်းများ ရှိပြီး တောင်ပေါ်သို့ မတက်မီ ကားများကို ခေတ္တအနားပေးပြီး ဆီ၊ ရေ၊ လေ၊ ဝိုင် စစ်ဆေးကြ၏။

ဒရိုင်ဘာနှင့် စပါယ်ရာများလည်း ခေတ္တအပန်းဖြေကြလေ၏။ နေဘုန်းသည် ကားကြုံလိုက်ရန် လိုက်လံကြည့်ရှုရင်း ကားသမားများ နားခိုသော ကာကာဆိုင်ထဲသို့ ဝင်ရောက်ခဲ့လေ၏။

ကာကာဆိုင်ထဲသို့ ရောက်သောအခါ လက်ဖက်ရည်နှင့်





ဆီတ်စွပ် နံပြား ကိုမှာယူပြီး စားသောက်လေ၏။ ထိုအခိုက်မှာပင် ဆိုင်ထဲရှိ ဆူဆူညံနေသော အသံများ တိတ်ဆိတ်သွားသဖြင့် ဆိုင်ပေါက်ဝသို့ လှမ်းကြည့်လိုက်ရာ မျက်စိတစ်ဖက်လပ်လူထွားကြီး တစ်ယောက်ကို တွေ့ရပြီး လူထွားကြီးသည် ဆိုင်ခန်းထောင့်ရှိ စားပွဲသို့ ဦးတည်လျှောက် လှမ်းသွားလေရာ စားပွဲတွင် ထိုင်နေသော ဒရိုင်ဘာနှင့် စပါယ်ရာသည် ထိုင်နေရာမှ ကမန်းကတန်းထပြီး နေရာပေးလေ၏။

လူထွားကြီးသည် စားပွဲပေါ်ကို ခြေထောက်တစ်ဖက်တင်ရင်း ရှိုင်းစိုင်းစွာ ထိုင်လိုက်ပြီး ၎င်း၏ ညစ်စုတ်စုတ် ဦးထုပ်ကို စားပွဲပေါ်တွင် ပက်လက်လှန် ထားလိုက်လေ၏။

ထိုအခါ ဆိုင်ထဲရှိ လူများသည် ထိုင်နေရာမှ ထပြီး လူထွားကြီး၏ ပက်လက်လှန်ထားသော ဦးထုပ်ထဲသို့ ပိုက်ဆံများ ထည့်ပေးနေလေ၏။ လူထွားကြီးသည် ထိုနေရာ၌ ကျက်စားသော လူမိုက်တစ်ဦး ဖြစ်ပုံရ၏။

နေဘုန်းသည်နယ်ချဲ့ ကျွန်ဘဝ၌ မြန်မာအမျိုးသားအချင်းချင်း အနိုင်ကျင့်သော အပြုအမူကို လွန်စွာ ရွံရှာလှသဖြင့် အခွင့်ရခိုက် လူမိုက်ကို ပညာပေးရန် ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုကြောင့်အများနည်းတူ လူမိုက်အား မိုက်ကြေး မပေးဘဲနေ လေ၏။ ထိုအခါ အနီးသို့ ဆိုင်ရှင်ရှမ်းကြီး ရောက်လာပြီး

'ကောင်လေး…ဟိုမှာ ထိုင်နေတဲ့ လူမိုက်ကြီး ဦးတုပ်ထဲကို ပိုက်ဆံနည်းနည်း သွားထည့်လိုက် မထည့်ရင် မင်းကို ရန်ရှာနေလိမ့် မယ်'

ဟုတိုးတိုးပြောလိုက်လေ၏။ နေဘုန်းက ဆိုင်ရှင် ရှမ်းကြီး စကားကို နားထောင်ပြီး လေသံကျယ်ကျယ်ဖြင့်

'ဘာ…လူမိုက်ကြီးဟုတ်လား၊ မဖြစ်နိုင်တာဗျာ၊ ကျုပ်မြင်တာက လူမိုက်မဟုတ်ပါဘူး၊ သူတောင်းစားပါ ခြေတွေလက်တွေ အကောင်း ကြီးနဲ့ လူတွေဆီက လက်ဝါးဖြန့်တောင်းစားနေတာ သူတောင်းစားပေါ့'

ဟုပြောလိုက်ရာ ဆိုင်ရှင် ရှမ်းကြီးသည် အလွန်ထိတ်လန့်သွားပြီး နေဘုန်းအနီးမှ ခပ်သုတ်သုတ် ထွက်ခွါသွားလေ၏။နေဘုန်းစကား ကြောင့် လူမိုက်ကြီး ဒေါသပုန်ထသွားပြီး ဆိုင်ထဲရှိ လူများအားလုံး လည်း တုန်လှုပ် ခြောက်ခြားသွားလေ၏။ နေဘုန်းက လူမိုက်ကြီးကို ကြည့်ပြီး

'ဟေ့လူ…သူတောင်းစားလုပ်ပြီး အခန့်သားထိုင်မနေနဲ့ဗျာ





ပိုက်ဆံလိုချင်ရင် ကျုပ်စားပွဲရှေ့မှာ သနားကြပါခင်ဗျာလို့ ငေါင်နာနာ အသံနဲ့လာပြော'

ဟုပြောလိုက်လေရာ လူမိုက်ကြီးသည် ဒေါသပုန်ထပြီး

'ခွေးကောင်…သေပေတော့'

ဟု ကြုံးဝါးကာ နေဘုန်း၏ စားပွဲသို့ လျှောက်လှမ်းလာလေ၏။ နေဘုန်းက လူမိုက်ကြီးကို တုန်လှုပ်ဟန် မရှိဘဲ ဆီတ်စွပ်နံပြားကိုသာ အရသာခံပြီး စားသောက်နေလေ၏။

နေဘုန်း၏ အပြုအမူကို ကြည့်ပြီး လူအပေါင်းသည် ဒီကောင် လေး သေတော့မှာပဲဟု တွေးကြလေ၏။ နေဘုန်းသည် အနီးသို့ ရောက်လာသော လူမိုက်ကြီးကို မော့မကြည့်ဘဲ စားသောက်နေလေရာ လူမိုက်ကြီးသည် ဒေါသမထိန်းနိုင်တော့ဘဲ နေဘုန်းကို ဖြတ်ရိုက်လိုက် လေ၏။

နေဘုန်းက ထိုင်ရာကပင် မထဘဲ လူမိုက်ကြီး၏ ရိုက်ချက်ကို ရှောင်တိမ်းလိုက်ပြီး

'ဘယ်လိုဖြစ်တာလဲဗျ၊ စိတ်ရှည်ရှည်ထားစမ်းပါ၊ ကျုပ်စားပြီး ခင်ဗျားအတွက် ပိုက်ဆံတစ်မူး ချန်ကြွေမှာပါ'

www.burmeseclassic.com



ဟုဆိုလိုက်ရာ လူမိုက်ကြီးသည် ပိုမို ဒေါသ သွားပြီး ဒုတိယအကြိမ် တိုက်ခိုက်လိုက်ပြန်၏။ နေဘုန်းက ထိုအခါမှ စားလက်စ တန်းလန်းဖြင့် ထရပ်လိုက်ပြီး လူမိုက်ကြီး၏ ပေါင်ကြား ခြေဖြင့်တအား ဆောင့်ကန်လိုက်လေ၏။

လူမိုက်ကြီးသည် နေဘုန်း၏ ခြေကန်ချက်ကို ကျကျနန ထိသွား သောကြောင့် မြေပေါ်သို့ ဒူးညွှတ်ပြီး လဲကျသွားလေ၏။ နေဘုန်းသည် သူ၏ ခြေကန်ချက်ကိုစိတ်ချဟန်ဖြင့် အနောက်သို့လှည့်မကြည့် နံပြားကို ဆိတ်စွပ်ထဲသို့ နှစ်စားလိုက်ပြီး

"သူတောင်းစားက ရိုးရိုးမတောင်းဘူး၊ လုဖို့ယက်ဖို့ စဉ်းစားတယ်"

ဟုတစ်ဆိုင်လုံး ကြားအောင်ပြောလိုက်ရာ ဆိုင်ထဲရှိ လူများအား လုံး နေဘုန်းကို မယုံနိုင်ဟန်ဖြင့် ဝိုင်းဝန်း ကြည့်ရှုကြလေ၏။ နေဘုန်း သည် စကားဆုံးသည်နှင့် ပိုက်ဆံတစ်မူးကို စားပွဲပေါ်သို့ တင်လိုက်ပြီး ဆိုင်ထဲမှ ကျောခိုင်းထွက်ခဲ့လေ၏။

ထိုအခိုက်မှာပင် နေဘုန်း၏ လက်ချက်ကြောင့် မြေပေါ်တွင်ပြိုး ကျနေသော လူမိုက်ကြီးသည် လဲနေရာမှ လူးလဲထပြီး ခွေးခြေဖြင့်ရိုက် ရန် ပြေးလိုက်လာ၏။





နေဘုန်းသည် အနောက်မှ လှုပ်ရှားသံကြားသော်လည်း လှည့် ကြည့်ဘဲ အနီးရှိ ပြတင်းပေါက် ဒေါက်တိုင်ဖြင့်နောက်ပြန် ရိုက်ထည့် လိုက်ရာ လူမိုက်ကြီး၏ ခေါင်းတည့်တည့်ထိပြီး ပြိုလဲကျလေ၏။ နေဘုန်းသည် ယောကျ်ားစိတ် မရှိသော လူမိုက်ကို ကျောခိုင်းထွက်ခဲ့ လေ၏။

***



www.burmeseclassic.com

www.burmeseclassic.com



နေဘုန်းသည် လော်ရီကားကြီး တစ်စီးနှင့် မေမြို့သို့ ကားကြုံ လိုက်ခဲ့လေ၏။ မေမြို့သို့ ရောက်သောအခါ ကန်တော်ကြီးစောင်းရှိ အိမ်ကြီးတစ်အိမ်ရှေ့၌ လူခေါ်ခေါင်းလောင်းကို ညင်သာစွာ တီးလိုက်လေ၏။

ထိုအခါ ခြံကြီးထဲမှတုတ်ရှည်ကိုယ်စီကိုင်ထားသော မိန်းကလေး ငါးယောက်ထွက်လာပြီး တစ်ဦးက

'ဘာကိစ္စ ခေါင်းလောင်း တီးနေတာလဲ'

ဟုမေးမြန်းလိုက်၏။ နေဘုန်းက မိန်ကလေးများကို မျက်လုံးဝေ





ကြည့်ပြီး

'ဒေါင်းကေသရီနဲ့ တွေ့ချင်လို့ပါ၊ မင်းတို့ထဲက ဒေါင်းကေသရီ ဆိုတာ ဘယ်သူလဲ'

ဟုမေးမြန်းလိုက်၏။ မိန်းကလေးတစ်ဦးက

'ရှင်နဲ့ မမလေး တွေ့စရာအကြောင်း မရှိဘူး၊ ရှင်ပြန်ပါ'

ဟုမောင်းနှင်ထုတ်လေ၏။ နေဘုန်းက မိန်းကလေးများ၏ အပြုအမူကြောင့် ခေါင်းခါယမ်းလိုက်ပြီး

'ငါ ဒေါင်းကေသရီနဲ့ မတွေ့ဘဲ ပြန်စရာ အကြောင်းမရှိဘူး'

ဟုဆိုလိုက်၏။ မိန်းကလေးများသည် နေဘုန်း၏ စကားကြောင့် တစ်ယောက်မျက်နှာ တစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်လိုက်ပြီး နေဘုန်းကို ဝိုင်းရံလိုက်ကြ၏။

နေဘုန်းက မိန်းကလေးများကို မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး

'ဘာသဘောလဲ'

ဟုမေးမြန်းလိုက်လေ၏။ မိန်းကလေးတစ်ဦးက ရှေ့တိုးပြီး

'ရှင် ခြံထဲက ထွက်မသွားဘူး ဆိုရင် ကျွန်မတို့ကို အပြစ်မဆိုနဲ့ နော်'



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ နေဘုန်းက သက်ပြင်းချလိုက်ပြီး

'ကျုပ် ဒေါင်းကေရီကိုမတွေ့ဘဲ ပြန်လို့မရဘူး၊ မင်းတို့ ဒေါင်းကေရီကိုသာ ခေါ်ပေးပါ'

ဟုပြောလိုက်လေ၏။ မိန်းကလးတစ်ဦးက

'ရှင်နဲ့ ပြောစရာ အကြောင်းမရှိတော့ဘူး'

ဟုဆိုကာ နေဘုန်းကို တုတ်ရှည်ကိုယ်စီဖြင့် ဝိုင်းဝန်းတိုက်ခိုက်ကြလေ၏။ နေဘုန်းသည် မိန်းကလေးများ၏ တိုက်ခိုက်မှုကို ပြန်လည်ခုခံရလေ၏။ မိန်းကလေးများ၏ တိုက်ခိုက်မှုသည် တဖြည်းဖြည်း ပိုမို ပြင်းထန်လာသဖြင့် အသည်းအသန် ရှောင်တိမ်းရလေ၏။

နေဘုန်းသည် ၎င်းတို့၏ ရိုက်ချက်များကို ရှောင်တိမ်းရင်း

'ငါက မင်းတို့ရဲ့ ရန်သူမဟုတ်ဘူး၊ ရပ်လိုက်'

ဟုတားဆီးလေ၏။ မိန်းကလေးများသည် နေဘုန်း၏ စကားကို နားမဝင်ဘဲ အပြင်းအထန် တိုက်ခိုက်နေလေ၏။

နေဘုန်းသည် တုတ်ချက်များကို ရှောင်တိမ်း နေရုံဖြင့် မရတော့ဘဲ မိန်းကလေးတစ်ဦးကို ချုပ်ကိုင်ပြီး လက်ထဲရှိ တုတ်ကို လုယူလိုက်၏။





နေဘုန်းသည် လက်ထဲသို့ တုတ်ရောက်လာသောအခါ မိန်းကလေး၏ အောက်ပိုင်းကို တုတ်ဖြင့် အသာအယာ ရိုက်လိုက်ရာ မိန်းကလေးမြေပေါ်သို့လဲကျသွားလေ၏။ နေဘုန်းသည် လဲကျနေသော မိန်းကလေးကို ခြောက်လှန့်သည့် သဘောဖြင့် တုတ်ဖြင့်ရိုက်ရန် ချိန်ရွယ်လိုက်၏။

ထိုအခိုက်မှာပင်

'ရပ်လိုက်'

ဟူသော အသံကို ကြားလိုက်ရပြီး မိန်းကလေးများ အားလုံး တိုက်ခိုက်ခြင်းကို ရပ်တန့်လိုက်လေ၏။နေဘုန်းသည် အသံကြားရာသို့ လှည့်ကြည့်လိုက်သောအခါ အိမ်ပေါ်မှ ဆင်းလာသော မိန်းမလှတစ်ဦးကို တွေ့လိုက်ရ၏။ ထိုမိန်းမလှသည် ဒေါင်းကေရီပင် ဖြစ်မည်ထင်၏။

မိန်းမလှက နေဘုန်းကို စူးစိုက်ကြည့်ပြီး

'ရှင်ကျွန်မကို ဘာကြောင့်တွေ့ချင်တာလဲ'

ဟုမေးမြန်းလိုက်လေ၏။ နေဘုန်းက ဒေါင်းကေရီကို ကြည့်ပြီး

'ကျုပ်က ဒေါင်းကေရီရဲ့ တာဝန်ကို ထမ်းဆောင်ဖို့ ရောက်လာတာပါ၊ ကျုပ်အဖေက ဦးကြည်မောင်ပါ၊ ကျုပ်ကအဖေ့ကိုယ်စား



www.burmeseclassic.com

လာရောက်ခဲ့တာပါ'

ဟုပြောလေ၏။ ဒေါ်ငွေကေရီသည် နေဘုန်း၏ စကားကြောင့် အံ့ဩသွားပြီး

'ဟင်..ရှင်က ဦးကြည်မောင်ရဲ့ သားလား၊ ဒါဆိုရင် အိမ်ထဲကို ကြွပါဦးရှင်'

ဟုဆိုကာ နေဘုန်းကို ခမ်းနားကြီးကျယ်သော အိမ်ကြီးထဲသို့ ခေါ်ဆောင်သွားလေ၏။

ဒေါ်ငွေကေရီဆိုသော မိန်းမလှလေးသည် နေဘုန်းအား အိမ်ကြီး၏ အပေါ်ထပ်သို့ ခေါ်ဆောင်သွားပြီး ဝရန်တာ၌ လက်ဖက်သုပ်၊ ရေနွေးကြမ်း၊ ထန်းလျက်စသည်တို့ဖြင့် ဧည့်ခံလေ၏။ ဒေါ်ငွေကေရီက နေဘုန်းကို စားသောက်ဖွယ်ရာ များဖြင့် ဧည့်ခံရင်း

'ရှင်တို့ သားအဖလဲ ကျွန်မတို့အတွက် ဒုက္ခခံနေပြီနော်၊ အားနာလိုက်တာ'

ဟုဆိုလိုက်ရာ နေဘုန်းက

'ကျုပ်တို့ သားအဖဟာ အပေါ်မှာ ဆရာကြီးဦးချိန်တီရဲ့ ကျေးဇူးတွေရှိပါတယ်၊ အားနာစရာ မရှိပါဘူး'





ဟုပြောလေ၏။ဒေါ်ငွေကေရီက နေဘုန်း၏ မျက်နှာကို ကြည့်ရင်း

'ရှင်ကျွန်မရဲ့ အိမ်မှာ အေးအေးဆေးဆေး နေပါဦးရှင်'

ဟုဖိတ်ခေါ်လေရာ နေဘုန်းသည် ဒေါ်ငွေကေရီ၏နေအိမ်၌ သုံးရက် တိတိ နေထိုင်ခဲ့လေ၏။ ထိုသို့နေထိုင်သော သုံးရက်တာ ကာလအတွင်း နေဘုန်းနှင့် ဒေါ်ငွေကေရီသည် တစ်ဦးနှင့်တစ်ဦးများစွာ ရင်းနှီးခဲ့လေ၏။

တစ်ဦး၏ ရင်သို့တစ်ဦး ဖောက်ထွင်း မြင်ရသကဲ့သို့လည်း ခံစားရလေ၏။ ဒေါ်ငွေကေရီသည် နေဘုန်းနှင့် နေထိုင်ရခြင်းကို ပျော်ရွှင်ဟန်ဖြင့် ရှိလေ၏။ သူမ၏ ချိုသာသောအသံလေးဖြင့် ဘဝ နောက်ကြောင်းများကို ပြန်ပြောင်းပြောဆိုလေ၏။

နေဘုန်းသည်လည်း ဒေါ်ငွေကေရီ၏ ချိုသာသောအသံလေးကို နားထောင်လို့ မဝဘဲရှိလေ၏။နေဘုန်း၏ ဘဝတွင် ထိုကာလလေးများ သည် ကြည်နူးချမ်းမြေ့ဖွယ် အတိ ဖြစ်ခဲ့လေ၏။

***

www.burmeseclassic.com



နေဘုန်းသည် ဒေါင်းကေရီနှင့် သုံးရက်တိတိ နေထိုင်ခဲ့ပြီး လမ်းခွဲထွက်ခွာလာခဲ့လေ၏။ ဒေါင်းကေရီထံမှ ထွက်ခွာ လာခဲ့ပြီး နောက် ရင်ထဲတွင် အမျိုးအမည် မဖော်ပြနိုင်သောဝေဒနာ တစ်မျိုးဖြစ် ပေါ်ခဲ့လေ၏။

ထိုဝေဒနာသည် မည်သည့် ဝေဒနာမှန်း နေဘုန်းကိုယ်တိုင် ဝေခွဲမသိနိုင်ချေ။ နေဘုန်းသည် လူယုတ်မာ ဝမ်ယုကို ရှာဖွေပြီး ကျမ်းမြတ်မဟာကို ပြန်ယူမည်ဆိုသော်လည်း ဝမ်ယုနှင့် ပတ်သက်ပြီး နဖူးပြင်ပေါ်ရှိ အမာရွတ် တစ်ခုသာ သဲလွန်စအနေဖြင့် ရှိလေ၏။

ဝမ်ယုသည် တရုတ်နံမည် ဖြစ်သဖြင့် တရုတ်အမျိုးအသား





အများအပြားကို တွေ့ခဲ့သော်လည်း ထိုသူများသည် ဝမ်ယုမဟုတ်ချေ။ ဝမ်ယုကို ရှာဖွေရသည်မှာ ကောက်ရိုးပုံထဲက အပ်ကို ရှာရသကဲ့သို့ ရှိလေ၏။

နေဘုန်းသည် ဝမ်ယုက တရုတ်လူမျိုးဖြစ်သဖြင့် တရုတ်ရိုးရာ အဆွေ့အသက်များ ရှိရာ တရုတ်ဘုံကျောင်းများ၊ တရုတ်သင်္ချိုင်းများသို့ သွားပြီးဝမ်ယုကို ရှာဖွေလေ၏။

ရန်ကုန်၊ မန္တလေးရှိ တရုတ်တန်းများသို့လည်းသွားပြီး ဝမ်ယုကို ရှာဖွေလေ၏။ ထိုသို့ ရှာဖွေရင်း ဒေါင်းကေရီဆိုသော အမည်ဖြင့် ရောက်လေရာ အရပ်တွင် ရေချမ်းစင်ဆောက်ခြင်း၊ ရေတွင်းရေကန် တူးဖော်ခြင်းစသည့် ကုသိုလ်ကောင်းမှု အလုပ်များကို လုပ်ကိုင်ခဲ့လေ၏။

***



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ စည်ကားသော မြို့ကြီးတစ်မြို့၏ မြို့စွန် အရပ်၌ ရှိသောတရုတ်သင်္ချိုင်းသို့သွားပြီး ဝမ်ယုနှင့် ပတ်သက်သော သဲလွန်စကို ရှာဖွေလေ၏။ ထိုသင်္ချိုင်းကြီး၏ အလယ်၌ အလွန်ရှေးကျဟန်ရှိသော ဇရပ်ပျက်ကြီး တစ်ဆောင်ကို တွေ့ရလေ၏။

ထိုဇရပ်ပျက်ကြီး၏ လှေခါး၌ အေးချမ်းစွာ ထိုင်နေသော မုတ်ဆိတ်ဖြူအဘိုးကြီး တစ်ယောက်ကို တွေ့ရလေ၏။နေဘုန်းသည် မုတ်ဆိတ်ဖြူကြီးများ ရှိသော တရုတ်အဘိုးအိုကို ကြည့်ရင်း ကရုဏာ သက်သွားပြီး ကောင်းကင်ကို မော့ကြည့်ကာ





"နေဆောင်ထန်းတာများကို ရောက်နေပြီ၊ မုတ်ဆိတ်ဖြူအဘိုးအိုကို ကြည့်ရတာ ဘာမှ စားရပုံမရဘူး။သူ့ကို တစ်ခုခု စားဖို့လှူရမယ်"

ဟုဆိုကာ သင်္ချိုင်းထဲမှ ပြန်ထွက်ပြီး မလှမ်းမကမ်းရှိ စည်ကားသော ကာကာဆိုင်ကြီး တစ်ဆိုင်သို့ ရောက်ရှိသွားလေ၏။

ထိုဆိုင်သို့ ရောက်သောအခါ ပေါက်စီများကို ဝယ်ယူပြီး မုတ်ဆိတ်ဖြူအဘိုးအို စားသောက်ရန် သွားရောက် လှူဒါန်းလေ၏။

မုတ်ဆိတ်ဖြူအဘိုးအိုသည် နေဘုန်း သတင်းစာစက္ကူဖြင့် ထုပ်ယူလာသော ပေါက်စီများကို ကြည့်ရှုပြီး

"မန်ထို··မန်ထို"

ဟုတီးတိုးရေရွတ်လိုက်၏။ နေဘုန်းက အဘိုးအို၏ လက်ထဲသို့ ပေါက်စီများကို လှူဒါန်းလိုက်ပြီး

"မန်ထိုဆိုတာ ဘာလဲ"

ဟုမေးမြန်းလိုက်၏။ မုတ်ဆိတ်ဖြူအဘိုးအိုက လေသံတိုးတိုးနဲ့

"မန်ထို ဆိုတာပေါက်စီ"

ဟုဖြေလေ၏။ နေဘုန်းက အဘိုးအိုကို ကရုဏာသက်စွာ ကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'အဘိုးစားနော်..ကျုပ်သွားတော့မယ်'

ဟုဆိုလိုက်ရာ မုတ်ဆိတ်ဖြူအဘိုးအိုက ကြွေခရားထဲရှိ ရေနွေးကြမ်းများကို အလွန်သေးငယ်သော ကြွေခွက်ကလေးဖြင့် ငှဲ့လိုက်ပြီး နေဘုန်းကို ကမ်းပေးလိုက်၏။

နေဘုန်းသည် မုတ်ဆိတ်ဖြူအဘိုးအို၏ဝါကျင်ဟောင်းနွမ်းနေသော ကြွေခွက်ကို ကြည့်ပြီး ရွံ့ရှာသဖြင့်

'မသောက်တော့ဘူး'

ဟုပြောလိုက်၏။ အဘိုးအိုက ခေါင်းခါယမ်းပြီး

'သောက်ပါ'

ဟုထပ်ပြောလေ၏။ နေဘုန်းသည်မုတ်ဆိတ်ဖြူအဘိုးအို၏ စေတနာကို စော်ကားသလို ဖြစ်နေသဖြင့်သေးငယ်သော ခွက်လေးကို ယူပြီး ရေနွေးကြမ်းများကို မော့သောက်လိုက်လေ၏။

အဘိုးအို၏ ရေနွေးကြမ်းသည် အရောင်နီသော်လည်း ဖန်ခြင်း ခါးခြင်း မရှိဘဲ သောက်ပြီးနောက် ရင်ထဲတွင် အေးနဲ ဖြစ်သွားလေ၏။

နေဘုန်းက မုတ်ဆိတ်ဖြူအဘိုးအိုကို ကရုဏာသက်ဟန်ဖြင့် ကြည့်ပြီး





'ပေါက်စီတွေ စားနော်..အဘိုး ကျုပ်သွားတော့မယ်'

ဟုပြောပြီး ထွက်ခွာလာခဲ့၏။ အဘိုးအိုက နေဘုန်း၏ နောက်ကျောကို ကြည့်ပြီး

'ရှာနေသူ မြန်မြန်တွေ့ပါစေ'

ဟုရေရွတ်လိုက်လေ၏။ နေဘုန်းက အဘိုးအို၏ စကားကို နားစွန်နားဖျား ကြားရသဖြင့် အနောက်သို့လှည့်ပြီး

'ရှာနေသူကို မြန်မြန်တွေ့ပါစေ၊ဟုတ်လား'

ဟုမေးမြန်းလိုက်ရာ အဘိုးအိုက နေဘုန်း၏ စကားကို မကြားဟန်ဖြင့် ကြေခရားထဲမှ လက်ဖက်ရည်ကြမ်းကို ခွက်လေးထဲသို့ ငှဲ့ထည့်နေလေ၏။နေဘုန်းသည် မိမိ နားကြားလွဲခြင်းသာ ဖြစ်မည်ဟု ထင်မြင်ပြီး အဘိုးအို အနီးမှ ထွက်ခဲ့လေ၏။

နေဘုန်းသည် သချိုင်း ထွက်ပေါက်မုခ်ဦး၀ အနီးတွင် ဟောင်းနွမ်းသော အုတ်တိုက်တစ်လုံးကိုတွေ့ရ၏။ ထိုအုတ်တိုက်၏ အတွင်း၌ အင်္ဂတေဖြင့် ပြုလုပ်ထားသော အရုပ်များကို မြင်သဖြင့် နတ်ကွန်းဖြစ်မည်ထင်ရ၏။

နေဘုန်းသည် ဗဟုသုတ အလို့ငှါ နတ်ကွန်းတွင်းသို့ ၀င်ရောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုလေ၏။ ပြီးနောက် တရုတ်ရိုးရာနတ်ရုပ်များကို တစ်ရုပ်ပြီး တစ်ရုပ်ကြည့်ရှုသွားလေရာ နတ်ရုပ်အားလုံး ပလ္လင်ကိုယ်စီဖြင့် ထား ရှိကြောင်းတွေ့ရ၏။

အစွန်ဆုံးရှိ နတ်ရုပ် ရှိရာသို့ ရောက်သောအခါ ထိုနတ်ရုပ် သစ်သားပန်းပုလက်ရာဖြင့် မြင်ရပြီး လက်တစ်ဖက်က ရွှေချထားသော ရွှေတုံးကို ကိုင်ထားပြီး ကျန်လက်တစ်ဖက်ကတောင်ဝှေးကောက် ကောက်ကြီး တစ်ချောင်းကို ကိုင်ထားလေ၏။ နေဘုန်းသည် ထိုနတ်ရုပ် ၏ မျက်နှာကို ရုတ်တရက် ကြည့်ပြီး မျက်လုံးပြူးသွားလေ၏။

အဘယ်ကြောင့်ဆိုသော် နတ်ရုပ်၏ မျက်နှာသည် မိမိကို ရေနွေး ကြမ်းတိုက်ခဲ့သော မုတ်ဆိတ်ဖြူအဘိုးကြီး၏ မျက်နှာနှင့် ခွဲမရအောင် တူနေလေ၏။ နေဘုန်းသည် အံ့သြလွန်းသဖြင့် နတ်ရုပ်ကြီးကို မျက်လုံး ကျွတ်မတတ် ကြည့်ပြီး ဇရပ်ပျက်သို့ ပြန်သွားကာ မုတ်ဆိတ်ဖြူအဘိုး အိုကို ရှာဖွေလေ၏။သို့သော် အဘိုးအိုကို အရိပ်အယောင်ပင် မမြင်ရ တော့ချေ။

နေဘုန်းသည် မုတ်ဆိတ်ဖြူအဘိုးအိုကို တွေ့လိုတွေ့ငြား အနီး ပတ်ဝန်းကျင်တွင် ဟိုသည် ပြေးလွှားပြီး လိုက်လံ ရှာဖွေလေ၏။





သို့သော် အဘိုးအိုကို မည်သို့မျှ ရှာဖွေမတွေ့တော့ချေ။

နေဘုန်းသည် မုတ်ဆိတ်ဖြူအဘိုးအိုကို ရှာဖွေမတွေ့သဖြင့် စိတ်ပျက်လက်ပျက်ဖြင့် နတ်ကွန်း ရှိရာသို့ ပြန်ခဲ့လေ၏။ နတ်ကွန်းသို့ ရောက်သောအခါ နတ်ကွန်းစောင့်ဖြစ်ဟန်တူသော လူကြီးတစ်ယောက် ကို မြင်ရသဖြင့် နေဘုန်းက ဇရပ်ပျက်၌ မြင်တွေ့ခဲ့သော မုတ်ဆိတ်ဖြူ အဘိုးအိုသည် နတ်ကွန်းထဲရှိ နတ်ရုပ်နှင့် ရုပ်ရည် တစ်ပုံစံတည်း ဖြစ်ကြောင်း ပြောပြလေရာ နတ်ကွန်းစောင့် လူကြီးသည် နေဘုန်း၏ မျက်နှာကို မယုံနိုင်ဟန်ဖြင့် ကြည့်ကာ

"ဟင်…မင်း…မင်း တော်တော်ကံထူးတဲ့ ကောင်လေးပဲ… အဲဒါမြေစောင့်နတ်ဘိုးဘိုး တွာပေကုံးကွ၊ ကွမ်းတုံတရုတ်တွေကတော့ ထော်ကီကု လို့ခေါ်တယ်၊တရုတ်သချိုင်းတွေမှာ သူ့အတွက် ဘုံဗိမာန်ကို သီးသန့်ဆောက်ပေးရတယ်၊သူက မြေကြီးကို ပိုင်တဲ့နတ်ဘိုးဘိုးကွ၊ သူကရွှေငွေလက်ဝတ်ရတနာတွေ ပေးကမ်းနိုင်တယ်၊ မြေစောင့်နတ် ဘိုးဘိုးက စေတနာကောင်းလို့ စောင်မရင် သူဌေးသူကြွယ်ကြီး ဖြစ်သွားနိုင်တယ်၊ မင်းတော်တော်ကံထူးတဲ့ ကောင်လေးကွာ၊ နတ် ဘိုးဘိုးဆီက မင်းဘာတွေတောင်းလိုက်သလဲ"

www.burmeseclassic.com



ဟုမေးမြန်းလေရာ နေဘုန်းသည် လူကြီး၏ စကားကို ယုံ ခက်ခက် ဖြစ်နေပြီးခေါင်းခါယမ်းကာ

'ဘာမှ မကောင်းလိုက်ပါဘူးဗျာ၊ ရေနွေးကြမ်းတစ်ခွက်တော့ သူ့အတင်းတိုက်လို့ အားနာပါးနာနဲ့ သောက်ခဲ့ရတယ်'

ဟုပြောလေရာ လူကြီးက နေဘုန်းကို အားမလိုအားမရဖြစ် ဟန်ဖြင့် ကြည့်ကာ

'ညံ့ပေ့ကွာ၊ မင်းတောင်းရင် ဘာမဆို ပေးနိုင်တယ်ကွ၊ အင်း ပေါ့ လေ -ရေနွေးကြမ်းတစ်ခွက်နဲ့ပဲ ထိုက်တန်တာကိုး၊ ဒါပေမဲ့ မြေစောင့်ဘိုးဘိုးရဲ့ ရေနွေးကြမ်း တစ်ခွက်သောက်ပြီးရင် မင်းတစ်သက် လုံး အနာရောဂါဘေးကင်းဝေးသွားပြီကွ၊ ဝမ်းသာပေတော့'

ဟုပြောလေ၏။ နေဘုန်းသည် ရေနွေးကြမ်းသောက်စဉ် ရင်ထဲတွင် အေးခနဲ ဖြစ်သွားပြီး ထူးခြားသော ခံစားမှု ဖြစ်ပေါ်ခဲ့ပုံကို သတိရမိလေ၏။

နေဘုန်းသည် တရုတ်သင်္ချိုင်းမှ ပြန်လာခဲ့ပြီးနောက် နတ်ကွန်း စောင့်လူကြီး၏ စကားမှန်မမှန် စဉ်းစားဆင်ခြင်နေမိ၏။ နတ်ကွန်းစောင့် လူကြီးသည် စိတ်မမှန်သူ တစ်ဦးဖြစ်နေသလော -အဘိုးကြီး၏ စကား





သည် သဘာဝလယ့်ကို ကင်းမဲ့နေသည့်အတွက် စိတ်ကူးဉာဏ်ဆင်ပြီး ပြောခြင်းပေလော။

ထိုသို့ စိတ်ကူးဉာဏ်ဆင်သည် ဆိုလျှင် မိမိကိုယ်တိုင် မြင်တွေ့ သော မုတ်ဆိတ်ဖြူ အဘိုးအိုသည် နတ်ကွန်းထဲရှိ မြေစောင့်ဘိုးဘိုးနှင့် ဆယ်ကြောင့် ရုပ်ချင်းခွဲမရအောင် ဆင်တူနေသနည်း။

နေဘုန်းသည် တွေးရင်း ခေါင်းထဲတွင် ရှုပ်ထွေးလာသဖြင့် ဆက်မတွေးနိုင်တော့ဘဲ ထိုကိစ္စကို မေ့ပျောက်ပစ်ရန်သာ စဉ်းစားမိ သ၏။

နေဘုန်းသည် မုတ်ဆိတ်ဖြူအဘိုးအို ပြောသောစကားကို လည်းသတိရပြန်၏။ မုတ်ဆိတ်ဖြူအဘိုးအိုက

'ရှာနေသူကို မြန်မြန်တွေ့ပါစေ'

ဟု တီးတိုးဆုတောင်းပေးခဲ့၏။ မုတ်ဆိတ်ဖြူအဘိုးအိုသည် မှန်တကယ် ဆုတောင်းခြင်းပေလော၊ မိမိ ထင်ယောင်ထင်မှား ဖြားမိခြင်းပေလော.....

***



www.burmeseclassic.com

www.burmeseclassic.com



နေဘုန်းသည် ရန်ကုန်မြို့သို့ မမျှော်လင့်ဘဲ ရောက်သွားလေ၏။ နေဘုန်းသည် ရန်ကုန်မြို့ထဲတွင် လှည့်လည်ရင် လူယုတ်မာ ဝမ်ယုကို ရှာဖွေရန် တရုတ်တန်း၌ ပေါက်စီသည်တစ်ဦး အသွင်ဖြင့် နေထိုင်လေ၏။

နေဘုန်းသည် ပေါက်စီများကို တရုတ်တန်းရှိ ပေါက်စီလုပ်သော တရုတ်ကြီးထံမှ တစ်ဆင့် ဝယ်ယူပြီး ရောင်းချလေ၏။

တစ်နေ့သ၌ နေဘုန်းသည် ဝမ့်ယုနှင့် ပတ်သက်သော သတင်း အစအနတစ်ခုကို ရရှိလေ၏။ထိုသတင်းအရ တရုတ်တန်းရှိ တရုတ်





ရာ ကိုးကွယ်မှု ဆိုင်ရာရုပ်ထုများရောင်းသော အမိန်းဆိုသည့် တရုတ် ကြီးနှင့် ဝမ်ယုသည် အလွန်ရင်းနှီးသူဖြစ်ကြောင်း သိရှိရလေ၏။

ထိုဝမ်ယု ဆိုသူ၏ နဖူးပြင်၌ အမာရွတ် တစ်ခု ရှိကြောင်းလည်း သိရ၏။ တရုတ်ကြီးအမိန်းထံသို့ ဝမ်ယုဆိုသူ မကြာခဏ ရောက် လာလေ့ ရှိပြီးလောကီပညာရပ်များကို ဆွေးနွေးလေ့ရှိကြောင်းသိရ လေ၏။

ထိုအချိန်မှစပြီး နေဘုန်းသည် တရုတ်ကြီးအမိန်း၏ ကိုးကွယ် ယုံကြည်မှုဆိုင်ရာ ရုပ်ထုများ ရောင်းသော ဆိုင်ပတ်ဝန်းကျင်တွင် အမြဲ ပေါက်စီရောင်းနေလေ၏။ တစ်နေ့တွင် တရုတ်ကြီးအမိန်း၏ ဆိုင်ရှေ့သို့ လွန်စွာခမ်းနားသော ကားနက်ကြီး တစ်စီး ထိုးရပ်လာပြီး ထိုကားပေါ်မှ ဗိုးဖဲကတ္တီပါဝတ်ဆင်ထားသော တရုတ်အမျိုးသမီး တစ်ယောက်ဆင်း လာကာ အမိန်းဆိုင်မှ အန်းကုံးဘိုးတော်ရုပ်တစ်ရုပ်ဝယ်ယူလေ၏။

တရုတ်ကြီးအမိန်းက အန်းကုံးဘိုးတော်နှင့် ပတ်သက်ပြီး ကျကျ နန ရှင်းလင်းကာ ရောင်းချလိုက်လေ၏။လှကုံထံ တရုတ်အမျိုးသမီး သည် အန်းကုံးဘိုးတော် အရုပ်ကိုပိုက်ပြီး ကားဆီသို့ ပြေးလေ၏။ သို့သော် ကားအနီးသို့ မရောက်မီ ပေါက်စီသည် နေဘုန်းကို မမြင်ဘဲ

www.burmeseclassic.com



တိုက်မိရာ အန်းကုံးဘိုးတော်ရုပ် မြေပေါ်သို့ လွတ်ကျလေ၏။

ထိုအခါ နေဘုန်းက သိုင်းသမားပီပီ ခြေမြန်လက်မြန်ဖြင့် လှမ်းဖမ်းလိုက်ရာကောင်းထောက်မစွာဖြင့် အုန်းကုန်းဘိုးတော် မြေပေါ်သို့ ကျမကျခဲ့ချေ။

သို့သော် လှကုံထံ မိန်းမသည် နေဘုန်းကို လမ်းဘေးဈေးသည် ဟု ယူဆကာရွံ့ရှာသောအကြည့်ဖြင့် ကြည့်လိုက်ပြီး တရုတ်ကြီးအမိန်း အားတရုတ်ဘာသာဖြင့် အောက်ပါအဓိပ္ပာယ်ရသောစကားကို ဆိုလေ၏။

‘ရှင့်ဆိုင်ရှေ့မှာ ဒီလို အောက်တန်းကျတဲ့ မြန်မာသူတောင်းစား တွေကိုဘာလို့ ဈေးရောင်းခိုင်းရတာလဲ၊ ဒီကောင်မျိုးတွေရဲ့ လက်နဲ့ထိပြီး တဲ့ အန်းကုန်းကို ကျွန်မ မကိုးကွယ်ချင်တော့ဘူး’

ဟုပြောလေ၏။နေဘုန်းသည် လှကုံထံ အမျိုးသမီး၏တရုတ် စကားကို ကောင်းစွာနားလည်သဖြင့် ဒေါသဖြစ်သွားပြီး

‘ဒီမှာ…ကျုပ်ကောင်းချောင်းကောင်းဝယ် လုပ်စားနေတာ၊ သူ တောင်းစား မဟုတ်ဘူး၊ ခင်ဗျားရဲ့ အမ်းကုံးဘိုးတော်ကို ကျုပ် ပြန် လျှော်ပေးမယ်’

ဟု ဆိုလိုက်ရာ အမျိုးသမီးက နေဘုန်းကို မျက်နှာမဲ့လိုက်ပြီး





‘မလိုဘူး၊ သူတောင်းစားတွေနဲ့ ငါမဆက်ဆံဘူး’

ဟုဆိုကာ ကားပေါ်သို့ တက်ပြီး ဒရိုင်ဘာကို မောင်းနှင်ခိုင်း လိုက်လေ၏။ နေဘုန်းသည် လှကုံထံ တရုတ်အမျိုးသမီး ၏နောက် ကျောကို ကြည့်ပြီးမကျေမချမ်း တက်ခေါက်လိုက်မိလေ၏။

ထိုအခါ တရုတ်ကြီးအမိန်းက နေဘုန်းကို အားနာဟန်ဖြင့် ကြည့်ပြီး

‘ထိုက်မေက ဒီလိုပဲကွ၊ ပိုက်ဆံချမ်းသာလို့ မာန်မာနသိပ်ကြီး တယ်၊ ဘုန်းကြီးလမ်းမှာ ထိုက်မေ ရတနာရွှေဆိုင် ဆိုတာ ကြားဖူး တယ် မဟုတ်လား’

ဟုပြောလေရာ နေဘုန်းက ထိုက်မေဟုသော အမည်ကို ရင်ထဲ တွင် စွဲနေအောင် မှတ်သားထားလေ၏။တစ်နေ့ အခွင့်ကြုံလျှင် မာနကြီး လှသော မိန်းမကို ပညာပေးရပေမည်။

***



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် နေဘုန်းစောင့်မျှော်နေသော ဝမ်ယုသည် တရုတ်ကြီး အမိန်းဆိုင်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလေ၏။ နေဘုန်းသည် တရုတ်ကျောင်းသူနှစ်ယောက်ကို ပေါက်စီရောင်းနေစဉ် တရုတ်ကြီး အမိန်းက အသက် ၄၀ ဝန်းကျင် လူတစ်ယောက်အား ဝမ်းသာလိုက်လှဲသော အမူအယာဖြင့်

'မိတ်ဆွေကြီး ဝမ်ယု၊ တွေ့ရတာ ဝမ်းသာလိုက်တာ၊ ဘယ်ရောက်နေလဲ'

ဟုနှုတ်ဆက်လိုက်လေ၏။ နေဘုန်းသည် ဝမ်ယုဟူသော





အမည်ကို ကြားသဖြင့် ရင်ထဲတွင် လှပ်ခနဲ ဖြစ်ပြီး မိမိအရွယ်ရှိသူကို လှမ်းကြည့်လိုက်ရာ နဖူး၌ အမာရွတ်ကြီးတစ်ခုကိုရှိသဖြင့် မိမိရှာဖွေနေသော ဝမ်ယုဖြစ်ကြောင်း သေချာသွားလေ၏။

နေဘုန်းသည် ခမောက်ကို ခပ်ငိုက်ငိုက်ဆောင်းလိုက်ပြီး ၎င်းတို့၏ စကားကိုမသိမသာ နားထောင်နေလေ၏။ ဝမ်ယုသည် သာယာစွာ မြို့၌ နေထိုင်ရင်း တရုတ်တိုင်းရင်းဆေးတစ်မျိုးကို ဖော်ထုတ် ရောင်းချပြီး အဆင်ပြေနေကြောင်းကြားရ၏။

ဝမ်ယု၏ တိုင်းရင်းဆေးအမည်မှာ တရုတ်ဒဏ္ဍာရီလာ မျောက်မင်းအမည် စွန်းဝူခုံး ဖြစ်ကြောင်း သိရ၏။ တရုတ်ကြီး အမိန်းက ဝမ်ယုနှင့် စကားလက်ဆုံကျရင်း တရုတ်ဟိုတယ်တစ်ခုသို့ နေလယ်စာ စားရန် ထွက်ခွာသွားလေ၏။

နေဘုန်းသည် မိမိ တာဝန်ဝတ္တရားများကျေပွန်အောင် အမြန်ဆုံး ထမ်းဆောင်ရန် ဆုံးဖြတ်လိုက်လေ၏။ ဝမ်ယုနှင့် ထိပ်တိုက် တွေ့ဆုံရပေတော့မည်။ လူယုတ်မာ ဝမ်ယုထံမှ ကျမ်းမြတ်မဟာကို ပြန်လည် ရယူပြီး ဒေါင်းကေရီကို ပြန်လည်ပေးအပ်ရပေမည်။

***

www.burmeseclassic.com



နေဘုန်းသည် တစ်ပတ်ခန့် ကြာသောအခါ သာယာဝတီမြို့သို့ ထွက်ခွာသွားပြီး ဝမ်ယု၏ စွန်းဝူခုံးဆေးတိုက်သို့ သွားကာ အဝတ်အစား ဘက်တွင် စွန်းဝူခုန်းတရုတ်တိုင်းရင်းဆေးကို ကိုယ်စားလှယ်ယူလို ကြောင်း ပြောဆိုလေရာ ဝမ်ယုက ကောင်းမွန်စွာ လက်ခံပြီး သူ၏ အိမ်တွင် တည်းခို စေလေ၏။

ပြီးတော့ သူ၏ မန်နေဂျာ လီလီဆိုသော တရုတ်အမျိုးသမီး လေးအား စွမ်းဝူခုန်း ဆေးထုတ်လုပ်ရေး လုပ်ငန်းကို လိုက်လံပြသစေ၏။ စွမ်းဝူခုန်း တိုင်းရင်းဆေးကို မိန်းမပျိုအယောက် ၂၀ ခန့်ဖြင့် ထုတ်လုပ်ကြောင်း တွေ့ရလေ၏။ ဝမ်ယု၏ ဆေးဝါးထုတ်လုပ်သော





နေရာသည် ခြံဝန်းကျယ်ကြီး၏ ကပ်လျက် ဂိုဒေါင်တွင် တွေ့ရလေ၏။

နေဘုန်းသည် ဝမ်ယု၏ နေအိမ်တွင် နေထိုင်ရင်း ဆရာကြီး ဦးချိန့်တီ၏ ကျမ်းမြတ်မဟာကို ရှာဖွေရန် ကြိုးစားလေ၏။ နေဘုန်း သည် မနက်စောစောထပြီး ကိုယ်လက်လှုပ်ရှားဟန်ဆောင်ပြီး ခြံကြီး အတွင်း လှည့်လည် ကြည့်ရှုလေ၏။

ထိုအခါ ခြံကြီး၏ တစ်နေရာတွင် အိမ်ငယ်လေးတစ်လုံး သီးသန့်ရှိကြောင်း တွေ့ရှိရလေ၏။ နေဘုန်းသည် ညသို့ရောက်သော အခါ ပြတင်းပေါက်ကို ဓားဖြင့် ကလန့်ပြီး ပြတင်းပေါက်မှ ကျော်လွှား ထွက်လေ၏။ ပြီးနောက် အိမ်ကလေးသို့သွားပြီးချောင်းမြောင်း ကြည့်ရှု လေရာ အိမ်လေးထဲတွင် ဝမ်ယု ရှိနေကြောင်းတွေ့ရလေ၏။

နေဘုန်းသည် ဝမ်ယုနှင့် ထိပ်တိုက် မတွေ့သဖြင့် နောက်တစ် ကြိမ် ကြိုးစားကြည့်ရန် ကြံစည်လေ၏။ နောက်နေ့ညသို့ ရောက်သော အခါ အိမ်ငယ်လေးအနီးသို့ချည်းကပ်သွားပြန်၏။ ထိုအခါ အိမ်ငယ် လေး တစ်ခုလုံး မှောင်အတိဖုံးလွှမ်းနေသဖြင့် ဝမ်ယု မရှိကြောင်းသေချာ သွားလေ၏။ နေဘုန်းသည် အိမ်ငယ်လေး၏ တံခါးကို ဓားမြှောင်ဖြင့် ကလန့်ပြီးအိမ်ထဲသို့ ဝင်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲသို့ ရောက်သောအခါ ဆေးကျမ်းမျိုးစုံ ပါရှိသော စာအုပ်စင်ကြီးကို တွေ့ရလေ၏။ နေဘုန်းသည် လက်နှိပ်ဓါတ်မီးကို ခပ်အုပ်အုပ်ထွန်းပြီး ကျမ်းမြတ်မဟာကို ရှာဖွေလေ၏။ အတန်ကြာအောင် ရှာဖွေပြီးနောက် သော့ခတ်ထားသော ဗီရိုငယ်လေး တစ်လုံးထဲတွင် သီးသန့် ထည့်ထားသော ကျမ်းမြတ်မဟာကို တွေ့ရလေ၏။

ကျမ်းမြတ်မဟာကို သားရေဖုံး အညိုရောင်ဖုံးထားပြီး ၂ လက်မခန့် အထူရှိလေ၏။ နေဘုန်းသည် စိတ်လှုပ်ရှားစွာဖြင့် ကျမ်းမြတ်မဟာကို ယူရန် လက်လှမ်းလိုက်၏။ ထိုအခိုက်မှာပင် မီးများလင်းထိန်သွားပြီး နေဘုန်း၏ အနောက်မှ တဟားဟား ရယ်မောလိုက်သောအသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ ဝမ်ယုကို တွေ့ရလေ၏။

ဝမ်ယုက နေဘုန်းကို မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကြည့်ပြီး

'မင်းကို မသင်္ကာလို့ စောင့်ကြည့်နေတာကြာပြီ၊ လက်စသတ်တော့ မင်းက ကျမ်းမြတ်မဟာကို ခိုးဖို့ကြံနေတာကိုး'

ဟုပြောလိုက်လေ၏။ နေဘုန်းသည် ဝမ်ယုကို တည်ငြိမ်စွာ





ရင်ဆိုင်လိုက်ပြီး

'ခင်ဗျား သိသွားတော့လဲ ဟန်ဆောင်မနေတော့ပါဘူးဗျာ၊ ကျမ်းမြတ်မဟာကို ကျုပ်နဲ့ ပြန်ထည့်ပေးလိုက်ပါ၊ ခင်ဗျား ဆရာကြီး ဦးချိန်တီကို ရက်ရက်စက်စက် လုပ်ကြံခဲ့ပေမဲ့ ခင်ဗျားအသက်ကို ကျုပ် ပြန်မတောင်းခံပါဘူး၊ ကျမ်းမြတ်မဟာကိုသာ အသာတကြည် ပြန်ပေးလိုက်ပါ'

ဟုတောင်းဆိုလိုက်လေ၏။ နေဘုန်း၏စကားကြောင့် ဝမ်ယုက ခေါင်းခါယမ်းလိုက်ပြီး

'ကျမ်းမြတ်မဟာအတွက် ငါ့တစ်သက်လုံး ရင်းခဲ့ရတာကွ၊ စျေးဗူးရှင်ဆရာကိုတောင် လုပ်ကြံခဲ့ပြီးပြီ သန်းခေါင်ထက် ညဥ့်မနက်တော့ပါဘူးကွာ'

ဟုပြောလေ၏။ နေဘုန်းက သက်ပြင်းချလိုက်ပြီး

'ဒါဆိုရင်တော့ ကျုပ်တို့နှစ်ယောက် သူသေကိုယ်သေ တိုက်ကြရလိမ့်မယ်၊ ကျုပ်လဲ ကျမ်းမြတ်မဟာ မပါဘဲ ဒီနေရာက မခွါနိုင်ဘူး'

ဟုပြောလိုက်လေ၏။ ဝမ်ယုသည် နေဘုန်းစကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချပြီး ဗိုရုံထဲသို့ ထွက်လိုက်လေ၏။ နေဘုန်းလည်း သူ၏ အနောက်သို့လိုက်ခဲ့လေ၏။

ဝမ်ယုက နေဘုန်းကို ရင်ဆိုင်လိုက်ပြီး

'မင်းလဲ ဆရာကြီးဦးချိန်တီနဲ့ ပတ်သက်နေသူမို့ ခေသူဖြစ်ပုံ မရဘူး'

ဟုဆိုကာ ပြင်းထန်သော တိုက်ကွက်များဖြင့် စတင်တိုက်ခိုက်လေ၏။ ဝမ်ယုသည် လက်နက်မဲ့ တိုက်ခိုက်ရေးပညာ၌ တစ်ဖက်ကမ်းခတ်အောင် ကျွမ်းကျင်ကြောင်း တွေ့ရလေ၏။

သူတို့သည် ကြမ်းပြင်တွင် တိုက်ခိုက်နေရာမှ စားပွဲဝိုင်းကြီးပေါ်သို့ ခုန်တက်ပြီး တိုက်ခိုက်ကြလေ၏။ နေဘုန်းသည် စားပွဲပေါ်တွင် တိုက်ခိုက်ရင်း ကံဆိုးစွာဖြင့် စားပွဲခြေထောက် ကျိုးသွားပြီး ကြမ်းပေါ်သို့ ခြေချော်ပြီးကျလေ၏။

ထိုအခါ ဝမ်ယုသည် ဗိုရုံတွင် ချိတ်ဆွဲထားသော လှံကို ဖြုတ်ယူပြီး နေဘုန်းကို လိုက်လံထိုးနှက်လေ၏။ နေဘုန်းသည် ကျဉ်းမြောင်းသော အခန်းငယ်လေးအတွင်း လှံကို ခက်ခဲစွာ ရှောင်တိမ်းရလေ၏။

တစ်ချိုတွင် ဝမ်ယု၏ လှံသည် နေဘုန်း၏ရင်ဝသို့ ထိုးစိုက်လုနီးနီး





ရောက်ရှိလာသဖြင့် ကိုယ်ကို အနောက်သို့ အရွမ်းကုန်လှန်ချပြီး ရှောင်တိမ်းလိုက်လေ၏။ နေဘုန်းသည် ခန္ဓာကိုယ် ပြန်မထမီ ဝမ်ယု၏ ခြေထောက်ကို ခြေဖြင့် သိမ်းရိုက်လိုက်လေ၏။

ဝမ်ယု မထင်မှတ်ဘဲလဲကျသွားသောအခါ လည်တိုင်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်လေ၏။

ဝမ်ယုသည် အငိုက်မိပြီးနေဘုန်း၏ လက်ဝါးစောင်း ထိမှန်ကာ တစ်ခါတည်း အသက်ထွက်သွားလေ၏။

နေဘုန်းသည် ဝမ်ယု၏ ခန္ဓာကိုယ်အနီးတွင် မောလှန်းသဖြင့် ခေတ္တအမောဖြေနေမိ၏။ နေဘုန်းသည် ဝမ်ယု၏ အလောင်းကြီးကို ကြည့်ပြီး သူ၏ခန္ဓာကိုယ်ကြီး၏ လောလောဆယ် လူမမြင်အောင် ဖွက်ထားရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ဗိုရုံထဲတွင် ရှိသော ထင်းရှူးသေတ္တာကြီးထဲသို့ ဝမ်ယု၏ အလောင်းကို ဝတ်လစ်စလစ် ထည့်ကာ သော့ခတ်လိုက်လေ၏။ ထိုသို့သော့ခတ်ပြီး လွန်ခဲ့သောလက မိမိကို

'အောက်တန်းကျတဲ့ မြန်မာသူတောင်းစား'

ဟု အထင်သေးအမြင်သေး ပြောသွားသော လူကုံထံ တရုတ်အမျိုးသမီးထိုက်မေ၏ မျက်နှာကို မြင်ယောင်လာလေ၏။ ထိုက်မေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော မိန်းမသည် ရတနာရွှေဆိုင်ကြီး တစ်ဆိုင်ကို ပိုင်ဆိုင်ထားသည် ဆို၏။

ရှိုင်းပြသော ထိုက်မေကို ပညာပေးရန် ဆုံးဖြတ်လိုက်ပြီး အနီးတွင် ရှိသော စုတ်တံနှင့် ဆေးဘူးကို ယူပြီး သေတ္တာကြီးပေါ်တွင် ထိုက်မေ ရတနာ ရွှေဆိုင် ဘုန်းကြီးလမ်းဟု ရေးသားလိုက်လေ၏။ ရန်ကုန်မြို့သို့ စုန်းဝှခုန်းဆေးများ ပို့သောအခါ ထင်းရှူးသေတ္တာကြီး လည်း ရောက်ရှိသွား မည်ထင်၏။

ဝမ်ယု၏ အလောင်းကြီးထည့်ထားသော ထင်းရှူးသေတ္တာကြီး ထိုက်မေထံသို့ ရောက်ရှိမည့် အရေးတွေးကာ ကျေနပ်ဟန်ဖြင့်ရယ်မော လိုက်လေ၏။နေဘုန်းသည် ထင်းရှူးသေတ္တာကြီးကို ထမ်းပြီး အနီးရှိ စွမ်းဝှခုန်းတိုင်းရင်းဆေး အလုပ်ရုံရှေ့တွင် ချထားလိုက်လေ၏။

နေဘုန်းသည် နောက်တစ်နေ့နံနက်တွင် ဝမ်ယု၏ မန်နေဂျာ လီလီဆိုသောမိန်းကလေးအား မကြာမီ တစ်ခေါက်ပြန်လာခဲ့ဦးမည်ဟု နှုတ်ဆက်ကာ ဝမ်ယု၏ အိမ်မှ ထွက်ခဲ့လေ၏။

နေဘုန်းသည် ကျမ်းမြတ်မဟာကို ရယူပြီးနောက် တစ်ကိုယ်လုံး လွတ်လပ်ပေါ့ပါးသယောင်လည်း ခံစားလိုက်ရလေ၏။ ဖခင်ပေးအပ်





သော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လိုက်နိုင်ချေပြီ။ ဖခင်၏ ကိုယ်စား ကျမ်းမြတ်မဟာကို ခေါင်းကေရီ၏ လက်သို့ အပ်နှံရပေတော့ မည်။

နေဘုန်းသည် ရန်ကုန်သို့ ရောက်သောအခါ ဘားလမ်းထဲရှိ တည်းခိုခန်းတစ်ခုတွင် တည်းခိုကာ ကျမ်းမြတ်မဟာကို စာတိုက်မှ တစ်ဆင့် ခေါင်းကေရီထံသို့ ပို့လိုက်လေ၏။ ခေါင်းကေရီထံသို့ သူကိုယ် တိုင် ကျမ်းမြတ်မဟာကို ပို့ဆောင်ချင်သော်လည်း မိမိကျူးလွန်သော ရာဇဝတ်မှု အရိပ်မည်းကြီး ခေါင်းကေရီထံသို့ ကူးရောက်မှာ စိုးသဖြင့် ကိုယ်တိုင် သွားရောက်ခြင်း မရှိခဲ့ချေ။

***



www.burmeseclassic.com

www.burmeseclassic.com



စုန်းဝူခုန်း ဆေးဝါးလုပ်ငန်းပိုင်ရှင် ဝမ်ယု အသက်ခံရသည့် သတင်း ကို သူရိယ၊သံတော်ဆင့်၊မြန်မာ့အလင်း သတင်းစာကြီးများတွင် အကျယ်တဝင့် ရေးသားဖော်ပြကြလေ၏။နောက်ဆုံး မိမိကျူးလွန်ခဲ့သော အမှုအခြေအနေကို သိရှိစေရန် သတင်းစာများကို နေ့စဉ် ဝယ်ယူဖတ်ရှုလေရာ မြန်မာ့အလင်းသတင်းစာကြီးက သေတ္တာထဲက စွန်းဝူခုန်းဟု စာလုံးမည်းကြီးများဖြင့် ဖော်ပြထားလေ၏။

သူကြီးဂေဇက် သတင်းစာကမူ လူကုံထံ တရုတ်အမျိုးသမီးနှင့် အလည်ရောက်လာသော သေတ္တာကြီးဟု ဖော်ပြထားလေ၏။သေတ္တာ





ထဲသို့ မိမိထည့်လိုက်သော ဝမ်ယု၏အလောင်းကြီးသည် မာနရှင် ထိုက်မေထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားပုံရ၏။ မိမိတို

"အောက်တန်းကျတဲ့ မြန်မာသူတောင်းစား"

ဟု ရင့်ရင့်သီးသီး ပြောသော ထိုက်မေတစ်ယောက် ဝမ်ယု၏ အလောင်းကြီးကို ကြည့်ကာ သွေးပျက်နေမည် ထင်၏။

***



www.burmeseclassic.com

www.burmeseclassic.com



နေဘုန်းသည် သတင်းစာများကို နေ့စဉ် ဝယ်ယူ ဖတ်ရှုနေလေရာ မြန်မာ့အလင်း သတင်းစာတွင် ပါဝင်သော သတင်းတစ်ပုဒ်ကို ဖတ်ရှုမိလေ၏။ ထိုသတင်းအရ အင်းစိန်ဘက်ရှိ ချောင်းကူတံတားလေး ဆွေးမြေ့နေသဖြင့် ကျောင်းသားလေးနှစ်ယောက် ချောင်းထဲသို့ ပြုတ်ကျကြောင်း သိရလေ၏။

ထိုသတင်းထဲတွင် ကျိုးသွားသော သစ်သားတံတား၏ ဓာတ်ပုံနှင့် ချောင်းထဲသို့ ပြုတ်ကျသော ကျောင်းသားနှစ်ယောက်၏ ဓါတ်ပုံ





လည်း ပါဝင်လေ၏။ သတင်းထောက်က ဆွေးမြေ့နေသော တံတားကို ပြုပြင်နိုင်သူ သူတော်ကောင်းပေါ်လျှင် သာဓုခေါ်လိုကြောင်း ရေးသားထားလေ၏။

နေဘုန်းသည် ထိုသတင်းကို ဖတ်ရှုပြီး ဆွေးမြေ့နေသော တံတားလေးကို အသစ်ပြုပြင်ချင်စိတ်များ ဖြစ်ပေါ်လာလေ၏။ ထို့ကြောင့်အင်းစိန်သို့ သွားပြီး ကျိုးကျနေသော တံတားကို မိမိ၏ငွေဖြင့် ပြုပြင်လိုကြောင်း ရပ်မိရပ်ဖများကို ခွင့်တောင်းလေ၏။

ထိုအခါ ရပ်မိရပ်ဖများကလည်း ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုလေ၏။ နေဘုန်းသည် ရပ်မိရပ်ဖများ၏ ခွင့်ပြုချက် ရပြီးနောက် လက်သမား ဆရာများကို ခေါ်ကာလိုအပ်သော သစ်သံများကို ဝယ်ယူပြီး ဆွေးမြေ့သော တံတားကို ပြုပြင်စေ၏။

လက်သမားများသည် တံတားကို သုံးရက်တိတိ ဆောက်လုပ်လေ၏။ နေဘုန်းသည် သုံးရက်ပြည့်သောအခါ ကားတစ်စီးကို ငှားရမ်းပြီး တံတားကို သွားရောက်ကြည့်ရှုလေ၏။

ထို့နောက် သစ်သားတံတားလေးကို သေသပ်ကျနစွာ ဆောက်လုပ်ပေးသော လက်သမားများကို ကျေးဇူးတင်ကြောင်း ပြောဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခများကို ရှင်းလင်းပေးလေ၏။

လက်သမားများ ထွက်ခွာသွားသောအခါ အသင့်ယူဆောင်လာသော ဆေးဘူးစုတ်တံတို့ဖြင့် တံတားလေး၏ လက်ရမ်းပေါ်တွင် ဒေါင်းကေရီ၏ ကောင်းမှုဟု ရေးသားလိုက်လေ၏။

ထိုအခိုက်မှာပင် သူ၏ အနောက်မှ လက်ခုပ်တီးသံ ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ လွန်စွာယောကျ်ားပီသပြီး ဆွဲဆောင်အားကောင်းသော လူတစ်ယောက်ကို တွေ့ရလေ၏။

နေဘုန်းက ထိုသူကို လှည့်ကြည့်ပြီး

'တံတားလေး ဆောက်ပြီး လှူဒါန်းခွင့်ရတာ ဝမ်းသာလိုက်တာဗျာ'

ဟုဆိုလိုက်ရာ ထိုသူက နေဘုန်းက တည်ကြည်စွာ ကြည့်လိုက်ပြီး

'သာဓုခေါ်ပါတယ်ဗျာ၊ မြန်မာပြည်အနှံ့မှာ ဒေါင်းကေရီ ဆိုတဲ့ အမည်နဲ့ အလှူဒါနလေးတွေလုပ်နေတာ ကောင်းရဲ့သားနဲ့ဗျာ၊ ဘာဖြစ်လို့ စွမ်းပူခုန်းဆေးတိုက်ပိုင်ရှင် ဝမ်ယုကိုသတ်ရတာလဲ'

ဟုပြောလိုက်ရာ နေဘုန်းသည် ထိုသူကို အံ့သြဟန်ဖြင့် ကြည့်





လိုက်လေ၏။ ထိုသူက စီးကရက်တစ်လိပ်ကို မီးညှိခါရှိုက်လိုက်ပြီး

'ကျုပ်က အင်းစိန်နီဘီအိုင်ဒီက ဆားပုလင်းမင်းအောင်ပါ။ ကိုနေဘုန်းကို စွမ်းပူခုန်းဆေးတိုက်ပိုင်ရှင် ဝမ်ယုကို သတ်မှုနဲ့ [illegible] လိုက်ပါပြီ'

ဟုဆိုလိုက်လေ၏။

နေဘုန်းသည် ဆားပုလင်းမင်းအောင်က မိမိအနောက်သို့ [illegible] ကောက်နိုင်ပြီဖြစ်ကြောင်း ရိပ်စားမိလိုက်လေ၏။ ထို့ကြောင့် သဘောကျဟန်ဖြင့် တဟားဟား ရယ်မောလိုက်ပြီး

'တော်ပါပေတယ် ဆားပုလင်းမင်းအောင်ရယ်‥ဒီလောက် ဖိဖိရိရိ ကျူးလွန်ခဲ့တဲ့ လူသတ်မှုကို ရအောင်ဖမ်းဆီးနိုင်တာ ချီးကျူးပါတယ်၊ ဘာပဲဖြစ်ဖြစ် ဆားပုလင်းမင်းအောင်လို မြန်မာနိုင်ငံ ပုလိပ်အဖွဲ့ရဲ့ အတော်ဆုံးလူလက်ထဲမှာ အဖမ်းခံရတာ ကျုပ်ဂုဏ်ယူပါတယ်'

ဟုပြောလိုက်လေ၏။ထိုအခါ ဆားပုလင်းမင်းအောင်က နေဘုန်းကို လေးစားဟန်ဖြင့်ကြည့်ပြီး

'ကိုနေဘုန်းလို သူရသတ္တိရှိတဲ့ လူတစ်ယောက်ကို [illegible] လက်ထိတ်မခတ်ချင်ဘူးဗျာ၊ ဒါကြောင့် ထွက်မပြေးပါဘူးလို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါဗျာ"

ဟုပြောလိုက်လေ၏။နေဘုန်းက သဘောကျဟန်ဖြင့် ရယ်မော လိုက်ပြီး

"ဖြိုင်ပွဲက ပြီးဆုံးသွားပြီ ကိုမင်းအောင် ၊ကျူပ်ရှုံးသွားပြီပဲ၊ ယောက်ျား ပီပီသသ ရင်ဆိုင်မှာပါ၊ ထွက်ပြေးတယ်ဆိုတာ လူညံ့တွေ အလုပ်ပါ"

ဟုပြောလိုက်လေ၏။ထိုအခါ ဆားပုလင်းမင်းအောင်က နေဘုန်း ကို သူ၏အပေါင်းအပါ စုံထောက်နှစ်ယောက်နှင့် မိတ်ဆက်ပေးပြီး အင်းစိန် စီအိုင်ဒီသို့ ခေါ်ဆောင်သွားလေ၏။

***





နေဘုန်း၏ အမှုအကြောင်းကို သူရိယ၊ သံတော်ဆင့် မြန်မာ့ အလင်း သတင်းစာကြီးများက တခမ်းတနားဖော်ပြကြလေ၏။ ဆားပုလင်းမင်းအောင်သည် နေဘုန်းလိုအပ်သော အကူအညီများကို ပေးလေ၏။

နေဘုန်းအတွက် ဘုံဘေရက်စတောရင့်မှ အိန္ဒိယ အစားအစာ များကို မှာယူပေးလေ၏။ ရိုးတိုက်မှ အကောင်းစား စီးကရက်များကို လည်း ဝယ်ယူပေးလေ၏။နေဘုန်း၏ တရားခွင်သို့ [illegible] ဦးထိပ်သီး ဦးစွာ ရောက်ရှိလာပြီး ၊



www.burmeseclassic.com

www.burmeseclassic.com



'ဘဝမှာ လျှောက်ဖို့လမ်းမရှိဘူး၊ လူတွေက လျှောက်ဖို့လမ်း ရှိတယ်ထင်ပြီး ရုန်းကန်နေကြတယ်၊ နောက်ဆုံးတော့ ကံကြမ္မာရဲ့ အလိုအတိုင်းပါပဲကွာ'

ဟုပြောလေ၏။ နေဘုန်း၏ဖခင် ဦးကြည်မောင်လည်း ရောက်ရှိလာပြီး

'အဖေတို့ မျိုးဆက်ရဲ့သမိုင်းကို ရေးနိုင်ခဲ့ပြီ··အဖေဂုဏ်ယူတယ်·· ငါ့သား'

ဟုပြောလေ၏။နေဘုန်း၏ အဒေါ်အပျိုကြီးကမူ

'သနားစရာကောင်းတဲ့ လူကလေး၊ မျိုးဆက်ရဲ့ဓားစာခံ ဖြစ်သွားရှာတယ်'

ဟုမချိတင်ကဲ ပြောလေ၏။ နေဘုန်း၏ အမှုကို စီရင်ချက်ချသောနေ့တွင် တရုတ်ပြည်သို့ ရောက်ရှိနေသော ဒေါ်ခင်ကေရီထံမှ စာတစ်စောင် ရောက်ရှိလာလေ၏။

*စွန့်လွှတ်စွန့်စားဝံ့တဲ့ ကိုနေဘုန်းအတွက် ဆုလာဘ်တစ်ခု ပေးချင်ပါတယ်၊ ရှင်ထောင်ကလွတ်လာတဲ့ အချိန်မှာ ရှင်ကို လာတွေ့ပြီး ကျွန်မရှင့်ကို 'လက်ထပ်ယူချင်ပါတယ်ရှင်···*





*ခွင့်ပြုပေးပါ။*

**(ခေါင်းတေ[illegible])**

ဟုရေးသားထားလေ၏။ နေဘုန်းသည် ခေါင်းတေရိုး[illegible] ဖတ်ရှုပြီး ရင်ထဲတွင် ကြည်နူးချမ်းမြေ့သွားလေ၏။

ထောင်ကလွတ်မည့်ရက်ကို မျှော်တွေးပြီး ပျော်ရွှင်သလို ဖြစ်သွားလေ၏။ နေဘုန်း၏ အမှုအတွက် ရုံးတော်မှ ထောက်ထားညှာတာသောအားဖြင့် ထောင်ဒဏ်(၇)နှစ်သာ အပြစ်ဒဏ် ချမှတ်ခဲ့လေ၏။

***



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအဖြစ်အပျက်များ ဖြစ်ပွါးပြီးနောက် (၁၀)နှစ်ခန့် အကြာတွင်ကျွန်ုပ်တို့ အင်းစိန် စီအိုင်ဒီသို့ စထရင်းဟိုတယ်တွင် ပြုလုပ်မည့် မင်္ဂလာဧည့်ခံပွဲအတွက် ဖိတ်စာတစ်စောင် ရောက်ရှိလာ၏။

မင်္ဂလာဆောင်မည့် သူများ၏ အမည်ကို ကြည့်လိုက်သောအခါ ကျွန်ုပ်တို့ ဇာတ်လိုက် ကိုနေဘုန်းနှင့်ဒေါင်းဇော်ရီ၏ မင်္ဂလာပွဲ ဖိတ်စာ ဖြစ်ကြောင်း တွေ့ရလေ၏။

ကျွန်ုပ်သည် မင်္ဂလာလက်ထပ်ပွဲ ဖိတ်စာကို ကြည့်ပြီး ရင်ထဲတွင် အရာတစ်ခု ဖြစ်ပေါ်လာ၏။ ထိုအရာသည် ကြည်နူးချမ်းမြေ့ခြင်းဆိုသည့် အရာပင်ဖြစ်ပေတော့သတည်း။

*သိမ်းပိုက်ခြင်းကင်းသော*

*မင်းမြတ်သူရ*



www.burmeseclassic.com